ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (3-1-2016) (၈၄၃၄)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ မြို့တော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီခွဲမှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အစားထိုးလဲလှယ်ပြေးဆွဲမည့် စက်ခေါင်းသစ်နှင့် လူစီးတွဲသစ်(၁၈)တွဲပါ ရထားတွဲဆိုင်းအား မန္တလေး-ရန်ကုန်လမ်းပိုင်း၌ စမ်းသပ်မောင်းနှင်ပြေးဆွဲ

သတင်း စာမျက်နှာ » ၃



မြစ်ဝကျွန်းပေါ်ဒေသ ကမ်းခြေအပန်းဖြေစခန်းများ ဖွံ့ဖြိုးမှုကျယ်ပြန့်လာ



ချောင်းသာကမ်းခြေအနီး သဲဖြူကျွန်းမြင်ကွင်းအလှကို တွေ့ရစဉ်။

အောင်ဝင်း(ဖျာပုံ)

တိုင်းဒေသကြီးများနှင့် ပြည်နယ် ၁၄ ခုအနက် ရောဝတီတိုင်းဒေသကြီးသည် ဆန်စပါးနှင့်ရေထွက်ကုန်ပစ္စည်း များစွာထွက်ရှိသည့်အတွက် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏အားထားရာ တိုင်းဒေသကြီးဖြစ်သည်။

ယခုအခါ ဆန်စပါးနှင့် ရေထွက်ကုန်ပစ္စည်းများကိုလည်း နှစ်စဉ်တိုးမြှင့်ထုတ်လုပ်ပေးနေသည့်အပြင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ၏ စိတ်ကိုဆွဲဆောင်မှုပေးနေသည့် ချောင်းသာနှင့် ငွေဆောင်ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ ပေါ်ပေါက်လာသည့်အပြင် ပွင့်လင်းရာသီတွင် ညောင်တုန်းမြို့နယ်မှ ညောင်ချောင်းသာအပန်းဖြေစခန်းများဖြစ်ပေါ်လာမှုတို့ကြောင့် ရောဝတီတိုင်းဒေသကြီးနှင့် ဆက်စပ်နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

ချောင်းသာနှင့်ငွေဆောင် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသည် ရာသီမရွေးသွားရောက်အပန်းဖြေလည်ပတ်နိုင်သည့်အတွက် ယခင်က ခက်ခက်ခဲခဲသွားလာခဲ့ရသည့် ယင်းဒေသများ၏ပုံရိပ်များကို ပြန်လည်မြင်ယောင်မိပါသည်။

၁၉၆၉ - ၁၉၇၀ ပြည့်နှစ်များက တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရောဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ် ဝဝန်မြစ်တစ်ဖက်ကမ်းတွင်ရှိကြသည့် ရွှေပြာ၊ ကလောခုံ၊ ဝါးဘိုး၊ ကျောက်ကြီး၊ ဆိတ်ကြီးနှင့် ဥတို စသည့် ကျေးရွာများ၊ ဥတိုမှ စက်လေဖြင့် ယခုအခါ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းအဖြစ် ပြည်တွင်း ပြည်ပ ခရီးသွားများဖြင့် အလွန်စည်ကားနေသည့် ချောင်းသာနှင့် ငွေဆောင်(ယခင်ဆိပ်မကမ်းခြေရွာ)များသို့ ရောက်ရှိခဲ့ဖူးသည်။

ထိုဒေသများသည် တစ်ချိန်က နယ်မြေဒေသလုံခြုံမှုမရှိသေး၊ လမ်းပန်းဆက်သွယ်ရေးကလည်း မဖွံ့ဖြိုးသေး၍ ကျေးလက်ဒေသများမှ ပြည်သူများ သွားလာမှုအလွန်ခက်ခဲခဲ့သည်။ ရန်ကုန်မြို့မပြောနှင့် တိုင်းမြို့တော် ပုသိမ်မြို့ကိုပင် သွားလာရန်မလွယ်ကူခဲ့ပေ။ ရွှေပြာကျေးရွာမှ ဥတိုကျေးရွာအထိ သစ်ထုတ်လုပ်ရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ကြေးမုံစာတည်းရုံးထောင် ၃-၁-၂၀၁၆၊ တနင်္ဂနွေနေ့

နှစ်သစ်နှင့် ကားအသစ်

ဒီမိုကရေစီအစိုးရသက်တမ်းကာလအတွင်း သိသာထင်ရှားသည့် အပြောင်းအလဲမှာ မိုဘိုင်းလ်ဖုန်းနှင့် မော်တော်ယာဉ်ဖြစ်သည်။ ယခင်က အဆမတန်စျေးကြီးပေး ဝယ်ယူအသုံးပြုခဲ့ရသော မိုဘိုင်းလ်ဖုန်းတစ်လုံးကို ယခုအခါ အလကားနီးပါး ဖောဖောသီသီသုံးစွဲခွင့်ရလာသည်။ လူတိုင်းနီးပါး ဖုန်းကိုင်နိုင်ခွင့်ရလာပြီး နေရာဒေသမရွေး အကြားအမြင်များလာသည်။

အလားတူ ယခင်က မော်တော်ယာဉ်ကောင်းကောင်းတစ်စီးကို ငွေကြေးကြွယ်ဝချမ်းသာသူ လူတစ်စုသာ ဝယ်စီးနိုင်ရာမှ မော်တော်ယာဉ်များအား ပြည်ပမှလွတ်လပ်စွာဝယ်ယူတင်သွင်းခွင့်ပြုခဲ့သောကြောင့် လူတိုင်းမဟုတ်သော်လည်း ငွေကြေးအသင့်အတင့်ရှိသူတို့ အလွယ်တကူဝယ်ယူစီးနင်းနိုင်ကြသည်။ ကောင်းသောအကျိုးရလဒ်အဖြစ် လူအများစုမှာ ကိုယ်ပိုင် မော်တော်ယာဉ်နှင့်ဖြစ်လာကြသည်။ နောက်ဆက်တွဲအကျိုးရလဒ်မှာမူ မော်တော်ယာဉ်အများဆုံး အသုံးပြုနေသည့် ရန်ကုန်မြို့ကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြစ်လာသည်။

ယာဉ်ကြောပိတ်ဆို့ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်မှာ အများပြည်သူတို့၏ ကိုယ်ပိုင်အချိန်များအား လမ်းမများပေါ်တွင် အချိန်ဖြုန်းပစ်လိုက်ရခြင်းဖြစ်သည်။ အခြားပြဿနာတစ်ခုမှာ ရန်ကုန်မြို့တွင်း၌ အဆိုပါကားများရပ်နားရန် ကားပါကင်အခက်အခဲရှိလာသည်။ နေ့စဉ်နှင့်အမျှ ကားရပ်နားရန်အတွက် နေရာလုမှုများ နေရာတိုင်းတွင်ရှိလာပြီး မကြာသေးမီက ကားပါကင်လုရာမှ လူသတ်မှုဖြစ်လာသည်အထိ ကျော်မကောင်းကြားမကောင်း အဖြစ်မျိုးနှင့် ကြုံတွေ့လာရသည်။

လောကတွင် အကောင်းနှင့်အဆိုးသည် အမြဲဒွန်တွဲနေသည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် အကောင်းများကို လုပ်ဆောင်ရာ၌ အဆိုးများ နည်းနိုင်သမျှ နည်းအောင်၊ အများအကျိုးအတွက် အကျိုးရှိနိုင်သမျှရှိအောင် ကြိုတင်မြော်တွေးစီမံဆောင်ရွက်ထားသင့်သည်။ ရောဂါကုထုံးကဲ့သို့ ရောဂါဖြစ်မှကုသခြင်းထက် မဖြစ်မီက ကြိုတင်ကာကွယ် ကုသထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

ယခုတစ်ဖန် မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒအသစ်များကို ပြောင်းလဲလုပ်ဆောင်လာသောအခါ မော်တော်ယာဉ်တင်သွင်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သောကိစ္စများတွင် လိုင်းဂယက်ထလာစေသည်။ ဘယ်မောင်း၊ ညာမောင်း တင်သွင်းခွင့်၊ နှစ်ကန့်သတ်ချက်ဖြင့် တင်သွင်းခွင့်များ သတ်မှတ်လိုက်သော အခါတွင် ကားလောကနှင့် အရောင်းအဝယ်စျေးကွက်ကို လှုပ်ခတ်စေသည်။

ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလျှော်ကာထားမှုတွင် ယာဉ်ဟောင်း ကားစလစ်စျေးနှုန်း ချက်ချင်းမြင့်တက်သွားသည်။ မော်ဒယ်အနိမ့်၊ အမြင့် အလိုက် ကားစျေးနှုန်းမှာလည်း ချက်ချင်းခုန်တက်သွားသည်။ စျေးနှုန်းများ ခုန်တက်သွားခြင်းမှာ အများပြည်သူအတွက် ရိုက်ခတ်မှုမရှိသော်လည်း မော်တော်ယာဉ်အရောင်းအဝယ် ပြုလုပ်သော လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုများရှိလာနိုင်သည်။

မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒအပြောင်းအလဲကြောင့် စျေးနှုန်းတက်ရာတွင် လက်ရှိဝယ်ယူထားသူများအဖို့ အမြတ်ထွက်နိုင်သော်လည်း လူလတ်တန်းစား မော်တော်ယာဉ်ဝယ်ယူစီးလိုသူများအတွက်လည်း တက်စျေးမိနိုင်သည်။ မော်တော်ယာဉ်မူဝါဒအပြောင်းအလဲတွင် စျေးနှုန်းအပြောင်းအလဲရှိနိုင်သောကြောင့် တက်စျေး၊ ကျစျေး မိသွားမည်ကို စိုးရိမ်သဖြင့် အဆိုပါ ကိုယ်ပိုင်မော်တော်ယာဉ်အသုံးပြုလိုသူများအတွက်လည်း တွန့်ဆုတ်မှုရှိလာနိုင်သည်။ ငွေကြေးပေါများသူအဖို့ မဆိုသာသော်လည်း အချို့ချွေးနဲစာဖြင့် ကိုယ်ပိုင်ယာဉ်စီးလိုသူများအတွက် အခက်အခဲများ ရှိကောင်းရှိလာနိုင်သည်။

ယခုမော်တော်ယာဉ်မူဝါဒအပြောင်းအလဲကြောင့် မော်တော်ယာဉ်လောကမှ ဆုည်သံများမှာ ယခုတလောမြင့်မားနေမည်မှာ အမှန်ဖြစ်သည်။ ကျွန်ုပ်တို့အဖို့ အများပြည်သူအကျိုးစီးပွားကို ဦးစားပေးကြည့်မည်ဆိုပါက ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းရေးကို မြော်တွေးနေမိမည်ဖြစ်သည်။ မော်တော်ယာဉ်များနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများပြုလုပ်ရာတွင် အများပြည်သူအကျိုးစီးပွားအတွက် ဦးစွာရှေးရှုပြီး ရောင်းရေး၊ ဝယ်တာကောင်းမွန်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါသည်။ ။

၂၀၁၅ အနောက်မြောက်လွင်ပြင်(မုံရွာ) ကပျာဆုပေးပွဲ ဇန်နဝါရီ (၇)ရက်တွင် ကျင်းပမည်


မုံရွာ ဇန်နဝါရီ ၂

၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိသော မဂ္ဂဇင်းများထဲမှ အနှစ်သက်ဆုံးကဗျာတစ်ပုဒ်ကိုရွေး၍ မုံရွာမြို့ဝန်းကျင် ကဗျာဆရာများ စုပေါင်းချီးမြှင့်သည့် ၂၀၁၅ ခုနှစ် အနောက်မြောက်လွင်ပြင်(မုံရွာ)ကဗျာဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မုံရွာမြို့နေ ကဗျာဆရာ မင်းဆွေနှစ်(မုံရွာ)ထံမှ သိရသည်။

၂၀၁၅ အနောက်မြောက်လွင်ပြင်(မုံရွာ)ကဗျာဆုကို အိုင်ဒီယာမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော"စာ"ကဗျာကို ရေးသည့် ဆရာခိုင်မြကျော်စွာက ရရှိကြောင်း သိရသည်။

ယခု ပေးအပ်ချီးမြှင့်မည့် ၂၀၁၅ အနောက်မြောက်လွင်ပြင် (မုံရွာ) ကဗျာဆုသည် ဒုတိယအကြိမ် ချီးမြှင့်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းက ၂၀၁၄ အနောက်မြောက်လွင်ပြင်(မုံရွာ)ကဗျာဆုပေးပွဲကို မုံရွာမြို့ ကွေ့ကြီးရပ်ကမ်းနားလမ်းမှ ဥယျာဉ်စားသောက်ဆိုင်တွင် ကျင်းပခဲ့ရာ ကဗျာဆရာ နှင်းခါးမိုးက ရရှိခဲ့ကြောင်း သိရသည်။

ကဗျာဆု ပေးအပ်ရန်အတွက် ကဗျာဆရာကြီးများဖြစ်သော ဆရာကိုသန်းထွန်း၊ ဆရာမောင်ဆေးရိုး၊ ဆရာမင်းဆွေနှစ်၊ ဆရာမောင်ဝိုလ်



လူ၊ ဆရာကြည်ဇော်အေးတို့က ၂၀၁၅ ခုနှစ်အတွင်း လစဉ်ထွက်မဂ္ဂဇင်းများထဲမှ ကဗျာများကိုဖတ်၍ ခံစားရမှု အားအပါဆုံးနှင့် ခေတ်ကို ထင်ဟပ်သော အနုပညာမြောက် ကဗျာတစ်ပုဒ်ကို ရွေးချယ်ကာ မုံရွာမြို့သလွာရပ်ကွက် အာရုဏ်ဦးစာကြည့်တိုက် ကော်မတီဝင်များနှင့် ကဗျာချစ်သူ၊ စာချစ်သူတို့ စုပေါင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကဗျာဆုပေးပွဲသို့ ပြီးခဲ့သည့်နှစ်က ရေဦး၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ ပျဉ်းမနား စသည့်မြို့များမှ ကဗျာဆရာ၊ စာရေးဆရာများ၊ ဝါသနာရှင်များ တက်ရောက်ခဲ့ကြသလို ယခုနှစ်တွင်လည်း ယခင်နှစ်ကထက်ပိုမို၍ ကဗျာအင်အား၊ စာအင်အားကောင်းရန် စီစဉ်နေကြောင်း မုံရွာကဗျာရပ်ဝန်းမှ သိရသည်။

"အရင်က မြန်မာနိုင်ငံ နေရာအတော်များများမှာ ကဗျာဆရာ၊ စာရေးဆရာတွေစုပြီး ကဗျာရွက်ပွဲ၊ စာရွက်ပွဲတွေ ကျင်းပခဲ့ကြတာ အခုအတွေးထဲရောက် အခုပျော်စရာပါ။ အဲဒီလို ကဗျာတွေ၊ စာတွေနဲ့ အခုခေတ်မျိုးဆက်သစ် ကဗျာဖန်ဆင်းရှင်လေးတွေ ခံစားချက်ကို ကဗျာစပ်ပြီး ရွက်နိုင်အောင် တစ်ဦးနဲ့တစ်ဦး တွေ့ဆုံပြီး အနုပညာအလုပ်တွေ ဖလှယ်ခွင့် ရအောင်ကြိုးစားနေတာပါ"ဟု ဆရာမင်းဆွေနှစ်က ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြန်ကောင်းလာသည့် ဖရဲသီးစျေးကွက်

နွားထိုးကြီး ဇန်နဝါရီ ၂

ယခုရက်ပိုင်း မလှိုင်၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာနှင့် မလှိုင်မြို့နယ်တို့မှ ထွက်ရှိသော ဖရဲသီးများကို မန္တလေး၊ မူဆယ်စျေးကွက်သို့ လှိုင်လှိုင် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ဖရဲသီးစျေးကောင်းနေ၍ တရုတ်စျေးကွက်သို့တင်ပို့ရန် တစ်ရက်လျှင် ဖရဲသီး တင်ဆောင်သည့် ၂၂ ဘီးယာဉ် ငါးစီးနှင့်အထက် မူဆယ်သို့တင်ပို့နေရကြောင်း သိရသည်။

၂၂ ဘီးယာဉ်တစ်စီးလျှင် ဖရဲသီး အလုံး ၁၀၀၀ အထက် တင်နိုင်ပြီး ကားဂိတ်ဖြတ်စျေး တစ်တန်လျှင် ခုနှစ်သိန်းခန့် ကားငှားခရကြေးပြီး တရုတ်စျေးကွက်တွင် ဖရဲသီးတစ်လုံး လျှင် ငွေကျပ် ၃၀၀၀ ကျော် ရသည်ဟု ဆိုသည်။

ဖရဲသီးကို ကတ်ထူပုံးဖြင့် တစ်ပုံး တစ်လုံးကျ ထုပ်ပိုးပြီး တရုတ်စျေးကွက်တင်ခြင်းကြောင့် ဖရဲသီးပုံးများနှင့် ကားစင်းလုံးလိုက်၊ အတွဲလိုက် နေ့စဉ် ပို့နေရသဖြင့် ဒေသခံဖရဲစိုက်တောင်သူများ အလုပ်ဖြစ်နေကြကြောင်း သိရသည်။

ခင်ဇာမွန်မြင့်

စာအုပ်
စာပေ
လူမိုတ်ဆွေ



ဝါရင့်ပန်းချီဆရာကြီး ၁၆ ဦး ပါဝင်ရေးဆွဲထားသော ဆောင်းအမှတ်တရ ပန်းချီပြပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၂

ပန်းချီဦးမိုးမြင့်ထွန်း (ပန်းချီ-မိုးဦး) စီစဉ်သည့် ဝါရင့်ပန်းချီဆရာကြီး ၁၆ ဦး ပါဝင်ရေးဆွဲထားသော ဆောင်းအမှတ်တရ ပန်းချီပြပွဲအမှတ်(၁)ကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မန္တလေးတောင်ခြေရှိ မန္တလေးတောင် ပန်းချီပြခန်း (Mandalay Hill Art Gallery)တွင် ကျင်းပခဲ့သည်။


အဆိုပါ ပန်းချီပြခန်းဖွင့်ပွဲတွင် ဆရာကြီး ဦးဇော်ဝင်း၊ ဆရာကြီး ဦးမာလာ၊ ဆရာကြီး ဦးလှထွန်း၊ ဆရာကြီး ဦးခင်မောင်ဆန်းတို့က ပန်းချီပြပွဲအတွက် ပန်းချီရေးဆွဲရခြင်းနှင့် ပန်းချီနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ ဗဟုသုတများကို ပြောကြားသည်။

ဆက်လက်၍ ဆောင်းအမှတ်တရ ပန်းချီပြပွဲ အမှတ်(၁)ဖြစ်မြောက်အောင် ပွဲစီစဉ်သူ ဦးမိုးမြင့်ထွန်း (ပန်းချီ-မိုးဦး)က ယခုပွဲဖြစ်မြောက်အောင် စီစဉ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယခုပွဲပြီးလျှင် လူကြီး၊ လူငယ် စုံလင်စွာပါဝင်သည့် ဆောင်းအမှတ်တရ ပန်းချီပြပွဲကို ဆက်လက်ကျင်းပမည်ဟုလည်း ပြောသည်။ ဇန်နဝါရီ ၁၅ ရက်တွင် ပန်းချီလွင်လွင်ကျော်၏ ပန်းချီပြပွဲကျင်းပမည်ဟုလည်း သိရသည်။

ယခု ဆောင်းအမှတ်တရပန်းချီပြပွဲ(၁)တွင် ပါဝင်ရေးဆွဲသည့် ပန်းချီဆရာကြီးများမှာ ဝါရင့်ပန်းချီဆရာကြီးများဖြစ်သည့် ဆရာဦးခင်မောင်ဆန်း၊ ဆရာအောင်သန့်၊ ဆရာဦးမာလာ၊ ဆရာဦးလွင်သိန်း၊ ဆရာတင်ဌေးအောင်၊ ဆရာဦးစိုးဝင်း၊ ဆရာဦးမြင့်ထိုက်၊ ဆရာဦးမြင့်ကျော်ထက်၊ ဆရာဦးစိုးဝင်းအောင်၊ ဆရာပြင်ဦးလွင် ဦးမြင့်ထွန်း၊ ဆရာဦးခင်မောင်သန့်၊ ဆရာဦးဇော်ဝင်း၊ ဆရာဦးလှထွန်း၊ ဆရာဦးလူမော်၊ ဆရာဦးမင်းလွင်နှင့် ဆရာဦးမိုးမြင့်ထွန်းတို့ ပါဝင်ရေးဆွဲထားသည်ဟု သိရသည်။

အဆိုပါ ပန်းချီပြခန်းကို ဇန်နဝါရီ ၁ ရက်မှ ၇ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသထားမည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)



ကြေးမုံ
နေ့စဉ်သတင်းစာ

ပြည်တွင်းရေးရာ

ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ တစ်နေ့လျှင် တန်(၆၀)ကျ သတင်းစာစက္ကူစက်ရုံ စမ်းသပ်လည်ပတ်

နေပြည်တော် ဇန်နဝါရီ ၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအနီး အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တစ်နေ့တန်(၆၀)ကျ သတင်းစာစက္ကူစက်ရုံ သာပေါင်းစီမံကိန်းသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စီမံကိန်းဒါရိုက်တာက စက်ရုံဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တစ်နေ့တန်(၆၀)ကျ သတင်းစာစက္ကူရုံ(သာပေါင်း)စီမံကိန်း Final Acceptance Certificate (FAC) ပေးနိုင်ရန် Test Run ပြုလုပ်နိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ စက်ရုံအတွက် လိုအပ်သောရေအား အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ သွယ်တန်း၍ အသုံးပြုနေရသဖြင့် Water Intake အား အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံအား FAC ပေးပြီးသည်နှင့် Jetty နှင့် Water Intake ပြီးစီးရန်လိုကြောင်း၊ FAC ပေးနိုင်ရန် Test Run ပြုလုပ်နေစဉ်အတွင်း သဘာဝဓာတ်ငွေ့လိုအပ်သည့်ပမာဏ အပြည့်အဝရရှိရေး စွမ်းအင်ဝန်ကြီးဌာနနှင့် ထပ်မံညှိနှိုင်းထားရန်လိုကြောင်း၊ စီမံကိန်းအား စာချုပ်ပါအချက်အလက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ စက္ကူစက်ရုံသည် သစ်နှင့်ဝါးများကိုအခြေခံ၍ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ သတင်းစာစက္ကူလိုအပ်ချက် မြင့်မားလျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလမှာပင် Unit Cost တစ်တန်ထုတ်လုပ်မှု ကုန်ကျစရိတ် တွက်ချက်ထားရန်လိုကြောင်း၊ သတင်းစာစက္ကူစျေးကွက်ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ပစ္စည်းများသည် စျေးကွက်တွင် အရည်အသွေးနှင့်စျေးနှုန်းတို့တွင် ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်ပစ္စည်းများ ကုန်အောင်ရောင်းချနိုင်မှသာ အကျိုးအမြတ်ရရှိမည်ဖြစ်၍ ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံဧည့်လျှောက် ဌာနနှင့် နိုင်ငံတော်၏ အကျိုးစီပွားများဆုံးရှုံးခြင်းဖြစ်၍ တာဝန်ရှိသူအသီးသီးက ပြင်းပြသော စိတ်ဓာတ်ဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ သာပေါင်းစက်ရုံရှိဝန်ထမ်းများ၏ လုပ်ငန်းအပေါ် ခင်တွယ်မှု၊ စိတ်ဝင်စားမှု၊ ညီညွတ်မှုနှင့် တက်ကြွစွာလုပ်ကိုင်ဆောင်ရွက်နေမှုအား အသိအမှတ်ပြုပါကြောင်းနှင့် စက်ရုံကြီး အစဉ်လည်ပတ်ရှင်သန်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရန် မှာကြားခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Power Plant တွင် Main Control ခန်းမှ ဘွိုင်လာများစမ်းသပ်လည်ပတ်မှု၊ ကုန်ကြမ်း သစ်ဝါးဖြတ်စက်၊ ပျော့ဖတ်ထုတ်လုပ်ရေး စက်ရုံခွဲ(CTMP)နှင့် Paper Making Work Shop တို့တွင် စက်များစမ်းသပ်လည်ပတ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

လူဦးရေပိုမိုများပြားလာခြင်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာသည့်အတွက် လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့တော်များမှလည်း သက်ဆိုင်ရာမြို့တော်သတင်းစာများ ထုတ်ဝေဖြန့်ချိလာသည့်အပြင် ထပ်မံတိုးချဲ့ထုတ်ဝေလာမည့် ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာစောင်များတွင်လည်း တွင်ကျယ်စွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ပို့လျှံသော သတင်းစာစက္ကူများကို နိုင်ငံခြားသို့တင်ပို့၍ ရောင်းချခြင်းဖြင့်လည်းကောင်း၊ လက်ရှိတင်သွင်းနေသည့် သတင်းစာစက္ကူကို အစားထိုးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ တစ်နေ့တန်(၆၀)ကျ သတင်းစာစက္ကူစက်ရုံစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*** ရွှေဖုံမှ**

တောင်ပေါ်မြေသား ကားလမ်းဖောက်လုပ်လျက် သစ်ထုတ်လုပ်ရေးမှ ကားကြီးများသွားလာခဲ့သည်။ နိုင်ငံတဝန်းဖြင့် သွားလာလိုသူများ သစ်ထုတ်လုပ်ရေးမှ ကားကြီးများနှင့် တပ်မတော်လုံခြုံရေး အကူအညီရယူလျက် ရှောပြာကျေးရွာမှ ဥတိုကျေးရွာအထိ အခက်အခဲများစွာဖြင့်သွားလာခဲ့ရသည်။ မိုးတွင်း၌ ကားလမ်းပေါ် သစ်ပင်များလဲကျခြင်းနှင့် တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းပျက်သွားသဖြင့် ခြေကျင်ခရီးဆက်ခဲ့ရသည်များလည်း ကြုံခဲ့ရသည်။

ယခင်နှစ် ဒီဇင်ဘာ နောက်ဆုံးပတ်ရက်များက ပုသိမ်-ရှောပြာ မြစ်ကူးတံတားနှင့် ဥတို-ချောင်းသာ ချောင်းကူးတံတားများပေါ်မှ ကားဖြင့်ဖြတ်သန်းပြီး ချောင်းသာနှင့် ငွေဆောင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဆီသို့ ရောက်ရှိခဲ့ရာ ချောင်းသာနှင့်ငွေဆောင်ဒေသများ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ချောင်းသာနှင့်ငွေဆောင်ကို အခြေခံပြီး ပတ်ဝန်းကျင်ကျေးရွာများသည်လည်း လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အအုံ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည်များကို တွေ့ရှိခဲ့ရသည်။

နယ်မြေဒေသလုံခြုံမှုရှိလာသဖြင့် ရှောပြာ-ချောင်းသာကားလမ်းတစ်လျှောက်တွင်လည်း ရော်ဘာစိုက်ပျိုးရေးခြံများ၊ တစ်ခြိန်က သဘာဝအလျောက်ပေါက်ရောက်သည့် သစ်မာနှင့် အခြားသစ်ပင်များသာ ရှိခဲ့သော်လည်း ယခုအခါ သစ်မာစိုက်ပျိုးပင်များကိုပါ တွေ့မြင်နေရပြီဖြစ်သည်။

ချောင်းသာမှ ဒေသခံ အုန်းခြံပိုင်ရှင်တစ်ဦးက ကမ်းခြေ အပန်းဖြေစခန်းမဖြစ်ခင်က ဒေသမှ ထွက်ရှိသည့် အုန်းသီးနှင့် ရေထွက်ကုန်ပစ္စည်းများစျေးကောင်းမရရှိခဲ့၍ စီးပွားရေးမဖွံ့ဖြိုးခဲ့ကြောင်း၊ ကမ်းခြေအပန်းဖြေစခန်းဖြစ်လာမှ အမြင်ကျယ်လာပြီး ဘက်စုံဖွံ့ဖြိုးလာကြောင်း၊ အဓိကအနေဖြင့် ပုသိမ်မြို့နှင့် ရန်ကုန်မြို့များသို့ နေ့ချင်းပြန်ခရီးသွားရောက်နိုင်ပြီး ဖုန်းဆက်သွယ်မှု ကောင်းမွန်သဖြင့် အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက် လာခြင်းဖြစ်ကြောင်း ပြောပြသည်။

ရခိုင်ပြည်နယ် သံတွဲမြို့ ပေလီအပန်းဖြေစခန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားသော်လည်း ရန်ကုန်မြို့နှင့် အလှမ်းကွာဝေးသဖြင့် အချိန်ကာလကြန့်ကြာခြင်း၊ သွားလာနေထိုင်မှုနှင့် စားသောက်စရိတ်များများစွာကုန်ကျသဖြင့် ရန်ကုန်မြို့နှင့် မနီးမဝေးတွင် တည်ရှိနေပြီး ပုသိမ်မြို့မှ ၃၅ မိုင်သာ ကွာဝေးသည့် ချောင်းသာနှင့်ငွေဆောင် အပန်းဖြေစခန်းများဆီသို့ ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုများပြားစွာလာရောက် အပန်းဖြေနေသည်ကို တွေ့မြင်ခဲ့ရသည်။

ချောင်းသာအပန်းဖြေစခန်းတွင် လူတစ်ဦး တည်းခိုခန်းခ ရေမီးအစုံ အနည်းဆုံး ကျပ်တစ်သောင်းနှင့်အထက် ရှိနေပြီး စားသောက်မှုအတွက် မြန်မာ့အစားအစာ၊ ပင်လယ်စာနှင့် တရုတ်အစားအစာ စျေးနှုန်းများ ချိုသာသည်။ ပင်လယ်ထွက်ပစ္စည်းများဖြစ်သည့် ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးပိနှင့် ဒေသထွက် အမှတ်တရပစ္စည်းများ ဝယ်ယူရရှိနိုင်သည်။ ကမ်းခြေပတ်ဝန်းကျင် လေ့လာရန် စက်ဘီး၊ ဆိုင်ကယ်နှင့် မြင်းစီးလိုသူများအတွက် ငှားရမ်းသူများ အသင့်ရှိနေသည်။

ချောင်းသာအပန်းဖြေစခန်းနှင့် မလှမ်းမကမ်းတွင် ရှိနေကြသည့် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်း၊ ငှက်ကျွန်း၊ ကျောက်မောင်နှမ၊ ငါးအလှခွေးပြခန်း၊ ဒီပါအေးမြ မဟာနဂါးရုံမြတ်စွာဘုရားစသည့် လေ့လာကြည့်ရှုစရာများအပြင် ချောင်းသာအပန်းဖြေစခန်းမှ ငွေဆောင် အပန်းဖြေစခန်းနှင့် ချစ်သူများကျွန်းဆီသို့ ဆိုင်ကယ်နှင့် စက်လေ့များဖြင့် နေ့ချင်းပြန် သွားရောက်အပန်းဖြေလည်ပတ်နိုင်သည်။

ချောင်းသာနှင့်ငွေဆောင်ကမ်းခြေများသို့ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် နေ့ရောညပါ လာရောက်အပန်းဖြေသူများပြားပြီး အခြားနေ့များတွင် လူနည်းတတ်ကြောင်းနှင့် နှစ်စဉ်သင်္ကြန်အပြီးတွင် လှိုင်းလေထန်သဖြင့် စက်လှေနှင့်သွားရောက်လည်ပတ်ရမည့်နေရာများ ပိတ်သိမ်းကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တစ်ချိန်က တိုင်းမြို့တော် ပုသိမ်နှင့် မိုးတွင်းတွင် အဆက်အသွယ်ပြတ်တောက်ပြီး ပွင့်လင်းရာသီတွင်ပင် ခက်ခဲစွာ သွားလာခဲ့ရသည့် ပင်လယ်ကမ်းခြေဒေသများမှာ ယခုအခါ နိုင်ငံတော်က တံတားကြီးငယ် အသွယ်သွယ် တည်ဆောက်ပေးပြီး ကတ္တရာလမ်း၊ ကျောက်လမ်းနှင့် မြေသားလမ်းများ ဖောက်လုပ်ပေးထားသဖြင့် ခရီးဝေးသော်လည်း အလှမ်းမဝေးတော့သည့်အပြင် ကျေးရွာအဆင့်မှ ချောင်းသာမြို့နယ်ခွဲ၊ ငွေဆောင်မြို့နယ်ခွဲ၊ ရွှေသောင်ယံမြို့နယ်ခွဲနှင့် ဂရုတ်ကောင်းမြို့နယ်ခွဲစသည်ဖြင့် မြို့ပြအဆင့် တိုးမြှင့်ပေးထားသဖြင့် ဒေသခံပြည်သူများအတွက် ရုပ်ပိုင်းအပြင် စိတ်ပိုင်းဆိုင်ရာတို့ပါ ဖွံ့ဖြိုးလာပြီး ယခင်နှင့်ယခုမျက်မြင်အခြေ အနေများသည်ကား ပြောမယုံ ကြုံဖူးမှသိဆိုသကဲ့သို့အိပ်မက်လေလားဟုပင် တွေးထင်မှားလောက်ပေသည်။

ရွှေဘိုဒေသ၌ မိုးစပါးအထွက်နှုန်းကောင်းပြီး စျေးကောင်းရနေ၍ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများ တာဝန်သိစွာဖြင့် ပေးဆပ်နေ

ရွှေဘို ဇန်နဝါရီ ၂

ရွှေဘိုခရိုင်ဒေသ၌ မိုးစပါးအထွက်နှုန်းကောင်းပြီး စျေးကောင်းရနေ၍ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများ တာဝန်သိစွာဖြင့် လာရောက်ပေးဆပ်နေကြကြောင်း အဆိုပါဒေသရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

ယင်းဒေသသည် ရွှေဘိုပေါ်ဆန်းစပါးကို အများဆုံးစိုက်ပျိုးထားရာ အဆစ်ပိုး၊ ဖြုတ်ပိုးများ ကျရောက်ဖျက်ဆီးမှု အနည်းအငယ်သာ ရှိခဲ့သော်လည်း စပါးအထွက်နှုန်း ထိခိုက်မှုမရှိစေဘဲ တစ်ဧကအထွက်နှုန်း တင်း ၆၀ ကျော် ၈၀ နီးပါး ရရှိနေကြောင်း၊ စပါးရိတ်သိမ်းနေစဉ် စပါးစျေးမှာ တင်းတစ်ရာလျှင် ငွေကျပ်ကိုးသိန်းကျော် ကိုးသိန်းခွဲစျေးဖြင့် မကြုံစဖူး အမြင့်ဆုံးစျေးနှင့် အရောင်း အဝယ်ဖြစ်နေကြကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်မှာ ၂၀၁၅ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ကိုးသောင်းကျော်ကို ထုတ်ချေးပေးထားခဲ့ရာ ဇန်နဝါရီ ၁ ရက်ထိ တောင်သူများ လာရောက်ပေးဆပ်မှုမှာ ငွေကျပ် သိန်းပေါင်း လေးရာကျော် လက်ခံရရှိနေပြီဖြစ်တဲ့အတွက် တာဝန်သိစွာပေးဆပ်ခဲ့ကြတဲ့ တောင်သူတွေကိုကျေးဇူးတင်ပါတယ်။ ကျန်ရှိနေသေးတဲ့ တောင်သူတွေကလည်း လာမယ့် ဇန်နဝါရီ ၁၅ ရက်ကိုနောက်ဆုံးထားပြီး တာဝန်သိပေးဆပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်"ဟု ခင်ဦးမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဘိုခရိုင်ဒေသ၌ ၂၀၁၆ မိုးကြို(နွေစပါး)ကို သဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေကေပေါင်း သုံးသိန်းခန့် စိုက်ပျိုးရန် လျာထားကြောင်း၊ မိုးကြို(နွေစပါး) စိုက်ပျိုးကြမည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ရာ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ တာဝန်ကျအောင်ပေးဆပ်ကြသည့် တောင်သူများကိုသာ မိုးကြို(နွေစပါး) စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို လာမည့် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ တာဝန်သိစွာ ပေးဆပ်၍ မိုးကြို(နွေစပါး) စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးသွားရန်အတွက် ငွေချေးလျှောက်လွှာ အမှုတွဲကို ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ တင်ပြတောင်းခံရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

(ရောင်နီတင်ဝင်း)

အစားထိုးလဲလှယ်ပြေးဆွဲမည့် စက်ခေါင်းသစ်နှင့် လူစီးတွဲသစ်(၁၈)တွဲပါ ရထားတွဲဆိုင်းအား မန္တလေး- ရန်ကုန်လမ်းပိုင်း၌ စမ်းသပ်မောင်းနှင်ပြေးဆွဲ

နေပြည်တော် ဇန်နဝါရီ ၂

ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ စီးနင်းနိုင်ရန်အတွက် အမှတ်(၅) အဆန်၊ အမှတ်(၆)အစုန် ရထားတွဲဆိုင်းများတွင် အစားထိုးလဲလှယ်ပြေးဆွဲမည့် စက်ခေါင်းသစ်နှင့်လူစီးတွဲသစ်(၁၈) တွဲပါ ရထားတွဲဆိုင်းများသည် ယနေ့နံနက် ၅ နာရီ၃၅ မိနစ်တွင် မန္တလေးဘူတာမှ စတင်စမ်းသပ်မောင်းနှင်သည်။

အဆိုပါ စမ်းသပ်မောင်းနှင်သည့် တွဲဆိုင်းသစ်တွင် မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းဦး ဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ အရာထမ်းများ လိုက်ပါဆောင်ရွက်ခဲ့သည်။

အဆိုပါ စက်ခေါင်းနှင့် လူစီးတွဲသစ်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Southern Railways (CSR) ၏ Sifang Co.,Ltd. မှ ထုတ်လုပ်ပြီး လေအိတ်များ တပ်ဆင်ထားသဖြင့် ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများ သက်သာ၍ ရထားစီးခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်တော့မည်ဖြစ်သည်။

စက်ခေါင်းသစ်များသည် ကွန်ပျူတာထိန်းချုပ်စနစ်များ တပ်ဆင်ထားသည့် အဆင့်မြင့်စက်ခေါင်းများဖြစ်သဖြင့် မြေပြန့်လမ်းပိုင်းသာမက တောင်ပေါ်လမ်းပိုင်းများတွင်လည်း အသုံးပြုပြေးဆွဲနိုင်မည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sifang Co., Ltd. မှ လူစီးတွဲသစ် ၆၀ မှာယူထားပြီး အပြီးသတ်တည်ဆောက်ပြီးသည့် လူစီးတွဲသစ်(၃၉)တွဲအနက် ယခု(၁၈)တွဲသည် ပထမအသုတ်အဖြစ် စမ်းသပ်မောင်းနှင်ခြင်းဖြစ်သည်။ ဒုတိယအသုတ်အဖြစ် လူစီးတွဲသစ်(၁၀)တွဲသည် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိနေပြီး ကျန်ရှိသည့်လူစီးတွဲသစ်(၁၁)တွဲသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ဇန်နဝါရီ ၂၀ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်သည်။

အဆိုပါ စမ်းသပ်မောင်းနှင်သည့် လူစီးတွဲသစ်များအား ဇန်နဝါရီ တတိယပတ်တွင် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ ပြေးဆွဲနေသည့် အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန် ရထားတွဲဆိုင်းများတွင် ခရီးသွားပြည်သူများ အဆင်ပြေသက်သာစွာစီးနင်းနိုင်ရေးအတွက် အစားထိုးလဲလှယ်ပြေးဆွဲသွားမည်ဖြစ်ပြီး ရထားတွဲဆိုင်းများတွင် အထူးတွဲစောင့်များကိုလည်း ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား JICA အဖွဲ့နှင့် မြန်မာ့မီးရထား အင်ဂျင်နီယာများနှင့်ပူးပေါင်း၍ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပြီးစီးသွားပါက ရထားအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၁၀ နှုန်းဖြင့် ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့မီးရထား)

ပန်ကျပ်ပြည်နယ်ရှိ အိန္ဒိယလေတပ်အခြေစိုက်စခန်းတိုက်ခိုက်ခံရ သေနတ်သမား လေးဦးနှင့် အိန္ဒိယလေတပ်သားနှစ်ဦးသေဆုံး



နယူးဒေလီ ဇန်နဝါရီ ၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ အိန္ဒိယလေတပ်အခြေစိုက်စခန်းတစ်ခုတွင် ဇန်နဝါရီ ၂ ရက်က တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သေနတ်သမားလေးဦး ထက်မနည်းနှင့် အိန္ဒိယလေတပ်(အိုင်အေအက်ဖ်)မှ တပ်သားနှစ်ဦး သေဆုံးသွားကြောင်း အိန္ဒိယအစိုးရပိုင် အသံလွှင့်ဌာနအေအိုင်အာရ်က ပြောကြားသည်။ ပန်ဂျပ်ပြည်နယ်သည် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတကာနယ်စပ်နှင့် နီးကပ်စွာတည်ရှိနေသည့် ပြည်နယ်ဖြစ်သည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၏ မြောက်ဘက်ကီလိုမီတာ ၄၃၀ အကွာရှိ ပါသန်ကော့တ် လေတပ်အခြေစိုက်စခန်းအတွင်း၌ ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

တိုက်ခိုက်မှုအတွင်း၌ သေနတ်သမားလေးဦးနှင့် အိန္ဒိယလေတပ်သားနှစ်ဦး သေဆုံးသွားပြီး အခြားလုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦးမှာ ဒဏ်ရာများရရှိသွားကြောင်းအေအိုင်အာရ်က ပြောကြားသည်။ ယင်းစခန်းအား တိုက်ခိုက်ခဲ့သည့်သေနတ်သမားအရေအတွက်ကို လတ်တလောတွင် အတိအကျမသိရှိရသေးသော်လည်း လေးဦးမဂါးဦးအထိပါဝင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယုံကြည်ထားသည်။

လေတပ်စခန်းအတွင်းရှိ ရဟတ်ယာဉ်များနှင့် အခြားစစ်ဘက်အသုံးအဆောင်များမှာ လုံခြုံစိတ်ချစွာရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ပြောက်အိုးဖောက်ရာမှ မီးလောင်မှုဖြစ်ပွား



မနီလာ ဇန်နဝါရီ ၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇန်နဝါရီ ၁ ရက် နံနက်အစောပိုင်းက နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် ပြောက်အိုး ဖောက်ကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၃၈၀ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ မြို့တော်မနီလာရှိ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုတွင် အရက်သောက်ထားသူ တစ်ဦးက ဆော့ကစားရန် တားမြစ်ထားသည့် ပြောက်အိုးတစ်ခုကို မီးညှိပြီး အဝေးသို့လွှတ်တင်ခဲ့ရာ ပြောက်အိုးကျရောက်ခဲ့သည့်နေရာအနီးတွင် ရှိနေသော လူတစ်ဦးကို ထိမိရာ အဆိုပါလူ၏ မေးရိုးစုတ်ပြဿားပြီး ယင်းဒဏ်ရာကြောင့် သေဆုံးခဲ့ရသည်။ ထို့ပြင် ပြောက်အိုးပေါက်ကွဲမှုကြောင့် ဆင်ခြေဖုံးရပ်ကွက်ရှိ လူနေအိမ်တစ်ထောင်ကျော် မီးလောင်ဆုံးရှုံးခဲ့ရသည်။

ယင်းဖြစ်ရပ်ဆိုးကြောင့် အိမ်ထောင်စုသုံးထောင်ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးလောင်မှုများကြောင့် ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေးအဖွဲ့များက နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ပြည်သူများက နှစ်သစ်ကူးအခါသမယတွင် ဆူညံသံများပြုလုပ်ခြင်းသည် ကံဆိုးမိုးမှောင်ကျရောက်ခြင်းကို ခုခံကာကွယ်နိုင်သည်ဟု ရိုးရာဓလေ့များလက်ကိုင်ထားပြီး ပြောက်အိုးများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ကစားကာ နှစ်သစ်ကိုကြိုဆိုကြသည်။ သို့သော် မီးရှူးမီးပန်းများနှင့် ကစားခြင်းကြောင့် နှစ်စဉ် မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသည်။

အင်နှအိတ်ချ်ကေ။

ဒုံးကျည်ပြင့် ပစ်ခတ်မှုကို လက်တုံ့ပြန် အစွန်ရေးစစ်လေယာဉ်များ ဂါဇာတွင်စီးနင်းတိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၂

အစွန်ရေးစစ်လေယာဉ်များသည် ဇန်နဝါရီ ၂ ရက်က ဂါဇာကမ်းမြောင်ဒေသအတွင်းရှိ အစ္စလာမ္မစ်ဟားမားစ်လှုပ်ရှားမှုအဖွဲ့ပိုင် စစ်ရေးပစ်မှတ်များကို လေးကြိမ်ဆက်တိုက် တိုက်ခိုက်ခဲ့ကြောင်း ဟားမားစ်လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများနှင့် မျက်မြင်တွေ့ခဲ့သူများက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဂါဇာစီးတီးနှင့်မြောက်ပိုင်း ဂါဇာကမ်းမြောင်ရှိ ဟားမားစ်လက်နက်ကိုင်တပ်ဖွဲ့ ကွာဆမ်အဖွဲ့ပိုင် လေ့ကျင့်ရေးသင်တန်းကျောင်းနှစ်ကျောင်းအား အစွန်ရေးစစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း ဟားမားစ်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာမြို့၏အရှေ့တောင်ဘက်ဒေသနှင့် ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ အခြားပစ်မှတ်တို့ကိုလည်း အစွန်ရေးစစ်လေယာဉ်များက တိုက်ခိုက်ခဲ့သည်ဟု ဟားမားစ်တာဝန်ရှိသူများက ပြောကြားသည်။အစွန်ရေးတို့၏လေကြောင်းစီးနင်း တိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများမရှိကြောင်း ကျန်းမာရေးဌာနတာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီ ၂ ရက်အစောပိုင်းက ဂါဇာဒေသတွင်းမှ အစ္စရေးပိုင်နက်တွင်း သို့ ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းကို အလျင်အမြန်လက်တုံ့ပြန်ကာ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်၏ပြောကြားချက်ကို ကိုးကား၍ အစ္စရေးပြည်သူပိုင်အသံလွှင့်ဌာနက ပြောကြားသည်။ ဒုံးကျည်ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးမှု သို့မဟုတ် ဒဏ်ရာရရှိမှုမရှိဟုယင်း အသံလွှင့်ဌာနက ပြောကြားသည်။

ဆင်ဟွာ။

၂၀၁၅ ခုနှစ်အတွင်း ဆီးရီးယားပြည်တွင်းစစ်ကြောင့် လူ ၅၅၀၀၀ ကျော်သေဆုံး

ဒမတ်စကတ် ဇန်နဝါရီ ၂

၂၀၁၅ ခုနှစ်အတွင်း ဆီးရီးယားနိုင်ငံပြည်တွင်းစစ်ကြောင့် သေဆုံးခဲ့သူ အရေအတွက် ၅၅၀၀၀ ကျော်ရှိခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ်လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့ကြောင်းသိရသည်။

သေဆုံးသူအများစုမှာ အကြမ်းဖက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် လူအခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေဆုံးသူများမှာ အစိုးရတပ်ဖွဲ့ဝင်များ အပါအဝင် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် အခြားသောလက်နက်ကိုင်အဖွဲ့များမှ တိုက်ခိုက်ရေးဆင်နွှဲသူများဖြစ်သည်။ သို့သော် ၁၃၀၀၀ ကျော်သည် အရပ်သားများဖြစ်ပြီး ယင်းတို့အနက် ၂၆၀၀ ဝန်းကျင်သည် ကလေးငယ်များဖြစ်ကာ ၁၉၀၀ ကျော်သည် အမျိုးသမီးများဖြစ်သည်။ ဆီးရီးယားပြည်တွင်းစစ်စတင်ခဲ့သည့် အခိုနှ် ၂၀၁၁ ခုနှစ်ကစပြီး ယခုအခါနှ်ထိ လူပေါင်း ၂၆၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အဆိုပါအဖွဲ့က ဆိုသည်။

ဆီးရီးယားပြည်တွင်းစစ်တွင် ပါဝင်သည့်အဖွဲ့များမှာ ဆီးရီးယားအစိုးရ၊ အစိုးရဆန့်ကျင်ရေးအဖွဲ့များ၊ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အခြားလက်နက်ကိုင် အဖွဲ့တို့ဖြစ်သည်။ အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့နှင့် ရုရှားအဖွဲ့များက ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲလျက်ရှိသည်။ သို့သော် အမေရိကန်နှင့် ရုရှားတို့က ဆီးရီးယားပြည်တွင်းစစ်တွင် သဘောထားကွဲလွဲပြီး ဆန့်ကျင်ဘက်အဖွဲ့များကို ထောက်ပံ့ပေးလျက်ရှိသည်။

အင်နှအိတ်ချ်ကေ။

ဆော်ဒီအာရေဗျနိုင်ငံတွင် အကြမ်းဖက်သမား ၄၇ ဦးကို ကွပ်မျက်

ရီယတ် ဇန်နဝါရီ ၂

ဆော်ဒီအာရေဗျ နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမား ၄၇ ဦးကို ယနေ့ ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျ ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကိုကိုးကားပြီး ဆော်ဒီသတင်းဌာနက ဖော်ပြခဲ့သည်။

အစွန်းရောက်ဘာသာရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့် နိမာအယ်နိမာ အပါအဝင် သေဒဏ်စီရင်ခြင်းခံခဲ့ရသည့်အကြမ်းဖက်သမား အများစုသည် ဆော်ဒီလူမျိုးများ ဖြစ်သည်။ ယင်းတို့သည် ၂၀၀၃-၂၀၀၆ ခုနှစ်များအတွင်း အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ဝင်များအဖြစ်ပါဝင်ခဲ့ပြီး နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်။



အစွန်းရောက်ဘာသာရေးခေါင်းဆောင် နိမာအယ်နိမာ။

အစွန်းရောက်ဘာသာရေးခေါင်းဆောင် နိမာအယ်နိမာသည် ၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ၏ နောက်ကွယ်က ကြိုးကိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံနှင့် ပြည်သူများ၏ အသက်နှင့်စည်းစိမ်ကို ခြိမ်းခြောက်သော အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည့် မည်သည့်အဖွဲ့အစည်းမဆို တရားဥပဒေနှင့်အညီ စီရင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

အစွန်လာမ္မစ်နိုင်ငံ ထူထောင်ရေးအိုင်အက်စ် စစ်သွေးကြွအဖွဲ့ခွဲများက ဆော်ဒီအာရေဗျနိုင်ငံအတွင်း အကြမ်းဖက်မှုများ မကြာခဏကျူးလွန်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

❍ ကျောဖုံးမှ

ဦးသန်းထွန်း [ပရောဂျက်မန်နေဂျာ(မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း)] လ/ထည္ဆန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန

ဒီမြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းဟာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးကို အဓိကထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ပြီးတော့ ကျောက်ဆည် ဆည်ရေသောက် ဧရိယာ ရှစ်သောင်းကျော်ကိုလည်း ရေလုံလောက်စွာပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လိုအပ်လျက်ရှိတဲ့ လျှပ်စစ်ကိုလည်း ထောက်ကူပေးသွားနိုင်မှာဖြစ်ပြီး တည်ဆောက်နေစဉ် ကာလတုန်းကလည်း ဒေသခံပြည်သူတွေအနေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိခဲ့ပါတယ်။ ကျောက်ဆည် ဇော်ဂျီရေသောက်ဧရိယာအတွင်း ရေကြီးနစ်မြုပ်မှုကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်တာကြောင့် ဒီဆည်တည်ဆောက်ရခြင်းဟာ အကျိုးကျေးဇူးများပါတယ်။ နောင်ကို ဒီလို စက်ရုံတွေကို နိုင်ငံခြားသား အကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများဖြင့်သာ



ဦးကျော်နိုင်



ဦးလှမော်



ဦးသန်းထွန်း



ဦးတင်မြင့်ထွန်း



ဦးချစ်ငွေ



ဒေါ်ငယ်

တည်ဆောက်နိုင်ဖို့ကြိုးစားသွားမှာ ဖြစ်ပါတယ်။ မြို့ကြီးရေလှောင်တမံကိုတော့ မြန်မာအင်ဂျင်နီယာများဖြင့် ၁၀ နှစ်ခန့် အချိန်ယူကာ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဦးတင်မြင့်ထွန်း

[လ/ထည္ဆန်ကြားရေးမှူး(စက်မှု)၊ ဆည်မြောင်းဦးစီးဌာန]

ဒီတမံကြီး အချိန်မီပြီးစီးဖို့၊ ခိုင်ခံ့ဖို့ စက်ယန္တရားများဖြင့် လုပ်ဆောင်ခြင်းကို တာဝန်ယူကြီးကြပ်ခဲ့ရပါတယ်။ စက်ယန္တရားပေါင်း ၃၅၀ ခန့်နဲ့ နေ့/ည တာဝန်ယူပြီး စက်မှုပိုင်းဆိုင်ရာဝန်ထမ်းများ၊ စက်အရန်ပစ္စည်းများ ထားရှိလုပ်ဆောင်ခဲ့ပါတယ်။ စီမံကိန်းမှာ တမံပိုင်းအပြင် ရေအားလျှပ်စစ်ပါ ပါဝင်တဲ့အတွက် ဥမင်လိုဏ်တွေကိုလည်း တူးခဲ့ရပါတယ်။ လုပ်ငန်းလုပ်နေစဉ်အတွင်း စက်ချွတ်ယွင်းသွားသည့် ယန္တရားများကိုလည်း အချိန်မီ ပြီးစီးအောင် စက်မှုပိုင်းဆိုင်ရာ ပညာရှင်များက ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ရပါတယ်။ ဝန်ထမ်းအင်အား ၆၀၀ ကျော်နဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဦးချစ်ငွေ၊ ဓနုတိုင်းရင်းသား၊ ရွာင်မြို့နယ်၊ မြို့ကြီးကျေးရွာ

ဆည်မဆောက်ခင်က လမ်းပန်းဆက်သွယ်ရေး တော်တော်ခက်ခဲခဲရှိခဲ့တယ်။ အခုဒီတမံကြီးတည်ဆောက်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အင်မတန်ကောင်းမွန်လာပါတယ်။ ပညာရေးအနေနဲ့လည်း အရင်တုန်းက အလယ်တန်းအဆင့်ကနေ အထက်တန်းကျောင်းအဆင့်အထိ ရောက်ရှိခဲ့တယ်။ ကျန်းမာရေးအပိုင်းမှာလည်း တိုက်နယ်ဆေးရုံကြီး တည်ဆောက်နေဆဲရှိပါတယ်။ မြို့ကြီးဆည်ကနေ လျှပ်စစ်မီးပေးတဲ့အတွက် လောင်စာသုံးစွဲမှုမှာ ထင်းမီးသွေးအစား လျှပ်စစ်မီးသုံးနိုင်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ထိန်းသိမ်းနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်။ ပြီးတော့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေ လုပ်နိုင်မယ်ဆိုတော့ ကျွန်တော်တို့ဒေသဟာ အများကြီး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ စိုက်ပျိုးရေးအနေနဲ့ လယ်မြေကောနည်းနည်းတော့နည်းပါတယ်။ တောင်ယာလုပ်ငန်းကတော့ ပဲ၊ ငှက်ပျော၊ သရက်၊ သနပ်ခါးတွေ အဓိကထားစိုက်ပါတယ်။ မြို့ကြီး ဆည်ရှိလာတဲ့အတွက် အောက်ပိုင်းရွာတွေအားလုံး၊ ကျောက်ဆည်နယ်မှာရော သီးထပ်၊ သီးညှပ်တွေ၊ နွေစပါးတွေစိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်။

ဒေါ်ငယ်၊ ရွာင်မြို့နယ်၊ ဆည်ရွာကျေးရွာ

ကျွန်မတို့ဒေသမှာ ဆည်တမံကြီးတည်ဆောက်ပေးတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ အရင်တုန်းကတော့ တောင်သူတွေမှာ လယ်မြေအတွက် ရေအခက်အခဲရှိတာပေါ့။ အခုလိုဆည်တမံကြီး တည်ဆောက်ပေးတဲ့အတွက် ကျွန်မတို့ ဆည်ရွာကြီးမှာ လယ်မြေတွေကို ဒီထက်မကတိုးတက်ဆောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်မတို့က ပဲ၊ စပါး၊ ငှက်ပျောတို့ကို အဓိကထားစိုက်ပါတယ်။ ဒီကနေပြီးတော့ စက်နဲ့ရေကိုတင်ပါတယ်။ ဒီဆည်ရေရတဲ့အတွက် အထွက်နှုန်းတွေတိုးလာမယ်လို့ မျှော်လင့်ထားပါတယ်။ အရင်အထွက်နှုန်းက တစ်ဧကကို တင်း ၆၀၊ တင်း၇၀ လောက်ပဲထွက်ပါတယ်။ အရင်တုန်းကတော့ တစ်နှစ်ကိုသုံးသီးလောက်ပဲ စိုက်ပါတယ်။ ဆည်ရေရခဲ့ရင်တော့ ဒီထက်မကတိုးပြီး စိုက်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

ဦးစိုးနိုင် ၊ ဓနုတိုင်းရင်းသား၊ ရွာင်မြို့နယ်၊ ဆည်ရွာကျေးရွာ

ကျွန်တော်က တောင်သူလုပ်ပါတယ်။ တစ်နှစ်စိုက်သုံးသီးလောက်စိုက်ပါတယ်။ ပဲတီစိမ်း၊ နှမ်း၊ ငှက်ပျော ဒါတွေစိုက်ပါတယ်။ ဒီဆည်တမံကြီးဆောက်တဲ့အတွက် ကျွန်တော်တို့ လျှပ်စစ်မီးတွေလည်း ရပါပြီ။ ရွာလမ်းတွေမှာ မီးလင်းတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်ပါတယ်။ ဒီတမံကိုတည်ဆောက်ပေးတဲ့အဖွဲ့အစည်းအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အရင်ကတော့ မြို့ကြီးရွာရဲ့ နောက်မှာ ရေကန်ရှိပါတယ်။ အဲဒီကနေပဲ ကျွန်တော် သောက်ရေရပါတယ်။ ဒီဆည်တည်ဆောက်ပြီးတဲ့နောက် ရေတွင်း စက်ရေတွင်းတူးပြီး သောက်ကြပါတယ်။ ဆည်ရေကတော့ မလွတ်ပေးသေးပါဘူး။ မီးကတော့ မနေ့ကစပြီး လင်းပါတယ်။ ရေအားလျှပ်စစ်ကနေ လျှပ်စစ်ဓာတ်အားက အကုန်လုံးရရှိတဲ့အတွက် ဝမ်းသာပါတယ်။ သမ္မတကြီး ကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ လျှပ်စစ်မီးမရခင်မှာတော့ ဘက်ထရီမီးနဲ့ပဲသုံးခဲ့ပါတယ်။

ဦးချစ်တင်၊ ရွာင်မြို့နယ်၊ ဆည်ရွာကျေးရွာ

ကျွန်တော်တို့ကတော့ မိုးကောင်းရေသောက်ခင်ဗျ။ အဆင်ပြေတဲ့သူတွေကတော့ စက်ရေတွင်းတွေတူးပြီးတော့စိုက်ပျိုးကြတယ်။ ကျွန်တော်တို့ကတော့ မိုးကိုပဲမျှော်ပြီး စိုက်ပျိုးကြပါတယ်။ နွေရာသီဆိုတော့ ပဲ၊ ပြောင်းအဲဒါတွေပဲ စိုက်ပါတယ်။ နွေရာသီမှာ ဘုံပိုင်တွင်းတူးပြီး စက်နဲ့တင်ကြပါတယ်။ လျှပ်စစ်မီးကတော့ ရွာမိန်းလမ်းတွေပဲရပါသေးတယ်။ ကျန်တဲ့နေရာတွေမရသေးဘူး။ ယခုကဲ့သို့ မြို့ကြီးရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် မပါမဖြစ်သည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးနိုင်သလို စိုက်ပျိုးရေးလုပ်ငန်းကိုပါ ဖွံ့ဖြိုးတိုးတက်စေသည့်အတွက် ဒေသနေပြည်သူများက ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရင်း ရေသယံဇာတ၊ မြေသယံဇာတများကို အကျိုးရှိရှိ အသုံးချသွားနိုင်မည်ဟု ယုံကြည်မိပါသည်။

အမေး၊ အရေး-ဧရယူ(ပိုင်ရာ)၊ ဓာတ်ပုံ - ထိန်နန်နေ(သတင်းစဉ်)

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု တံတားဖွင့်လှစ်



နေပြည်တော် ဇန်နဝါရီ ၂

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သပြေကုန်းအုပ်စု ပြောင်ခေါင်းလေးကျေးရွာနှင့် ကားလမ်းသို့အသွား အရှည် ပေ ၂၄၀ရှိ လူကူးသစ်သားတံတားဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ သပြေကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာရပ်မိရပ်ဖများနှင့် အလှူရှင် ဦးမောင်ဝင်း-ဒေါ်ခင်သန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

သပြေကုန်းအုပ်စု ပြောင်ခေါင်းလေးကျေးရွာနံဘေးတွင် စီးဆင်းနေသော ရေနီချောင်းမှာ မိုးတွင်းကာလတွင် ရေပြည့်ရေလျှံသဖြင့် မြို့သို့သွားရန် အခက်အခဲရှိရာ ယင်းရွာမှ အလှူရှင် ဦးမောင်ဝင်း-ဒေါ်ခင်သန်းအေး မိသားစုတို့က သိန်း ၅၀ အကုန်ကျခံပြီး ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဇော်မင်းအောင်)**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကျင်းပ



မော့ဘီ ဇန်နဝါရီ ၂

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဂုနီနှံအိတ်စွပ်ပြိုင် ပွဲ၊ ဖားခုံပြိုင်ပွဲများကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီတွင် မော့ဘီမြို့နယ် အမက ပျဉ်ထောင်တွင်းကျောင်း၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၆၀ တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦး၊ လက်ထောက်ဆရာမ ဒေါ်သီသီဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသားကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ကြကြောင်း သိရသည်။ **(ဌေးကြိုင်)**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ ရှုခင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂။ ။နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးမှူး၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (ဂိုးလတ်) ဘောလုံးပြိုင်ပွဲ၊ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘတ်စကတ်ဘောပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ခြင်းလုံးပြိုင်ပွဲများ၊ မင်္ဂလာရှမ်းကန့်ပတ်အပြေးပြိုင်ပွဲနှင့် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများ အနေဖြင့် အပြေးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲများလည်း ရပ်ကွက်အသီးသီးတွင် တပျော်တပါး ကျင်းပပေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြပွဲ၊ ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ၊ စာပေဟောပြောပွဲနှင့် သုတပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်/ဆက်ရုံး ရုပ်/သံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုန်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာအသင်းမှ ညီမေတ္တာနှင့် ကြင်ဦးလူတို့က လွတ်လပ်ရေးနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောကြသည်။

ဆက်လက်၍ သုတပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဝင်းနေဂငယ်အား မြို့နယ်ဦးစီးမှူးက ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(ဝင်းမင်း)**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲ ကျင်းပ

လယ်ဝေး ဇန်နဝါရီ ၂

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲ ကို ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက အထက (၁)လယ်ဝေး ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝေကြည်စန်းအောင်က "လွတ်လပ်ရေး၏ တန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောကာ ကျောင်းသား ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ထို့နောက် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသ၍ နံရံကပ်စာစောင်တွင် ပါဝင်သည့် အချက်အလက်များအား ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေကာ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မင်းမင်းလတ်)**

နှစ်ဟောင်းကို သုံးသပ်၍ နှစ်သစ်နိဋ္ဌာန် ချမှတ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

လူသားတို့ ခေါ်ဝေါ်သမုတ်ထားသည့် စက္ကန့်၊ မိနစ်၊ နာရီလက်တံများ အဆက်မပြတ်ရွေ့လျားနေမှုကြောင့် ရက်၊ လများသည် တဖြည်းဖြည်းကုန်ဆုံးလာပြီး ၂၀၁၅ ခုနှစ်ဆိုသော နှစ်တစ်နှစ်သည်လည်း ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။ ထိုနှစ်ဟောင်းကုန်ဆုံးမှုနှင့်အတူ နှစ်သစ်ဆိုသော ၂၀၁၆ ခုနှစ်သို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ထိုသို့ နှစ်တစ်နှစ်ကုန်ဆုံးသွားပြီဆိုသည်နှင့် စာရေးသူတို့အားလုံး လက်မခံချင်သော်လည်း ငြင်းဆန်၍မရဘဲ လက်ခံလိုက်ရသောအချက်သည် အသက်တစ်နှစ်ကြီးသွားခြင်းပင် ဖြစ်သည်။ အသက်အရွယ် ကြီးရင့်လာမှုနှင့်အတူ တစ်ပါတည်းပါလာသော အချက်သည် လူတိုင်းရှောင်လွှဲ၍မရသည့် အိုမင်းရင့်ရော်ခြင်းပင် ဖြစ်သည်။

စာရေးသူတို့အားလုံးသည် မကြာမီက ကုန်ဆုံးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း၌ ကိုယ်စီဘဝအတွက် တိုးတက်မှုများရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့ပါသလား။ တစ်နှစ်တာကာလအတွင်း အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ခဲ့ကြသူများ ရှိကြသလို ကျရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသူများလည်းရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ အောင်မြင်မှုနှင့် ကျရှုံးမှုတို့သည် ကာယကံရှင်၏ ပြုမူဆောင်ရွက်ချက်ပေါ်တွင် မူတည်နေပါသည်။ သို့သော် လူတစ်ဦးသည် မိမိ၏ တိုးတက်မှုကို ဖော်ဆောင်နိုင်ခြင်းမရှိသည့် တိုင်အောင် မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်အသိုက်အဝန်းအပေါ် ဆိုးကျိုးပေးသောလူမျိုး မဖြစ်သင့်ပေ။ ထို့အပြင် တိုင်းပြည်နှင့် လူမျိုးအတွက်လည်း လူပုတစ်ဦးလို မဖြစ်သင့်ပေ။ လူသားတို့သည် ထိုသို့ မိမိဘဝ တိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်စဉ် တိုင်းပြည်နှင့်လူမျိုးအကျိုးကိုပါ သယ်ပိုးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင် ဖြစ်သည်။

မျက်မှောက်ခေတ် လူငယ်အများစုသည် အစဉ်အလာကြီးမားသော မြန်မာ့ယဉ်ကျေးမှုကို အထင်အမြင်သေးလာကြသည်။ အနောက်တိုင်းဆန်ဆန် ပြုမူနေထိုင်မှုသာ လူရာဝင်သည်ဟု တလွဲထင်လာကြသည်မှာ အနာဂတ်အတွက် ရင်လေးစရာပင် ဖြစ်သည်။ အတွေးအခေါ်ပိုင်းတွင် အနောက်တိုင်းဆန်ဆန်တွေးခေါ်ပြီး ပြုမူကျင့်ကြံမှုအပိုင်းတွင် မြန်မာဆန်ဆန်နေထိုင်မည်ဆိုလျှင်ဖြင့် မြန်မာလူမှုအသိုက်အဝန်းကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သည့် နှစ်သစ်နေ့(New Year Day) ကို မြန်မာနှစ်သစ်နှစ်ဆန်းဟု ထင်မြင်ယူဆကြပြီး တန်ဖိုးရှိသောအချိန်နှင့် ငွေတို့ကိုဖြုန်းတီးကာ လိုအပ်သည်ထက်ပို၍ အပျော်လွန်ကျူးလွန်ကြသည်။ မြန်မာလူမှုအသိုက်အဝန်းတွင် New Year Countdown မလုပ်သူအား ခေတ်နောက်ကျသည်ဟု တလွဲထင်မြင်ယူဆသည့် ရေပေါ်ဆီလူတန်းစား (Elite Class) များလည်း ပေါ်ပေါ်တင်တင် နေရာယူလာကြသည်။

အထူးသဖြင့် နှစ်သစ်ကိုကြိုဆိုသည်ဟု အကြောင်းပြလျက် အရက်သေစာသောက်စားပြီး အပျော်လွန်ကျူးလွန်ကြခြင်းဖြစ်သည်။ လူငယ်များသည် သန်းခေါင်ကျော်အချိန်အထိ အရက်သေစာ ပိုင်းဖွဲ့သောက်စား၊ သီဆို၊ ကခုန်လာလေ့ရှိကြသည်။ ထို့ထက် ပိုသောစိတ်မချမ်းမြေ့ဖွယ်ရာအချက်သည် မြန်မာမိန်းကလေးများ ဘီယာကိုခုံမင်စွာ သောက်တတ်လာခြင်းပင် ဖြစ်သည်။ ကိုရီးယားဇာတ်ကားများကိုအားကျပြီး တလွဲအတုခိုးလာကြမည်ဆိုလျှင် "မြန်မာမိန်းကလေးတို့၏ အိန္ဒြေရွှေပေးလို့မရ" ဆိုသောစကားအစား "မြန်မာမိန်းကလေးတို့၏ကွန္ဒြေ ဘီယာပေးလျှင်ရ" ဟု ပြောဆိုလာကြမည်ဖြစ်သည်။ ထိုသို့အပြောအဆို မခံရလေအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားရန် အချိန်တန်နေပြီဖြစ်သည်။

စာရေးသူတို့သည် ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများအပေါ် မူတည်၍ ၂၀၁၅ နှစ်အတွင်း၌ အောင်မြင်မှုနှင့်ကျရှုံးမှုများကဲ့ပြားစွာ ရရှိနိုင်ပါသည်။ လူတိုင်းအောင်မြင်မှုကိုအမြဲတမ်းမရရှိနိုင်သလို ကျရှုံးမှုလည်းရှိနိုင်ပေသည်။ ထိုသို့ကြုံတွေ့ခဲ့ရသော အောင်မြင်မှုနှင့် ကျရှုံးမှုတို့မှ အားသာချက်နှင့် အားနည်းချက်များအား ခွဲခြားဆန်းစစ်သုံးသပ်ပြီးနောက် ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးပြင်ဆင်လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် နှစ်တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းမရှိလျှင် နှစ်သစ်တွင် အောင်မြင်မှုရရှိရန်သည် မသေချာသောကိစ္စပင် ဖြစ်သည်။ တိကျစွာဆိုရပါမူ လူတစ်ဦးသည် နေ့စဉ်အိပ်ရာမဝင်မီ တစ်နေ့တာ ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်မှု ပြုလုပ်သင့်ပါသည်။ သီလ၊ ဥစ္စာနှင့် ပညာတို့အနက် တစ်ခုခုကိုမျှ မရရှိခဲ့လျှင် ထိုသူသည် နေ့တစ်နေ့ကို အကျိုးမဲ့ဖြတ်သန်းခဲ့သူသာဖြစ်သည်။ ထိုနည်းတူစွာ ၂၀၁၅ ခုနှစ်အတွင်း သီလ၊ ဥစ္စာနှင့်ပညာ စသည့် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုကိုမျှ မစိုက်ထူနိုင်ခဲ့လျှင် စာရေးသူတို့သည် လောကလူရွှာအတွက် လူပိုတစ်ဦးသာဖြစ်ပေသည်။

အနောက်တိုင်းသားများသည် နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက်တွင် နှစ်သစ်သန္နိဋ္ဌာန်(New Year Resolution) ချမှတ်လေ့ရှိကြသည်။ ထိုသို့ချမှတ်ထားသော နှစ်သစ်သန္နိဋ္ဌာန်ကိုမူတည်၍ အောင်မြင်မှုရရှိအောင်လည်း ကြိုးပမ်းအကောင်အထည်ဖော်လေ့ ရှိကြသည်။ စာရေးသူတို့ အားကျအတုခိုးသင့်သောအလေ့အထကောင်းတစ်ရပ်ပင် ဖြစ်သည်။ မြန်မာလူငယ်များသည် ထိုအလေ့အထမျိုးကိုမူလစ်လျူရှုထားကြသည်။ ၂၀၁၅ ခုနှစ်အတွင်း၌ အောင်မြင်မှုမှတ်တိုင် မည်မည်ရရ မစိုက်ထူနိုင်ခဲ့သူသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် နှစ်သစ်အတွက် သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ခြင်းမရှိသောကြောင့် ဖြစ်မည်မှာ ဧကန်မုချပင်ဖြစ်သည်။ ထိုအတွေ့အကြုံများကိုအခြေခံပြီး ၂၀၁၆ ခုနှစ်အတွက် နှစ်သစ်သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ဆိုင်မှာသည် ရည်မှန်းချက်သန္နိဋ္ဌာန်ရှိမှသာလျှင် အောင်မြင်မှုကို ထုဆစ်ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း၌ ဘက်ပေါင်းစုံ၌ အောင်မြင်မှုရရှိခဲ့သည်ဟု ယေဘုယျ ဆိုနိုင်ပါသည်။ အထူးသဖြင့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်မှုပင်ဖြစ်သည်။ ထိုသို့လက်မှတ်ရေးထိုးနိုင်မှုကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံကြီးများကပါ လှိုက်လှိုက်လဲလဲ ကြိုဆိုခဲ့ကြသည်။ ထိုသဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် သဘောတူညီချက်ကိုလည်း သမ္မတထံသို့ ပေးအပ်နိုင်ခဲ့သည်။

ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း၌ တစ်ကမ္ဘာလုံးက အံ့သြချီးကျူးအသိအမှတ်ပြုခဲ့ရသည့်အောင်မြင်မှုကြီးကိုလည်း မြန်မာတို့ ရရှိခဲ့ကြသည်။ ထိုအောင်မြင်မှုကြီးသည် လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ထိုရွေးကောက်ပွဲရလဒ်များကို လက်ရှိအစိုးရနှင့် တပ်မတော်တို့က လှိုက်လှိုက်လဲလဲ ကြိုဆိုအသိအမှတ်ပြုခဲ့သည်။ ထိုအောင်မြင်မှုများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ တက်ညီလက်ညီကြိုးပမ်းမှုများကြောင့်သာ ဖြစ်သည်။ ယခုဆိုလျှင် တာဝန်ထမ်းဆောင်နိုင်ငံခေါင်းဆောင်များ၊ စေတနာရှင်များနှင့် အဖွဲ့အစည်းများ၏ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ထိုပြဿနာများအနက် ဖြေရှင်းနိုင်ခဲ့သည်များရှိသလို ဖြေရှင်းဆောင်ရွက်ရန် ကျန်ရှိနေသည်များလည်း ရှိနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကြုံတွေ့လာရနိုင်သည့် မမျှော်မှန်းနိုင်သည့် ပဋိပက္ခများအား တတ်နိုင်သမျှ လျှော့ချသွားနိုင်ရေး နိုင်ငံအားလုံးရှိ တာဝန်ရှိသူများနှင့် ပြည်သူအားလုံးတို့၏ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများလိုအပ်မည်ဖြစ်သည်။

ဤ၍တင်ပြရလျှင် ရာသီစက်ဝန်းကြီးမပြတ်လည်ပတ်နေမှုကြောင့် ၂၀၁၅ ခုနှစ်ဆိုသော နှစ်တစ်နှစ်ကုန်ဆုံးခဲ့ပြီးဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ဆိုသော ၂၀၁၆ ခုနှစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထိုကုန်ဆုံးခဲ့သော နှစ်ဟောင်း၌ စာရေးသူတို့ ကိုယ်စီတွင် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သူများရှိသလို ကျရှုံးမှုများကိုလည်း ကြုံတွေ့ခဲ့ရမည်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရသော အောင်မြင်မှုများနှင့် ကျရှုံးမှုများအား ဆန်းစစ်၍ အားသာချက်၊ အားနာချက်များကို ဖော်ထုတ်သင်ခန်းစာယူသွားရမည်ဖြစ်သည်။ ထိုသင်ခန်းစာများကို အခြေခံ၍ ၂၀၁၆ ခုနှစ်အတွက် နှစ်သစ်သန္နိဋ္ဌာန်ချမှတ်ကာ အောင်မြင်မှုကို ထုဆစ်ပုံဖော်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။ ။

❖ လူတိုင်းအောင်မြင်မှုကို အမြဲတမ်းမရရှိနိုင်သလို ကျရှုံးမှုလည်း ရှိနိုင်ပေသည်။ ထိုသို့ကြုံတွေ့ခဲ့ရသော အောင်မြင်မှုနှင့် ကျရှုံးမှုတို့မှ အားသာချက်နှင့် အားနည်းချက်များအား ခွဲခြားဆန်းစစ်သုံးသပ်ပြီးနောက် ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးပြင်ဆင် လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်



ကျင်စက်ဖြင့် ငါးရှာဖွေဖမ်းဆီးနေခြင်းကြောင့် ငါးမျိုးပြုန်းတီးမည်ကို ဒေသခံပြည်သူများ စိုးရိမ်နေ

ကျောက်တံခါး ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အနောက်ပဲခူးရိုးမမှ အရှေ့စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်သော ချောင်းများနှင့် ချောင်းလက်တက်များ၊ အင်းအိုင်များတွင် နေ့စဉ် ကျင်စက်ဖြင့် ငါးရှာဖွေဖမ်းဆီးနေခြင်းကြောင့် ငါးမျိုးပြုန်းတီးမည်ကို ဒေသခံပြည်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်အတွင်းက နေရာအနှံ့မှာ ယခုလို ဘက်ထရီနှင့် ဝါယာရှော့တိုက်ပြီး ငါးရှာဖွေတာဟာ တချို့က တစ်ဦးတစ်ယောက်တည်းရှာကြသလို တချို့က အုပ်စုဖွဲ့ရှာကြပါတယ်။ တချို့အဖွဲ့တွေဆို ချောင်းအထက်ပိုင်း ရေနစ်ပိုင်းနေရာတွေမှာ ဖောင်တွေပေါ် တရုတ်နီအင်ဂျင်တွေတင်ပြီး ဝါယာရှော့တိုက် ငါးရှာဖွေတာတွေရှိပါတယ်"ဟု ချောင်းအနီးနေထိုင်သူတစ်ဦးက ပြောသည်။

ယခုလို စည်းကမ်းမဲ့စွာ ကျင်စက်ဖြင့်ငါးရှာဖွေသူများကြောင့် ငါးမျိုးပြုန်းတီးမည်ကို စိုးရိမ်နေရသည်ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အရေးယူကြပ်မတ်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

ပြည်တွင်းရေးရာ

အများပြည်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇန်နဝါရီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအား အများပြည်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို အခမဲ့အဖြစ် ယနေ့ည ၇ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ကပြဖျော်ဖြေရာ၌ ဖျော်ဖြေမှုအစတွင် အောင်ခြင်းရှစ်ပါးအဆိုဖြင့် စတင်ဖျော်ဖြေခဲ့သည်။ မကိုင့် ဆောင်းလေးကောက်ယိမ်း (အက)၊ ဆွမ်းတော်ဟို့ သရုပ်ဖော်ယိမ်း(အက)၊ နတ်တို့ပျော်ရာ တာဝတိံသာ(အက)၊ ပုဂံဆီမီးယိမ်း(အက)တို့ဖြင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး ည့ေသည်အဆိုအဖြစ် အဆိုတော် မေသက်ထားဆွေက သုဝဏ္ဏသာမ ဇာတ်တွင် အဆိုဖြင့် ဖျော်ဖြေခဲ့သည်။

အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ထုတ်လုပ်ဌာနခွဲ) ဦးလှိုင်ဝင်းမောင်က "ဒီလိုပွဲတွေလုပ်တာက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပါတယ်။ အဲဒီလိုပဲ ပြည်သူပြည်သားတွေအနေနဲ့လည်း ကိုယ့်ရိုးရာ အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်။ အဲဒီလို စိတ်ဓာတ်မျိုး ဖြစ်ပေါ်လာဖို့အတွက်လည်း ကျွန်တော်တို့ ယဉ်ကျေးမှုဦးစီးဌာနအနေနဲ့ အမြဲတမ်းဖျော်ဖြေတင်ဆက်ပေးချင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်မယ်၊ ပြန့်ပွားအောင်လုပ်မယ်၊ ပြည်သူလုထုကို ဖျော်ဖြေတင်ဆက်မယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်ပေမယ့် လွတ်လပ်ရေးနေ့နဲ့ တိုက်ဆိုင်နေတာ ဖြစ်တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ ဇန်နဝါရီ ၃ ရက်မှာလည်း ရွှေမြန်မာအငြိမ့်ပွဲနဲ့ ပဒေကပွဲကိုလည်း ထပ်မံဖျော်ဖြေသွားမှာပါ"ဟု ပြောသည်။

ယနေ့ကပြဖျော်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီးတွင် ပဋိယကွညီလာခံ အပါအဝင် အခန်းပေါင်း ၁၆ ခန်းဖြင့် ပြည်သူများအား ဖျော်ဖြေပေးခဲ့သည်။

ယနေ့ဖျော်ဖြေသည့် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အနုပညာရှင်များ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာ အနုပညာအား ချစ်မြတ်နိုးသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အောင်ခြင်းရှစ်ပါး (အဆို)၊ ကုဏ္ဍလာအိုင်နန်းယိမ်း (အက)၊ ဒဿပန်းစိုက်ယိမ်း (အက)၊ ရွှေခြေကျင်းနှင့် မဟာဆန်သူယိမ်း (အက)၊ ခိုင်ပန်းစုံနှစ်ပါးသွားယိမ်း(အက)များ အပါအဝင် ရွှေတံဆိပ်ဆုများရှင် ခေါင်းဆောင်မင်းသမီးသန္တာလင်း၊ ရှေ့ထွက်မင်းသမီးဇာနည်အောင်၊ လူရွှင်တော်အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုးတို့၏ ရွှေမြန်မာအငြိမ့်ဖြင့် ဇန်နဝါရီ ၃ ရက် ည ၇ နာရီတွင်လည်း အမျိုးသားကဇာတ်ရုံ၌ ဆက်လက်၍ အခမဲ့ဖျော်ဖြေ တင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်)



ဝေါ ကြောင်တုန်းမှ

ယင်းဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မြစ်ကမ်းဘေးနေထိုင်သူများအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားမှုမရှိစေရေးအတွက် ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ခရိုင်အဆင့်တာဝန်ရှိသူများမှ ည ၇ နာရီတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ပြည်သူလူထု အသက်အန္တရာယ်လုံးဝမဖြစ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန် ညွှန်ကြားချက်အရ (၉)လမ်းနှင့် (၁၁)လမ်းကြားရှိ နေအိမ်များအားလုံးမှ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများနှင့် ကလေးသူငယ်များအားလုံး ရွှေ့ပြောင်းစေရေး၊ အဖိုးတန်ပစ္စည်းများ အချိန်မီရွှေ့ပြောင်းစေရေးတို့ကို သက်ဆိုင်ရာ မြို့မိ မြို့ဖများနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းနေ့ ည ၈ နာရီကျော်တွင် ကမ်းအိကမ်းလျှောဖြစ်စဉ်နှေးသွားပြီး လက်ရှိအနေအထားထက်အနည်းငယ်သာ ထပ်မံနှိမ့်ကျနိုင်ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သက်ဆိုင်ရာ ဌာနမှ ခန့်မှန်းတင်ပြထားကြောင်း သိရသည်။

ထို့ပြင် မအူပင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီတို့ပူးပေါင်း၍ (၁၂)လမ်း ကမ်းနားတာပေါ်တွင် ကွပ်ကဲရေးစခန်းဖွင့်လှစ်ကာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

○○○



ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ် သိန်း ၃၇၆၀ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၅ ခုနှစ် ဇွန်လနောက်ပိုင်း၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် မြန်မာနိုင်ငံအတွင်း ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အလှူငွေကျပ် သိန်း ၃၇၆၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးသက်နိုင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ကျော်ဌေးတို့ကပေးအပ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း (၆၂)ကြိမ်မြောက် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၆၂)ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်လိုသည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ခါးပိုက်နှိုက်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ရှမ်းချောင်းရပ်ကွက် ရန်ကုန်-ပုသိမ်လမ်း တပ်ထိပ်ကားမှတ်တိုင်၌ အမှတ် (၁၂၁) ခရီးသည်တင်ယာဉ်ပေါ်မှဆင်းလာသော လှိုင်သာယာမြို့နယ်နေ ချင်းသူ(ခ)ကိုမိုး (၁၈)နှစ်၊ ကုလား(ခ)ဝင်းဦး (၄၀) နှစ်နှင့် ရဲဇော် (၁၉) နှစ်တို့သုံးဦးအား မသင်္ကာသဖြင့် စစ်မေးခဲ့သည်။

ထိုသို့စစ်မေးစဉ် ရဲဇော် လွယ်ထားသော အနက်ရောင်ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၁၅၅၀၀ အားတွေ့ရှိသဖြင့် မေးမြန်းရာ ယင်းငွေများသည် ယင်းနေ့ နံနက်ပိုင်းတွင် အမှတ် (၁၂၁) ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်ပါ အသက် (၂၀)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးထံမှ နှိုက်ယူခဲ့သော ငွေများဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဆက်လက်၍ ယင်းတို့အား အခြားကျူးလွန်မှုများရှိ၊ မရှိစစ်ဆေးရာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက အမှတ် (၁၂၁) ဒိုင်နာခရီးသည်တင်ယာဉ်လိုင်းယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း၊ ညနေပိုင်းတွင် အမှတ် (၁၂၁) ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်ပါ အသက် (၂၀)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘတ်အိတ်အတွင်းမှ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း နှိုက်ယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းသို့ စစ်ဆေးပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့သုံးဦးအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

သီးကုန်းအမြန်လမ်းတွင် ရပ်ထားသည့်ကား ခိုးပြေးသူ ၂၄ နာရီအတွင်းမိ

မိတ္ထီလာ ဇန်နဝါရီ ၂

ရန်ကုန်-မန္တလေးအမြန်လမ်း သီးကုန်းယာဉ်ရပ်နားစခန်းတွင် ဒီဇင်ဘာ ၂၉ရက် မွန်းတည့် ၁၂ နာရီက မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်နေ ကုန်သည်မဖြိုးဖြိုး(ခ)မပုံပုံသည် ၎င်း၏ 5K/1755 HONDA INSIGHT ကားအား သော့ခတ်ပြီး ရွှေအင်းလေးကားပါကင်ထားရာနေရာတွင် ရပ်ထားခဲ့ပြီး ဖီးစားသောက်ဆိုင်တွင် သူငယ်ချင်းများနှင့်အတူ သွားရောက်စားသောက်ခဲ့သည်ဆို၏။ စားသောက်ပြီး ပြန်အထွက်တွင် ကားများရပ်ထားသည့်နေရာတွင် မတွေ့ရတော့ဘဲ ပျောက်ဆုံးနေသဖြင့် အလည်ရွာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ယာဉ်ပျောက်ဆုံးမှုအား မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး၏ ဦးဆောင်မှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မိတ္ထီလာခရိုင်မှုခင်းစုံစမ်းရေးဌာနမှ တပ်ဖွဲ့ဝင်များ၊ အလည်ရွာရဲစခန်းမှူးနှင့် အဖွဲ့ဝင်များသည် ပျောက်ဆုံးသောကားဖြတ်သန်းသွားလာနိုင်သည့် သီးကုန်းအမြန်လမ်းတိုးဂိတ်၊ ကျောက်ပန်းတောင်းကားဂိတ်၊ ဇရပ်ကုန်းနတ်မောက်၊ ပျော်ဘွယ်ခရိုင်ချင်းဆက်လမ်းမှ ထွက်ပြေးသွားနိုင်သည့် လမ်းကြောင်းများအား ပိတ်ဆို့ရှာဖွေခဲ့သည်။

ထိုသို့ ပိတ်ဆို့ရှာဖွေစဉ် ဒီဇင်ဘာ ၂၉ရက် ည ၉နာရီတွင် ယင်းမာပင် ရဲစခန်း အပိုင်နယ်မြေ၌ 7F/2255 HONDA INSIGHT ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဇော်ထိုက် (၃၆) နှစ် အောင်ပန်းမြို့ ရွာသစ်ရပ်နေသူ မောင်နှင်လာပြီး ငွေကျပ် ၃၅ သိန်းဖြင့် ဝယ်ယူလာကြောင်း အစစ်ခံသည်။ ရဲအုပ်ဇင်ကိုကိုနှင့်အဖွဲ့သည် ယင်းမာပင် နယ်မြေရဲစခန်းသို့ သွားရောက်ပြီး စစ်ဆေးရာ ကလောမြို့ (၉)ရပ်ကွက်နေသူ စိုးမင်းထွန်းက သီးကုန်းယာဉ်ရပ်နားစခန်းတွင် ရပ်ထားသောကားအား သော့တုဖြင့်ဖွင့်၍ ခိုးယူမောင်းခိုင်းသဖြင့် နံပါတ်ပြားအတုလဲ၍ ပျော်ဘွယ်ဘုရားငါးဆူလမ်းမှ ယင်းမာပင်သို့အလာ အဖမ်းခံရကြောင်း အစစ်ခံသည်။ မိတ္ထီလာရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၄ နာရီအတွင်း ခိုးပြေးသွားသော ကားနှင့် ကားခိုးသူ ဇော်ထိုက်နှင့် ကားခိုးခိုင်းသူ စိုးမင်းထွန်းတို့အား ဖမ်းဆီးရမိပြီး ပုဒ်မ-၃၇၉ဖြင့် အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)



(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးအတွက် အမျိုးသားရေးတာဝန်

ထီးသုဉ်းနန်းသုဉ်း၊ ကြေနန်းသုဉ်း၍
မြို့သုဉ်းသုဉ်၊ သုဉ်းသုံးဝဖြင့်
သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်
ဖြစ်လာရလေ၊ တို့တစ်တွေသည်
သေသော်မှတည့်၊ ဩော်ကောင်း၏။

ဆီးဘန်းနီဆရာတော်

လွတ်လပ်ရေးသည် မြန်မာတို့၏ အသက်သွေးပင်ဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် မြန်မာတို့အတွက် ရင်နှင့်စရာမဖြေသာသော ဥဒါန်းမကျေနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ လွတ်လပ်ခြင်းဘဝနှင့် မလွတ်လပ်ခြင်းဘဝတို့ ကွာခြားကြပုံကို ထိုခေတ်ထိုအခါက မြန်မာတို့သိကြသောကြောင့် ကျွန်ဘဝတွင် လူဖြစ်ရခြင်းထက် သေဆုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ပုံကို ဆီးဘန်းနီဆရာတော်က အထက်ပါကဗျာဖြင့် ဖွင့်ဆိုပြခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်။ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက်၊ အပြန်အလှန်စာနာနားလည်မှု၊ ခင်မင်တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဘီစီ ၃ ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇနိုင်ငံများထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။ ၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထို့မှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ်သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော် အချုပ်အခြာအာဏာလက်လွတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

သူ့ကျွန်အဖြစ် ခွန်နစ်မခံလိုသော မျိုးချစ်မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှများကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ သံယာတော်များ၊ မင်းညီမင်းသား၊ မင်းမှုထမ်း၊ သာမန်အရပ်သား စသည့် အလွှာမျိုးစုံနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုသည် ကြီးမားပြင်းထန်လှသည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်က အသုံးပြုခဲ့သော အင်အားထက် ပိုမိုများပြားသည့် စစ်အင်အားကိုအသုံးပြုကာ ၁၀ နှစ်ကျော်ကာလကြာအောင် နှိမ်နင်းခဲ့ရသည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သူ့ကျွန် ဘဝက လွတ်မြောက်ရန် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဂိုဏ်းဂဏအသီးသီးတို့က ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်နှင့် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့သည့်အတွက် သခင်အောင်ဆန်းဦးဆောင်သော မြန်မာ့မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဘီအိုင်အေဟူခေါ်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းပြီး ယင်းမှ တစ်ဆင့် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)၊ ဗမာ့တပ်မတော်(ဘီအင်နှစ်အေ)တို့ကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တပ်မတော်သည် ကိုလိုနီနယ်ချဲ့များနှင့် ဖက်ဆစ်ဂျပန်တို့ကို တိုင်းရင်းသား ပြည်သူလူထု၏ အပြည့်အဝထောက်ခံအားပေးမှုကို ရယူ၍ တွန်းလှန်တိုက်ခိုက်ကာ နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာသုံးရပ်စလုံးကို ထိုနိုင်ငံသားတို့၏ လက်ဝယ်ပိုင်ပိုင် စီမံခန့်ခွဲလုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ တိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင်နိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒအရ သွယ်ဝိုက်သော နည်းအားဖြင့် ကျွန်ပြုခံနေရခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပင်လယ်ရေနယ်နိမိတ်အပါအဝင် မိုင်ပေါင်း ၅၂၀၀ ခန့် ရှည်လျားသော နယ်နိမိတ်ကို ပိုင်ဆိုင်ထားသည်။ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၀ ကျော် ထိစပ်နေသည်။ တရုတ်နိုင်ငံနှင့် ၁၃၅၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင် နယ်နိမိတ်ချင်း ထိစပ်နေသည်။

ပထဝီဝင်အနေအထားအရ အချက်အချာကျစွာ တည်ရှိနေသော မြန်မာနိုင်ငံအနေဖြင့် အရေးအကြီးဆုံး အမျိုးသားရေးအကျိုးစီးပွားမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပင်ဖြစ်သည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား (National Interest)ကိုသာ ဦးစားပေးမျှော်ကိုး လုပ်ဆောင်ကြစမြဲဖြစ်ရာ မြန်မာတို့သည် မြန်မာနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားရမည်ဖြစ်သည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်ခဲ့မှုဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုမှ ပေါ်ပေါက်လာသည့် သဘောထားကွဲလွဲမှုများ၊ အယူဝါဒကွဲပြားမှုများ၊ တိုင်းရင်းသားရေးရာ အမြင်လွဲမှုများ၊ ပြည်ပလှုံ့ဆော်မှုများကြောင့် နိုင်ငံရေးပဋိပက္ခမှသည် လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခ၊ ဂိုဏ်းဂဏဆိုင်ရာ ပဋိပက္ခများစွာ ဖြစ်ပေါ်ခဲ့ရသည်။ နိုင်ငံတော်တွင် ယင်းကဲ့သို့ ပဋိပက္ခများနှင့်ရင်ဆိုင်ရသည့် အခိုန်တိုင်းတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် မည်သည့်ဘက်ကိုမျှ ယိမ်းယိုင်လိုက်ပါမှုမရှိဘဲ နိုင်ငံတော်၏ မျက်နှာတစ်ခုတည်းကိုသာကြည့်၍ ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်ပေးခဲ့ပါသည်။ နိုင်ငံတော်မငြိမ်သက်မှုနှင့် ပြည်တွင်းပဋိပက္ခများကြောင့် အခြေအနေယိမ်းယိုင်မှုကို အခွင့်ကောင်းယူကာ အခိုက်ကိုက် ဆောင်ရွက်လာသည့် ပြည်ပကျူးကျော်မှုများကိုလည်း တပ်မတော်က အသက်ခန္ဓာ စွန့်လွှတ်ပေးဆက်မှုများစွာဖြင့် ရွယ်ရွယ်ခွာခွာ တွန်းလှန်ကာကွယ်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသည် ခေတ်ကာလအဆက်ဆက်တွင် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးမည့် အခြေအနေများစွာနှင့် ရင်ဆိုင်တွေ့ကြုံရသည့် အခိုန်တိုင်းတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ယိမ်းယိုင်ပြိုလဲခြင်း မရှိအောင် တပ်မတော်ကပင်ဦးစီးဦးဆောင်ပြု၍ တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ထူးခြားသည့် သမိုင်းပင်ဖြစ်သည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို အပြည့်အဝ တည်ဆောက်နိုင်မည် ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီစွာရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကကျသော မောင်းနှင်အားကြီးပင်ဖြစ်သည်။

အစီအမံရှိရှိ စနစ်တကျ သွေးခွဲအုပ်ချုပ်ခဲ့သော နယ်ချဲ့တို့၏ ပယောဂကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် စည်းစည်းလုံးလုံး မဆောင်ရွက်နိုင်ခဲ့ပေ။ နှစ်ပေါင်း ၆၀ ကျော်ကြာ စနစ်မတူ၊ ဝါဒမတူကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရှိခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်၏ တည်ငြိမ်မှုနည်းပါးခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်အောင် အားစိုက်ခွန်စိုက် မဆောင်ရွက်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင် သမ္မတကြီးဦးဆောင်သော နိုင်ငံတော်အစိုးရသစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ စနစ်မတူ၊ ဝါဒမတူ၍ သဘောထားကွဲပြားနေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး နိုင်ငံတော် တည်ဆောက်ရေးအပိုင်းတွင် အတူတကွ လက်တွဲပါဝင်ကြရန် နိုင်ငံတော်သမ္မတကြီးက ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ် သြဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်ရာတွင် ပထမအဆင့်အနေဖြင့် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်အနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးရေး၊ တတိယအဆင့်အနေဖြင့် အားလုံးပါဝင်နိုင်သည့် ပြည်ထောင်စုအဆင့် အစည်းအဝေးကြီးတစ်ရပ် ကျင်းပကာ ထာဝရငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် စီမံဆောင်ရွက်သွားမည် ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ဖြင့် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ထွန်းတိုးတက်မှုများတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ချမှတ်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်းဟူသည့် အရေးကြီးသောအဆင့်များပါဝင်ရာ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ချမှတ်ခြင်းကိုပင် ပြီးမြောက်အောင်မြင်ခဲ့ပြီးဖြစ်ရာ မဝေးတော့သောကာလတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်တော့မည်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အစိုးရနှင့် ပြည်သူအကြား အင်စတီကျူးရှင်းများနှင့် ပြည်သူလူထုများအကြား၊ နိုင်ငံသားတစ်ဦးနှင့် တစ်ဦးအကြား သံသယများပွားကာ ယုံကြည်မှုလျော့ပါးခဲ့ရခြင်းများသည် ယနေ့ အကောင်အထည်ဖော်နေသော နိုင်ငံရေးအပြောင်းအလဲများမှ အမျိုးသားနိုင်ငံရေးဖြစ်စဉ်သစ်များကို အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိစေရန် အဟန့်အတားဖြစ်နေပေရာ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အပြန်အလှန်ယုံကြည်မှုပြန်လည်တည်ထောင်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော တစ်ခုတည်းသော နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီးလည်း ဖြစ်တည် ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အားပြည့် အင်ပြည့် စွမ်းအားများဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

ပန်းတောင်းသန်းကြွယ်

နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာသော စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းပေးနိုင်ခြင်း၊ လုပ်သာကိုင်သာရှိသော ဘဏ္ဍာရေးစနစ်နှင့် ငွေကြေးလဲလှယ်သုံးစွဲခွင့်များ ဖော်ဆောင်ပေးနိုင်ခြင်း၊ တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ အရှေ့အနောက်မခွဲခြားဘဲ ကမ္ဘာ့နိုင်ငံအများအပြားနှင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံလာနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်း၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်လာနိုင်ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်သည် ကမ္ဘာ့ပြည်သူတို့၏အမြင်တွင် တင့်တယ်လှပနေပြီဖြစ်သည်။

ထို့ပြင် (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပပေးနိုင်ခြင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတကြီးက အောင်မြင်စွာ ထမ်းဆောင်ပေးနိုင်ခြင်း၊ အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ညှာသာစွာ အသွင်ကူးပြောင်းရေးလုပ်ဆောင်နိုင်ခြင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်ဝင်လာခြင်းနှင့်အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဝင်ရောက်ယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်မှာ ပိုမိုလှပတင့်တယ်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စေ့စပ်ဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို လည်း အုတ်မြစ်ချနိုင်ခဲ့သဖြင့် နိုင်ငံရေးအင်အားစုများ အကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့သည့် နည်းတူ ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစုအားလုံး ပါဝင်လာခြင်းဟူသော ရလဒ်ကောင်းကိုလည်း ဖော်ဆောင်နိုင်ခဲ့သည်။

အစိုးရအပြောင်းအလဲဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်းအားလုံးနှင့် ဝန်ထမ်းအားလုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက လိုအပ်သော ညွှန်ကြားချက်များပေးကာ အစီအမံများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် ဒီဇင်ဘာ ၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ရာ ညှာသာချောမွေ့သည့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ် အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။

ဤ၍ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်သဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်တွင်း ပြည်ပမှ အရင်းအနှီးများ အရှိန်အဟုန်ဖြင့် စီးဝင်မြှုပ်နှံလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ဖော်ဆောင်ရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရမည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားများ အားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် ရာသက်ပန် ပူးပေါင်းနေထိုင်ရေးအတွက် အထက်ပါ အမျိုးသားရေးတာဝန်များကို တိုင်းရင်းသားအားလုံးသည် ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်သင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ထာဝရငြိမ်းချမ်းရေးရရှိပြီးပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော တစ်ခုတည်းသော နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီးလည်း ဖြစ်တည်ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အားပြည့် အင်ပြည့် စွမ်းအားများဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

လွတ်လပ်ရေးနေ့အကြို ပြည်သူတို့၏ ရင်ဖွင့်စကားသံများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၆၈)နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ ယခုကျရောက်တော့မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ မတိုင်မီ မွေးဖွားခဲ့သော လွတ်လပ်ရေးကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာမှ ရင်ဖွင့်ပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။


ဆရာကြီး ဦးစိုးမြင့်


ဆရာကြီး ဦးထွန်းကြည်


အဘ ဦးတင်လှ


အဘ ဦးလှမြင့်

ဆရာကြီး ဦးစိုးမြင့်
ကျောင်းအုပ်ကြီး(ငြိမ်း)၊ တပ်ကုန်း

ဘဘတို့က လွတ်လပ်ရေးမရခင် ကျွန်ဘဝမှာလည်း နေခဲ့ဖူးတယ်။ လွတ်လပ်ရေးမရခင် တောမှာလည်း နေခဲ့ရတယ်။ ဂျပန်တွေပါးရိုက်တာလည်း ခံခဲ့ရဖူးတယ်။ တချို့ဂျပန်တွေကျတော့ တော်ပါတယ်။ နောက်တော့ ဂျပန်တွေက ဟီရိုရှီးမား၊ နာကာဆာကီ အဏုမြူဗုံးကြဲပြီးတဲ့နောက်ပိုင်းမှာ လက်နက်ချအညံ့ခံလိုက်တယ်။ အဲဒါကတော့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ တတိယနေရာ ရောက်သွားတယ်။ နောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့က ဆက်လက်ကြိုးပမ်းတယ်။ နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်းခဲ့တယ်။ လွတ်လပ်ရေး ပေးရတော့မယ်၊ သာသာကြည်ကြည်ပေးတယ်လို့ ထင်ရပေမယ့်လည်း မြန်မာပြည်ကြီးကို တောင်တန်းနဲ့ ပြည်မခွဲခြားပေးခဲ့တယ်။ အိန္ဒိယကို ဆုတ်ခွာသွားတဲ့ အင်္ဂလိပ်တွေပြောသွားတဲ့ စကားလေးက "အောင်မြင်စွာ ဆုတ်ခွာသွားခဲ့ပါတယ်။ သွေးသံမကျဘဲ၊ အဆုံးအရှုံးမရှိဘဲ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါတယ်။"

လွတ်လပ်ရေးရပြီး နောက်ပိုင်းတော်တော်ကို ပျော်စရာကောင်းခဲ့ပါတယ်။ ၂၀၁၀-၂၀၁၅အထိ တိုးတက်မှုတွေကို စာရင်းချုပ်လိုက်တဲ့အခါမှာ အတော်လေးကို ပွင့်လင်းလာတယ်။ ကိုယ့်ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်လည်း ရှိလာတယ်။ ဒါပေမယ့် အဘအနေနဲ့ လူငယ်တွေကို ပြောချင်တာကတော့ လွတ်လပ်ပြီဆိုတိုင်းလည်း ကိုယ်လုပ်ချင်သလို လုပ်နေလို့ မရပါဘူး။ အခု ၂၀၁၅ ရွေးကောက်ပွဲလည်း ပြီးသွားပြီဆိုတော့ တော်တော်လေးလည်း ကောင်းလာပါပြီ။ လူတိုင်းလူတိုင်းမှာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးနဲ့ လူမှုရေးတွေ အားလုံး ပြည့်ပြည့်စုံစုံရှိဖို့ရယ်၊ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်ဖို့ရယ် ဒါတွေအားလုံးက လွတ်လပ်ရေးပါပဲ။ အဲဒါကြောင့် လူတိုင်းမှာ လွတ်လပ်ရေးရှိရမယ်လို့ ပြောချင်ပါတယ်။

ဆရာကြီး ဦးထွန်းကြည်
မူလတန်းကျောင်းအုပ်ကြီး(ငြိမ်း)

ခုနစ်နှစ်သားဘဝတုန်းက မလွတ်လပ်သေးတဲ့ ဘဝမှာ နေခဲ့ရတယ်။ လွတ်လပ်ရေးရတော့ ပူရ၊ ဆွေးရ၊ ဝမ်းသာရမှန်း မသိသေးဘူး။ နယ်မြေပေါင်းများစွာက သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရပြီး လွတ်လပ်ရေးအတွက် သွေးချွေးတွေပေးဆပ်ခဲ့ရတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေအတွက် လွတ်လပ်ရေးကို တန်ဖိုးထားစေချင်ပါတယ်။ ပြည်သူတွေအားလုံး လူကြီး၊ လူငယ်မရွေး သိစေချင်တယ်၊ မြင်စေချင်တယ်။ (စာဖတ်သော်ရှိ၊ မဖတ်သော်ရှိ နိုင်ငံအပေါ်ကို မြင်တတ်စေချင်တယ်) ကိုယ့်နိုင်ငံကို ကိုယ့်လူမျိုးအုပ်ချုပ်တဲ့ နိုင်ငံ တစ်နိုင်ငံဖြစ်လာတာဟာ လွတ်လပ်ရေးရလာခြင်းပဲ ဖြစ်တယ်။ ဒီနေ့ထိအောင် လွတ်လပ်ရေးမရသေးတဲ့ နိုင်ငံတွေလည်း ရှိသေးတယ်။ ကိုယ့်တိုင်းပြည်မှာပဲ ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ အုပ်ချုပ်ခံပြည်သူနဲ့ အုပ်ချုပ်တဲ့မင်း စိတ်ချမ်းသာစေချင်တယ်။ ဆရာကြီးလည်း ပါတီဝင်တစ်ယောက်ပါ။ ကိုယ့်နိုင်ငံမှာ အစိုးရအုပ်ချုပ်နေမှန်း မသိအောင် နေရထိုင်ရတဲ့ခေတ်ကို ရောက်စေချင်ပါတယ်။ ဒါကြောင့် ဆရာကြီးရဲ့ အမြင်ကတော့ နိုင်ငံရှိရင် လွတ်လပ်ရေးရှိရမယ်။ လွတ်လပ်ရေး မရှိရင် နိုင်ငံလည်း မရှိနိုင်ဘူးလို့ ထင်မြင်မိပါတယ်။

အဘ ဦးတင်လှ တပ်ကုန်းမြို့နယ်
(သတင်းစာဆရာအဖွဲ့ဝင်)

ရပြီးသား လွတ်လပ်ရေးကိုတော့ မဆုံးရှုံးစေချင်ပါဘူး။ ဆုံးရှုံးမှာကိုလည်း စိုးရိမ်မိပါတယ်။ အဘတို့ရဲ့ နိုင်ငံတော်ကြီးကို အေးအေးချမ်းချမ်းနဲ့ သာသာယာယာ ဖြစ်စေချင်ပါတယ်။ လွတ်လပ်ရေးဖခင်ကြီးတွေရဲ့ အသက်၊ သွေးချွေးနဲ့ ပေးဆပ်ခဲ့ရတဲ့ တိုင်းပြည်ကြီးကို နောင်မျိုးဆက်သစ် လူငယ်တွေအနေနဲ့ ကာကွယ်စေချင်ပါတယ်။ လွတ်လပ်ရေး မပြိုကွဲအောင်၊ အဓွန့်ရှည်တည်တံ့အောင် အချင်းချင်း ဆွေးနွေးတိုင်ပင် စေချင်ပါတယ်။ အမျိုးကိုချစ်တဲ့ စိတ်ထားတွေကိုလည်း ထားရှိစေချင်ပါတယ်လို့ အဘအနေနဲ့ ပြောချင်ပါတယ်။

အဘ ဦးလှမြင့်
အလယ်တန်းပြ(ငြိမ်း)

အဘက ကလေးအရွယ်ပဲရှိသေးတော့ တခြားဘာမှ နားမလည်ပါဘူး။ ရွာက လူကြီးတွေက အာဝါဒေး (our day)ရပြီလို့ ပြောတော့လည်း နားမလည်ပါဘူး။ အာဝါဒေးစကားကို လူကြီးတွေပြောလို့သာ အာဝါဒေးလို့ ပြောလိုက်ရတယ်။ ရွာမှာရှိတဲ့ လူကြီးလူငယ်အားလုံးကတော့ အာဝါဒေးရလို့ ပျော်ရွှင်နေကြတယ်။ အာဝါဒေးဆိုတာ မြန်မာနိုင်ငံလွတ်လပ်ရေး၊ ငါတို့လွတ်လပ်ရေး (Our Independence day)ရတယ်လို့ မိဘတွေပြောလို့ သိလိုက်ရတယ်။ အဲဒီအခါမှာ ကလေးအတွေးနဲ့ လွတ်လပ်တာဟာပျော်စရာ၊ ဝမ်းသာစရာလို့ သိလိုက်ရပါတယ်။

ထို့ကြောင့် နှင်းများတဖွဲဖွဲကျ၍ အအေးဓာတ်လွှမ်းခြုံသော ကာလ မြန်မာကောဇာ သက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် (တနင်္ဂနွေနေ့) ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ယူနီယံဂျက်အလံကို လျှော့ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ လုံးဝလွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပေသည်။

သို့ဖြစ်၍မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည်မှာ (၆၈)နှစ်ပြည့်တော့မည်ဖြစ်သည်။ ထိုသို့ နှစ်ပေါင်းကြာမြင့်လာသောအခါ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရကိုသိရှိပြီး ခေတ်သစ်လူငယ်များအနေဖြင့် ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိသည့် အသိစိတ်ဓာတ်များရှိရမည်ဖြစ်သည်။ **(ကြေးမုံသတင်းအဖွဲ့)**



၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊
☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
☆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊
☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

လွတ်လပ်ရေးနှင့် ယနေ့လူငယ်

✍ တို့မြန်မာ တစ်ခေတ်ဆန်းပြီမို့
ကိုယ့်ကြမ္မာ အသစ်လှမ်းမည်ပ
မြန်းကြစို့ ရှေ့ကိုချီ
ဒီမိုကရေစီ။

✍ တို့လူငယ် နိုင်ငံအားပါကွယ့်
ကိုယ့်မှုရယ် ပြိုင်စံရှားစေရော့
အမျိုးသားစိတ်ခိုင်ကျည်လျက်
ရှေ့ဆက်ကြမည်။

✍ ကျေးဇူးရှင် ဘိုးဘေးများရယ်က
အသက်ပေးကာ အရယူခဲ့သည်
မြန်မာပြည် လွတ်လပ်ရေး။

✍ ခေတ်ပညာ စျာန်ရှိန်တိုးပြီမို့
အသစ်ထွင်ကာ စံချိန်ချိုးစေရော့
မျိုးမြန်မာ လူငယ်များတို့ရယ်
တမူကြွယ် အသစ်တည်သော်လည်း
တစ်ခေတ်ဆီ ကိုလိုနီဘဝရယ်မှ
လွတ်လပ်ကြ အလှခိုင်မာအောင်လို့
စွမ်းဆောင်သူ သခင်အောင်ဆန်းရယ်နဲ့
အောင်ပန်းဆွတ်အရှင်များကိုလ
ဦးညွှတ်စို့လေး။ ။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

စောချိုသာ

ကလေးငယ်များကို အတုမြင် အတတ်သင်ဖြစ်စေမည့် လုပ်ဆောင်မှုများကို မိဘများရပြု သွန်သင်သင့်

မန္တလေး ဇန်နဝါရီ ၂

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များကို အကြောင်းပြုကာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများနှင့် မြန်မာ့အနုပညာပစ္စည်းများ ရောင်းဝယ်မှုတို့ တွင်ကျယ်စွာ လုပ်ကိုင်ကြရသည်။ ခရီးသွားဧည့်သည်များကို လက်မှုအနုပညာပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းတွင် အင်္ဂလိပ်စကားကို ကောင်းမွန်စွာ ပြောဆိုရောင်းချနိုင်ခြင်းမှာ ရိုးသားကြိုးစားမှုသင်္ကေတအဖြစ် တည်ရှိနေသည်။ အချို့သော ကလေးငယ်များမှာ ခရီးသည်များထံ ပိုက်ဆံတောင်းခြင်းမှာ အရှပ်ဆိုးသော မြင်ကွင်းတစ်ခုပင်ဖြစ်သည်။

ရောဝတီမြစ်ဆိပ်၌ ခရီးသည်များ ကမ်းပေါ်တက်ရာတွင် လက်ဆွဲကာ တွဲခေါ်ပေးခြင်းများလည်းရှိသည်။ အချို့သော ခရီးသည်များက မုန့်ဖိုးအဖြစ်ပေးသည်များလည်းရှိသည်။ ပိုက်ဆံတောင်းသည့် ကလေးငယ်များကို မြင်ကာ အတုမြင်အတတ်သင်သော ကလေးငယ်လေးများ တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။ ကလေးချစ်သော ခရီးသွားဧည့်သည်များက ကလေးငယ်ကို စတစ်ကာလေးများ ကပ်ပေးခဲ့ပြီး ပျူငှာစွာဖြင့် ဆက်ဆံလေ့ရှိသည်။ ဧည့်လမ်းညွှန်များကမူ ဧည့်သည်များ စိတ်ချမ်းသာရေးအတွက် တစ်ခါတစ်ရံ ဟန့်တားရသည်များလည်း ရှိနေသည်။ ထိုသို့ ဟန့်တားရခြင်းမှာ ကလေးငယ်များ အချောင်ခိုစိတ်ဝင်မည်ကို စိုးရိမ်ခြင်း၊ ခရီးသွားဧည့်သည်များက ကိုယ့်လူမျိုးကို အထင်သေးမည်ကို စိုးရိမ်သည့်အတွက် ဟန့်တားရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များမှာ မြန်မာ့သဘာဝအလှအပများကို နှစ်သက်သဘောကျကြသည်။ မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်းနှင့် မင်းကွန်းဒေသဘက်သို့ အဓိကသွားရောက်လေ့လာကြသည်။ အမရပူရနယ်တွင် သမိုင်းဝင်သစ်သားတံတားဖြစ်သည့် ဦးပိန်တံတားနှင့် ရှေးဟောင်းအနုပညာ လက်ရာမြောက် သာသနိကအဆောက်အအုံများကို လေ့လာကြသည်။ အဓိကအားဖြင့် ဦးပိန်တံတား၊ တောင်သမန်အင်းအတွင်း ငှက်လှေစီးကာ နေဝင်ဆည်းဆာအလှနှင့် ဦးပိန်တံတား အလှမြင်ကွင်းတို့ကို ကြည့်ရှုလေ့ရှိသည်။

အင်းဝဘက်လည်ပတ်မှုတွင် အင်းဝမြို့ဟောင်းနှင့် လိုက်ဖက်လှစွာ ဝန်ဆောင်မှုပေးသော မြင်းလှည်းများစီးကာ လေ့လာကြသည်။ အင်းဝဒေသဘက် သွားရောက်လေ့လာသူများမှာ အိုးတုတ္တန်းမှ ဒုဋ္ဌဝတီမြစ်ကူးကာ သဘာဝအလှအပကို မှတ်တမ်းယူလေ့ရှိသည်။ ကား၊ ဆိုင်ကယ်များဖြင့် သွားရောက်လေ့လာနိုင်သည့်တိုင်အောင် မြင်းလှည်းများကို စီးကာ လှည့်လည်လေ့လာရင်း အင်းဝဒေသ၏ ခရီးသွားရာသကို အပြည့်အဝခံစားကြသည်။

မင်းကွန်းဒေသဘက်သို့ အများအားဖြင့် ရေယာဉ်သဘော်များဖြင့် သွားလာကာ ရောဝတီမြစ်၏ အလှအပများကို မှတ်တမ်းယူလေ့ရှိသည်။ မင်းကွန်းဘက်ရောက်သည်နှင့် ပေါင်မုံလှည်းများကို စီးကာသွားရောက်လေ့လာသည်လည်း ရှိသည်။ မင်းကွန်းပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး၊ မြသိန်းတန်စေတီ၊ မင်းကွန်းခေါင်းလောင်းကြီးများနှင့် အခြားလေ့လာစရာများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများကိုလေ့လာဝယ်ယူလေ့ရှိသည်။ မန္တလေးမြို့တွင်မူ ကျုံး၊ မြို့ရိုး၊ နန်းတော်နှင့် အခြားလေ့လာစရာများစွာကို လေ့လာပြီး မန္တလေးတောင်ပေါ်မှ နေဝင်ဆည်းဆာအလှရှုခင်းကို အမိအရစောင့်မျှော်ကြည့်ရှုကြသည်။ လက်ရှိကာလတွင် ဧည့်သည်အများအပြားဝင်ရောက်လျက်ရှိပြီး ဧည့်သည်များထံမှ ကလေးငယ်များပိုက်ဆံတောင်းသည့် အပြုအမူမှာ အကျည်းတန်သည့်အတွက် မိဘများဂရုပြုပေးရန် လိုအပ်လျက်ရှိသည်။

(တိမ်တမန်)



ထီးလင်း - ဆင်စွယ် - ရေမျက်နှိုလမ်းတွင် ဘေလီသံပေါင်တံတားဆောက်လုပ်

ထီးလင်း ဇန်နဝါရီ ၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်လမ်းဖြစ်သည့် ထီးလင်း - ဆင်စွယ် - ရေမျက်နှိလမ်းကို ဖောက်လုပ်ထားပြီး လမ်းကို နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဌာနခွဲငှဲ့ပြု ရန်ပုံငွေဖြင့် လက်ပန်ရွာအနီး၌ ကျောက်ကြီးခံဘေလီတံတားကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ တံတားပြီးစီးသွားပါက ထီးလင်း - ဆင်စွယ် - ရေမျက်နှိလမ်းပတ်ဝန်းကျင်ရှိ ကျေးရွာများ လွယ်လင့်တကူသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၆၅)

အဏ္ဏဝါအဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်မည်

ရေး ဇန်နဝါရီ ၂

မွန်ပြည်နယ် ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဏ္ဏဝါအဝေးပြေး ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သာယာရေးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဒေါက်တာဇော်ဝင်းက မွန်ပြည်နယ်အစိုးအရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ အဝေးပြေးယာဉ်ရပ်နားစခန်းအား အဆင့်မြှင့်တင်နိုင်ရေး၊ အောင်မြင်စွာ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန် ပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ သိလိုသည်များ၊ အကြံပြုချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အဝေးပြေးယာဉ်နားစခန်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဇန်နဝါရီလအတွင်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

ဂျပန်သံရုံး အသေးစားစီမံကိန်းဌာနမှ ဆေးရုံနှင့် ကျောင်းများသို့ ကွင်းဆင်းကြည့်ရှု

ကျောက်ကြီး ဇန်နဝါရီ ၂

ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ ၂၀၁၃ ခုနှစ်က လျှပ်ဒါန်းခဲ့သော တောင်ဥခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံမှ ခွဲစိုပ်စက်၊ ဆေးရုံသုံးပစ္စည်း ၂၂ မျိုးသုံးစွဲမှုနှင့် လိုအပ်ချက်များကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံအခြေစိုက် ဂျပန်သံရုံး အသေးစားစီမံကိန်းဌာနမှ Mrs HYODO CHINAT-SU(ခ)ဒေါ်အေးသီတာနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့ရာ ကျောက်ကြီးမြို့နယ် ဆရာဝန်ကြီးဒေါက်တာမိုးကျော်သူနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများက ဆောက်လုပ်လျှပ်ဒါန်းထားသော မေတ္တာရပ်ကွက် အလယ်တန်းကျောင်း ဆောင်သစ်နှင့် ရန်မျိုးအောင်ကျေးရွာ မူလတန်းကျောင်းဆောင်တို့အား ကွင်းဆင်းကြည့်ရှုခဲ့ရာ ကျောင်းအုပ်ဆရာကြီးများနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြသည်ဟု သိရသည်။

"ပဲခူးတိုင်းဒေသကြီး ထဲမှာတော့ ကျောက်ကြီးမြို့နယ်ဟာ ပြည်တွင်းစစ်ဒဏ်ကို အခံခဲ့ရဆုံးပါပဲ။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ကျဆုံး ဖြစ်ခဲ့ရတယ်။ ပြည်ပက ကျန်းမာရေး၊ ပညာရေးအကူအညီပေးမှုတွေ အတွက်ကတော့ ကျေးဇူးတင်နေရပါတယ်" ဟု ကျောက်ကြီး မြို့နယ်မှ ကရင်တိုင်းရင်းသားမြို့မိ မြို့ဖတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှတိုက်မှ ဂျပန်နိုင်ငံနှင့် ဥရောပတိုက်မှ နော်ဝေနိုင်ငံတို့သည် အများဆုံး ကူညီဆောင်ရွက်မှုများ ပေးလျက်ရှိသည်ဟု သိရသည်။

(၁၂၂)

ပတ်စရာ မှတ်စရာ ကျော်စိုးဦး(မန္တလေး)

နားကြပ်တပ်ခြင်း၏ ဘေးထွက်ဆိုးကျိုးများနှင့် သင့်ကျန်းမာရေးအန္တရာယ်သတိပြုဖွယ်

မင်္ဂလာပါစာချစ်သူ။ ကျန်းမာခြင်းသည်လာဘ်တစ်ပါး။ ဥစ္စာကိုကံစောင့်သလို အသက်ကို ဥဏ္ဍာစောင့်ဆိုတဲ့စကားတွေကို သေချာလေ့လာသုံးသပ်ရင်း ခေတ်မီနည်းပညာတွေ တိုးတက်လာလေလေ ကျန်းမာရေးအန္တရာယ်တွေ ရင်ဆိုင်ရလေလေ ကျွန်တော်တို့လူဘဝသက်တမ်းတွေ ပိုမိုတိုတောင်းလို့ လာလေလေပင် မဟုတ်ပါလား။ စာချစ်သူတို့ရဲ့ နားသောတခံစားမှုများကြောင့် ကျန်းမာရေးမချို့တဲ့ရလေအောင် သတိပြုဆင်ခြင်နိုင်ကြဖို့ နားကြပ်သုံးစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများ သတိပြုဆင်ခြင်နိုင်ကြဖို့ ကောင်းနိုးရာရာလေးကို online စာမျက်နှာမှ ရွာဖွေဘာသာပြန်ပြီး ကျန်းမာရေးဗဟုသုတ စာလက်ဆောင်ကို ပေးလိုက်ပါတယ်။

လူတိုင်းဟာ လက်လမ်းမီသမျှ ခေတ်မီနားကြပ်တွေ၊ စပီကာတွေ၊ ဆောင်းဘောက်တွေနဲ့ နားသောတခံစားချင်ကြမည်မှာ ဧကန်ပင်ဖြစ်တယ်။ သတိပြုနားဆင်ခံစားသင့်လှပေတယ်။ ကားမောင်းရင်းဖြစ်စေ၊ ဆိုင်ကယ်စီးရင်းဖြစ်စေ၊ လမ်းလျှောက်ရင်းဖြစ်စေ၊ ဖုန်းပြောတဲ့အခါတွင်ဖြစ်စေ၊ သီချင်းနားထောင်တဲ့အခါဖြစ်စေ၊ တီဗွီကြည့်တဲ့အခါဖြစ်စေ၊ ကွန်ပျူတာ အင်တာနက်လိုင်းသုံး၍ စကားပြောတဲ့အခါဖြစ်စေ၊ ကွန်ပျူတာဂိမ်းဆော့တဲ့အခါဖြစ်စေ မိမိကြောင့် ဘေးပတ်ဝန်းကျင်ကို အသံဖြင့် နှောင့်ယှက်မှုမရှိစေဘဲ တစ်သီးပုဂ္ဂလ ကြည်လင်ရှင်းလင်းစွာ နားသောတဆင်နိုင်ရန်အတွက် နားကြပ်လေးတွေက လွန်စွာအသုံးတည့်လှပါတယ်။

သို့သော် ထိုနားကြပ်တွေကပဲ နားကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုး များစွာဖြစ်စေနိုင်ကြောင်းကို သိထားဖို့လိုပါတယ်။

(၁) အကြားအာရုံ ချို့ယွင်းခြင်း

ယနေ့ ကမ္ဘာပေါ်မှာ အကြားအာရုံချို့ယွင်းကြသူ အများစုမှာ ဆယ်ကျော်သက်အရွယ်များဖြစ်ကြပြီး ၎င်းတို့ဟာ အသက် (၁၀)နှစ်အရွယ် မတိုင်မီကတည်းကပင် အသံနှုန်းမြင့်ကာ နားကြပ်ဖြင့် သီချင်းကျယ်ကျယ် နားထောင်လေ့ရှိကြကြောင်း၊ ထိုသို့ ကာလတာရှည်စွာ နားထောင်ခြင်းက လုံးဝနားကန်းသွားနိုင်ကြောင်း၊ တချို့လည်း ယာယီနားပင်းသွားတာမျိုးတွေ ရှိကြောင်း ဘာ့စတွန်ရှိ ကလေးဆေးရုံမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Dr. Brian Fligor က ဆိုပါတယ်။

အမေရိကန်နိုင်ငံမှာ အကြားအာရုံဆုံးရှုံးသွားတဲ့ ဆယ်ကျော်သက် အရေအတွက်မှာ ၁၉၉၄ ခုနှစ်က ၃ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်အတွင်းမှာတော့ ၅ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်သွားကြောင်း၊ ပျမ်းမျှ အသက် (၁၂) နှစ်နှင့် (၃၅) နှစ်ကြား လူပေါင်း ၄၃ သန်းမှာ အကြားအာရုံဆုံးရှုံးသွားသော အရေအတွက်မှာ ပို၍တိုးလာနေပြီဖြစ်ကြောင်း၊ ချမ်းသာသော (သို့မဟုတ်) ဝင်ငွေအလယ်အလတ် ရှိသောနိုင်ငံများမှ လူထက်ဝက်ခန့်မှာတစ်ကိုယ်ရေသုံး သီချင်းဖွင့်စက်များမှ ဘေးမကင်းသော အသံမြင့်နှုန်းများဖြင့် ထိတွေ့နေကြပြီး ထို အတောအတွင်း ၄၀ ရာခိုင်နှုန်းမှာ ကလပ်များနဲ့ အရက်ဆိုင်များမှ ထိခိုက်ပျက်စီးစေနိုင်သော အသံအမြင့်မျိုးဖြင့် ထိတွေ့နေရကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ကြေညာထားတယ်လို့ ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းက BBC သတင်းမှာ ဖော်ပြထားပါတယ်။



(၂) Decibel Ranges (ခေါ်) အသံပါဝါယူနစ်များ

အသံပါဝါယူနစ်ဆိုတာ အသံအတိုးအကျယ်ကို တိုင်းတာနှုန်းထား ဖြစ်ပါတယ်။ နားကြပ်မှ အသံပါဝါယူနစ်ကို ၈၅ dB (Decibel) အထိထား၍ တစ်နေ့ကို ရှစ်နာရီကြာ သီချင်းနားထောင်တဲ့အခါ ယာယီနားပင်းသွားစေနိုင်ပါတယ်။ ထိုနည်းတူ အသံပါဝါယူနစ်ကို ၈၈ dB အထိထား၍ လေးနာရီကြာမျှ သီချင်းနားထောင်တဲ့အခါမှာလည်း ယာယီနားပင်း သွားစေပါတယ်။ အကယ်၍ MP3 ဖွင့်စက်ကို အမြင့်ဆုံးအသံဖြစ်သည့် ၁၀၅ dB ထား၍ နားထောင်ပါက လေးမိနစ်မျှအထိသာ နားထောင်သင့်ပြီး ထို့ထက်အချိန်ပို၍ သီချင်းနားထောင်ခဲ့မယ်ဆိုရင်တော့ ၁၅ မိနစ် အချိန်တွင်းမှာပင် နားလုံးဝပင်းသွားနိုင်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လေ့လာမှုစစ်တမ်းများအရ ဆူညံသံလက်ခံနားထောင်သင့်သော စာရင်းများကို အခုလို ထုတ်ပြန်ထားပါတယ်။ (က) ကားတစ်စီးထဲတွင် ဆူညံသံအဆင့် ၈၅ dB ကို ရှစ်နာရီအထိသာ နားဆင်သင့်ပါတယ်။ (ခ) မြက်ရိတ်စက် တစ်လုံး၏ ဆူညံသံ ၉၀ dB ကို နာရီဝက်အထိသာ အများဆုံး သည်းခံသင့်ပါတယ်။(ဂ) မော်တော်ဆိုင်ကယ်တစ်စီး၏ ပျမ်းမျှ ဆူညံသံ ၉၅ dB ကို ၄၇ မိနစ်၊ ကား သို့မဟုတ် မြေအောက်ရထားဟွန်း သံ၏ဆူညံသံ ၁၀၀ dB ကို ၁၅ မိနစ်အထိသာ နားထောင်သင့်ပါတယ်။ (ဃ) ရော့ခ်ဂီတဖျော်ဖြေပွဲတစ်ခု၏ ဆူညံသံ ၁၁၅ dB ကို ၂၈ စက္ကန့်အထိသာ နားထောင်သင့်ပါတယ်။

(၃)နားထဲသို့ ပိုးဝင်သွားခြင်း

ဥပမာ-အင်တာနက် ဂိမ်းဆိုင်တွေမှာ နားကြပ်ကို မျပက်စီးသမျှ ကာလပတ်လုံး အသစ်လဲလှယ်ခြင်းမရှိဘဲ လူတကာသုံးထားတာကြောင့် ပက်တီးရီးယားပိုးမွှားတွေကို တစ်ယောက်ပြီး တစ်ယောက် လက်ဆင့်ကမ်း သယ်ဆောင်သွားကြပြီး နားထဲပိုးဝင်တတ်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် မိမိကိုယ်ပိုင်နားကြပ် သီးသန့်ထား၍ သုံးပါ။ ခေတ္တငှားရမ်းသုံးစွဲခြင်း မပြုရ။

(၄) အချိန်အကန့်အသတ်ရှိပါစေ

အလုပ်သဘောအရ မဖြစ်မနေ နားကြပ်တပ်၍ သုံးရတဲ့အခါ နားစည်တုန်ခါမှု မပြင်းထန်စေဖို့အတွက် (က) နားကြပ်ကို နားအတွင်းကလိုဏ်ပေါက်ထဲအထိထိုး၍ မတပ်ပါနှင့်။ (ခ) မိမိကြားလောက်ရုံမျှသာ အသံပမာဏကို ချိန်ဆ၍ လျှော့သုံးပါ။ (ဂ) နားကြပ်သုံးစွဲချိန်ကို အချိန်တစ်နာရီပြည့်တိုင်း ငါးမိနစ် ခေတ္တနားပါ။ နားကျန်းမာရေးအသိဖြင့် မိမိဘာသာဆင်ခြင်၍ မိမိပတ်ဝန်းကျင်ရှိသူများကိုပါ နားကြပ်ဝတ္ထုပစ္စည်းလေးတွေကြောင့် အကြားအာရုံမဆုံးရှုံး ကြလေအောင် ကျန်းမာရေးအသိဖြင့် လက်ဆင့်ကမ်းသတင်းမျှဝေပေးကြပါလို့ တိုက်တွန်း လိုက်ပါရစေ။ ။

တောင်ကိုရီးယားသို့ ရုပ်ရှင်လာရောက်ရိုက်ကူးမယ့် လီယမ်နီးစန်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီယမ်နီးစန်ဟာ ယခုဇန်နဝါရီလရဲ့ လလယ်ပိုင်းမှာတောင်ကိုရီးယားနိုင်ငံသို့ လာရောက်ကာ ရုပ်ရှင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လီယမ်ဟာ " The Battle of Incheon"လို့ အမည်ပေးထားတဲ့ ၁၉၅၀ ပြည့်နှစ်ကာလတွေကို အခြေခံကာ ဇာတ်လမ်းဆင်ထားတဲ့ရုပ်ရှင်ကားတစ်ကားကို ရိုက်ကူးရန်လာရောက်ခြင်းဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ ထုတ်လုပ်သူတွေ ပြောကြားချက်အရ ရိုက်ကူးရေးလုပ်ငန်းတွေကို ဇန်နဝါရီ ၁၁ရက်မှာ စတင်မှာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါရုပ်ရှင်မှာ လီယမ်ဟာ ဗိုလ်ချုပ်မက်အာသာအဖြစ်ပါဝင်သရုပ်ဆောင်သွားမှာပါ။ မက်အာသာဟာ ၁၉၅၀ ခုနှစ်လောက်က ကုလသမဂ္ဂတပ်ဖွဲ့တွေရဲ့ တပ်မှူးတစ်ဦးဖြစ်ပါတယ်။ စစ်ပွဲတစ်ခုရဲ့ ပထမလအတွင်းမှာ တောင်ကိုရီးယားစစ်တပ်ဟာ မြောက်ကိုရီးယားတပ်တွေကို စစ်ရှုံးပြီး နက်ဒေါင်းမြစ်တစ်လျှောက် တပ်ပြန်ဆုတ်ခွာလာခဲ့ပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်မက်အာသာဦးဆောင်တဲ့ တပ်ဖွဲ့တွေဟာ "The Battle of Incheon"လို့ အမည်ရတဲ့ စစ်ဆင်ရေးတစ်ခုကို ဆင်နွှဲနေပါတယ်။ စစ်ဆင်ရေးအတွင်း မြောက်ကိုရီးယားစစ်တပ်ပိုင်နယ်မြေအတွင်း ရောက်ရှိသွားခဲ့ပုံတွေကို ယခုရုပ်ရှင်မှာ ရိုက်ကူးတင်ဆက်သွားမှာဖြစ်ပါတယ်။

လီယမ်ဟာ ကမ္ဘာကျော်မင်းသားတစ်ဦးဖြစ်ကာ တောင်ကိုရီးယားနိုင်ငံမှာလည်း ပရိသတ်အခိုင်အမာ ရရှိထားသူပါ။ ဒါကြောင့် တောင်ကိုရီးယားမှာ



လာရောက်ရိုက်ကူးမယ့် သူ့ရဲ့ရုပ်ရှင်ကိုလည်း ပရိသတ်တွေက အထူးစိတ်ဝင်စားလျက်ရှိကြပါတယ်။ သူဟာ ရုပ်ရှင်များစွာရိုက်ကူးခဲ့ပြီးဖြစ်ကာ သူရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေအနက် ကျော်ကြားတဲ့ရုပ်ရှင်တွေကတော့ " Taken"၊ " Batman Begins " နဲ့ " Non-Stop "တို့ပဲ ဖြစ်ကြပါတယ်။

အေးပြည့်-စုစည်းသည်

ဂျက်ဇ်တေးဂီတရဲ့ပြယုဂ် နာတာလီကိုးလ်ကွယ်လွန်



ဂျက်ဇ်တေးဂီတကို တစ်ခေတ်ဆန်းစေခဲ့ကာ ဂျက်ဇ်ဂီတလောကဓာတ်၏ အထင်ကရတစ်ဦးဖြစ်သော အော်စကာဆုရှင် အဆိုတော်နာတာလီကိုးလ်သည် ကျန်းမာရေးပြဿနာအမျိုးမျိုး၏ နောက်ဆက်တွဲဆိုးကျိုးများခံစားရကာ အသက် (၆၅)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဖောက်ဇ်နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

နာတာလီသည် ပြီးခဲ့သည့် ကြာသပတေးနေ့က လော့စ်အိန်ဂျယ်လိစ်ရှိ စီဒါစ်ဆိုင်နိုင်ကျန်းမာရေးစင်တာတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးသုံးစွဲခြင်း၏ နောက်ဆက်တွဲပြဿနာအဖြစ် နာတာလီသည် အသည်းရောင်အသားဝါရောဂါကို ခံစားရပြီး ယင်းရောဂါ၏ အကျိုးဆက်ကြောင့် ၂၀၀၉ ခုနှစ်တွင် ကျောက်ကပ်ပျက်စီးသဖြင့် အစားထိုးကုသခဲ့ရသည်။ သူကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သောနေ့တွင်ပင် သူ၏အစ်မဖြစ်သူ ကာရိုကွတ်ကီးကိုးလ်သည် ကွယ်လွန်ခဲ့သည်။ သူတို့၏အစ်ကိုဖြစ်သူ နက်ကယ်လီကိုးလ်သည် ၁၉၉၅ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

နာတာလီကိုးလ်၏ဖခင် နက်ကင်းကိုးလ်သည် နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်ကာ နာတာလီသည်ဖခင်ထံမှ ဂီတအမွေအနှစ်ကိုဆက်ခံခဲ့သည်။ အသက် (၁၁)နှစ်အရွယ်ကပင်စတင်ကာ ဖခင်နှင့်အတူ သီချင်းများသီဆိုအသံသွင်းခဲ့သည်။ နာတာလီအသက် (၁၅)နှစ်အရွယ် ၁၉၆၅တွင် ဖခင်ဖြစ်သူမှာ အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

နာတာလီသည် အာရန်ဘီတေးဂီတအမျိုးအစား တေးသီချင်းများကို စတင်သီဆိုရင်း ဂီတလောကသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် သူ့ဖခင်နှစ်သက်သည့် တေးဂီတအမျိုးအစားများဖြစ်သည့် ပေါ်ပ်နှင့် ဂျက်ဇ်တေးဂီတဘက်သို့ ကူးပြောင်းခဲ့သည်။


သူ၏အနုပညာသက်တမ်းတစ်လျှောက် အအောင်မြင်ဆုံးသောတေးအယ်လ်ဘမ်မှာ ၁၉၉၁ ခုနှစ်က ထုတ်လုပ်ခဲ့သော " Unforgettable ... With Love"ဖြစ်သည်။ ယင်းတေးအယ်လ်ဘမ်သည် သူ၏ဖခင်အတွက် အမှတ်တရထုတ်လုပ်ခဲ့သော တေးအယ်လ်ဘမ်တစ်ခုဖြစ်ကာ ဖခင်ဖြစ်သူ၏ အကျော်ကြားဆုံးသောတေးသီချင်းများဖြစ်ကြသည့် " That Sunday That Summer"၊ " Too Young"နှင့် " Mona Lisa"တေးသီချင်းများကို နာတာလီကပြန်လည်ဆန်းသစ်သီဆိုခဲ့သည်။ အဆိုပါတေးအယ်လ်ဘမ်သည် ကမ္ဘာတစ်ဝန်းတေးအယ်လ်ဘမ်ပေါင်း ၁၄ သန်းကျော်ရောင်းချခဲ့ရပြီး တစ်နှစ်တာ၏ အကောင်းဆုံးတေးအယ်လ်ဘမ်၊ တစ်နှစ်တာ၏အကောင်းဆုံးတေးသီချင်းဆုများအပါအဝင် ဂရမ်မီဆု ခြောက်ဆု ရရှိခဲ့သည်။

နောက်ပိုင်းတွင် နာတာလီသည် ရုပ်သံအစီအစဉ်အချို့၌လည်း သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ရိုက်ကူးခဲ့သည်။ နာတာလီသည် နယ်လှည့်ဖျော်ဖြေပွဲများနှင့် တိုက်ရိုက်ဖျော်ဖြေထုတ်လွှင့်မှုများ ပြုလုပ်ရသည်ကို အထူးနှစ်သက်သူတစ်ဦးလည်း ဖြစ်သည်။

နာတာလီသည် သူ၏ဂီတသက်တမ်းတစ်လျှောက် အာရန်ဘီ၊ ပေါ်ပ်နှင့် ဂျက်ဇ်တေးဂီတများကို သီဆိုခဲ့ပြီး သူ၏ အောင်မြင်မှုသည် ဆယ်စုနှစ်ငါးခုခန့်အထိ ကြာရှည်ခဲ့သည်။

နာတာလီကွယ်လွန်ချိန်တွင် တစ်ဦးတည်းသော ရင်သွေးလေးဖြစ်သည့် သမီးလေး ရောဘတ်ယန်စီ ကျန်ရစ်ခဲ့သည်။

ဟန်ဆန်းဟွာဖွင့်ပြောလာတဲ့ အလှအပရေးရာလျှို့ဝှက်ချက်



တောင်ကိုရီးယားအမျိုးသမီး ပေါ်ပ်တေးဂီတအဖွဲ့ "Secret"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကာ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အနုပညာလှုပ်ရှားမှုများ ပြုလုပ်နေသော ဟန်ဆန်းဟွာက သူ၏အလှအပရေးရာနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်ကို ဇန်နဝါရီလထုတ် SURE မဂ္ဂဇင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်ကို အမ်ဝေဖဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အဆိုပါမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဓာတ်ပုံများ၌ ဟန်သည် သူ၏ထူးခြားသောအသားအရေကို ထင်ဟပ်စေနိုင်သည့် အနီရောင်ဂါဝန်ကို ဝတ်ဆင်ထားသည်။

ဆက်လက်ပြီး သူက ယင်းမဂ္ဂဇင်း၏ အင်တာဗျူးတွင် ယခုကဲ့သို့ လှုပသောအသားအရေနှင့် ရုပ်ရည်ကို ပိုင်ဆိုင်ထားရခြင်း၏ လျှို့ဝှက်ချက်မှာ နံနက်ခင်းတိုင်းတွင် ပန်းသီးတစ်ခြမ်းစားခြင်းနှင့် ရေတစ်ဖန်ခွက်သောက်ပေးခြင်းကြောင့်ဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

ထို့ပြင် မိတ်ကပ်လိမ်းခြယ်ခြင်းနှင့် ပတ်သက်၍လည်း သူပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်၏စိတ်ခံစားမှုကိုလိုက်၍ နှုတ်ခမ်းကို ပြောင်းလဲ ခြယ်သလေ့ရှိကြောင်း ဆိုသည်။ ဆက်လက်ပြီး သူက အထိအခိုက်မခံသော အသားအရေကို ပိုင်ဆိုင်ထားသူများအနေဖြင့် နှင်းဆီပန်းပါဝင်သော အလှကုန်များကို သုံးစွဲသင့်ကြောင်းလည်း အကြံပေးခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၃- ၁ - ၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-တေးဂီတအစီအစဉ်
၆း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ချစ်ရမှာ ကြောက်လို့"
(နေမင်း၊ နဝရတ်၊ နန်းဒေဝီ)
(ဒါရိုက်တာ- အောင်ပပါဝါ)
၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၂း၅၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ)
"သူ့ကျွန်မခံပြီ" (ညွှန့်ဝင်း၊
ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊
မေသန်းနု၊ နန္ဒာလှိုင်)
(ဒါရိုက်တာ- ကြည်စိုးထွန်း)

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၈)ရက်၊ ဥပုသ်နေ့

၇း၃၅ Business NEWS
၈း၃၅ အောင်မြင်သူနှင့်အတူ
(ဂီတမှူး-ဓိရာမိုရ်)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ ကဗျာရိပ်မြုံ
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၃း၃၅ ဆေးရောင်စုံရုပ်ရှင်
"တပြည်သူမရွှေထား"
(ဇာတ်သိမ်း)
(ကျော်သူ၊ မေသန်းနု)
(ဒါရိုက်တာ-ဇင်ရော်မောင်မောင်)
၄း၃၅ Business NEWS
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၇း၁၅ ဟိုတုန်းကရေဒီယိုအသံလွှင့်
ဇာတ်လမ်းများ
"ကိုယ်ကျင့်တရား"(ဇာတ်သိမ်း)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ တစ်ခေတ်ပြန်လည်ဆန်းသစ်ခဲ့ပြီ
လွတ်လပ်ရေးနေ့ပို့လ်ရှုခံ
အခမ်းအနားဆီ
၉း၀၀ ပြည်တွင်းသတင်း
- Tasty Trip
- ဆိုကြမယ်၊ ပျော်ကြမယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊
မင်္ဂလသုတ်
၅း၄၀ "ဝိပဿနာ စစ်တမ်း"တရားတော်
(ဓမ္မဒုတဒေါက်တာ
အရှင်ပညိဿရာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၆၀)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Myat Tha Pyay Family Co.,Ltd New Product Launch Event)
၈း၀၀ Cartoon Series (English Playground)
၈း၃၅ Cartoon Series (Go Torara Go)
၈း၅၅ Weekly Sports Diary
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားက မေတ္တာများ"
(အပိုင်း-၈၃)
၁၀း၀၅ ခေတ်သစ်မျိုးမေ
၁၀း၅၀ ကိုရီးယား-မြန်မာချစ်ကြည်ရေးနှစ်
(၄၀)ပြည့် အထိမ်းအမှတ် Get It all Korea 2015
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အသက်ကလေးရယ်ရွှည်စေလို"
(အပိုင်း-၅+၆)
၁း၅၀ MPT ရဲ့ပျော်ရွှင်ကံထူးနှစ်သစ်ကူး
အစီအစဉ်မှ ကံထူးရှင်များအား
ဆုချီးမြှင့်ခြင်းအခမ်းအနား
၃း၁၀ Health Fix
၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၆၁)
၄း၁၅ Fashion Week
၄း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားက မေတ္တာများ"
(အပိုင်း-၈၄)
၅း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အသက်ကလေးရယ်ရွှည်စေလို"
(အပိုင်း-၇+၈)
၁၀း၃၅ MRTV-4 Stage
၁၁း၁၀ World of Knowledge (Hooked Nile Giant)

mitv

07:03 Am News
07:25 The Man and The Elephant (Part- I)
07:41 The Man and The Elephant (Part- II)
07:56 Black Gold (Part- II)
08:03 News
08:26 Myanmar Prehistory
08:51 Famous Pagodas of Sagaing
09:03 News
09:26 To The Land Of Countless Temples - Bagan Trip (EP-1)
09:52 My Life & My Art
10:03 News
10:26 Travelogue "Chaung Tha at its peak period"
10:41 Strolling Along A Memory Link - U Pein Bridge
07:03 Pm News
07:24 History And Mystery Behind The Caves
07:50 Today Myanmar
08:03 News
08:26 National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode-3) National Literary Icon in His Old Age
08:53 Myanmar Masterclass "Caricature"

ကြယ်တွေ စုံလင်နေတော့မယ့် ပရီမီယာလိဂ်



ကမ္ဘာ့အကောင်းဆုံးနည်းပြတွေက ဂွါဒီယိုလာ၊ ဆီမြွန်နီ၊ မော်ရင်ဟို၊ အန်းနရစ်၊ အန်ဆလော့တီ၊ ကွန်တီတို့ ဆိုပြီး ဘောလုံးလောကမှာ သတ်မှတ်ထားပါတယ်။ ဒီထဲမှာမှ ချယ်လ်ဆီးနဲ့ လမ်းခွဲထားတဲ့မော်ရင်ဟိုက လက်ရှိမှာ အသင်းလက်မဲ့ဖြစ်နေပြီး အန်စလော့တီကတော့ နောက်နှစ်မှာ ဘိုင်ယန်ကို ကိုင်တွယ်မှာ ဖြစ်တယ်လို့ တရားဝင်ပြောကြားထားပြီးဖြစ်ပါတယ်။ ဆီမြွန်နီကတော့ ရီးယဲလ်၊ ဘာစီလိုနာတို့ရှိနေတာတောင် အက်သလက်တီကိုကို လာလီဂါဖလားရယူပေးနိုင်ခဲ့လို့ သူ့ရဲ့နာမည်က ကမ္ဘာ့အားကစားလောကဇာတ်ခုံမှာ ထင်ရှားလာခဲ့တာဖြစ်ပါတယ်။ ဂွါဒီယိုလာကတော့ ဒီနှစ်ဘောလုံးရာသီအကုန်မှာ ဘိုင်ယန်နဲ့ တရားဝင် လမ်းခွဲတော့မယ်လို့ ပြောကြားထားတာကြောင့် သူ့ကို လိုချင်တဲ့ ဥရောပအသင်းကြီးတွေက ခြေချင်းလိမ်နေပါတယ်။ အစောပိုင်းမှာ ရီးယဲလ်က ဂွါဒီယိုလာကို ခေါ်ယူမယ်လို့သတင်းထွက်ခဲ့ပေမယ့် တကယ်တမ်းမှာ ဘာကာနည်းပြ ဟောင်းတစ်ယောက်ကို ရီးယဲလ်က ခေါ်ယူမယ်ဆိုတာ မဟုတ်ပါဘူးလို့ ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က တရားဝင်ပြောကြားထားပြီး ဖြစ်ပါတယ်။

အခုဆို မန်ယူနည်းပြ ဗန်ဟားလ်ရဲ့ အနာဂတ်က တောက်လျှောက်လှုပ်ခတ်နေသလို သူနေရာမှာ ချယ်လ်ဆီးက ထုတ်ပယ်လိုက်တဲ့မော်ရင်ဟို၊ ဘိုင်ယန်နဲ့ လမ်းခွဲမယ်လို့ ပြောကြားထားတဲ့ ဂွါဒီယိုလာတို့ ဝင်ရောက်တော့မယ်လို့ သတင်းတွေ ထွက်ပေါ်နေခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးကလည်း မော်ရင်ဟိုကို ထုတ်ပယ်ပြီး ဟစ်ဒင့်ကို ယာယီနည်းပြအဖြစ်သာ ခန့်အပ်ထားတာကြောင့် သူနေရာမှာ အက်သလက်တီကိုနည်းပြ ဆီမြွန်နီ၊ ဂွါဒီယိုလာတို့ ဝင်ရောက်နိုင်ခြေများနေတယ်လို့ မာကာသတင်းစာက ဖော်ပြလာခဲ့ကြပါတယ်။ ဒီလိုပါပဲ အနာဂတ်ရေးရာ အမြဲတမ်းလှုပ်ခတ်နေတဲ့ မန်စီတီးနည်းပြပယ်လိဂရီနီနေရာမှာ ဂွါဒီယိုလာကို အစားထိုးတော့မယ်လို့ အင်္ဂလန်မီဒီယာတွေက သေချာပေါက် တွက်ချက်ဖော်ပြလာပါတယ်။

ဒါပေမယ့် အင်ဒီပန်းဒင့် သတင်းစာကတော့ နောက်နှစ်ဘောလုံးရာသီမှာ မန်ယူ-မော်ရင်ဟို၊ ချယ်လ်ဆီး-ဆီမြွန်နီ၊ မန်စီးတီး-ဂွါဒီယိုလာဆိုပြီး ဖော်ပြခဲ့တော့ ဒီလိုသာ တကယ်ဖြစ်လာခဲ့မယ်ဆိုရင် ပရီမီယာလိဂ်က ကမ္ဘာ့အကောင်းဆုံးနည်းပြတွေစုဝေးနေတဲ့ တစ်ခုတည်းသောလိဂ်ဖြစ်လာမှာပါ။ ဝက်စ်ဘရွန်းမှာ ဘီလစ်၊ စပါးမှာ ပိုချက်တီနို၊ ဆောက်သမ်တန်မှာ ရော်နယ်လ်ကိုးမင်း၊ လက်စတာမှာ ရာနီရေရီ၊ လီဗာပူးမှာ ဂျာဂန်ကလော့၊ ဝက်ဖို့ဒ်မှာ ဖလောရက်စ်၊ အာဆင်နယ်မှာ ဝင်းဂါးတို့ရှိနေပြီးသားဆိုတော့ ဒီနာမည်ကျော်နည်းပြ သုံးဦးသာ ပရီမီယာလိဂ်ကို ထပ်ရောက်လာခဲ့ရင် ပရီမီယာလိဂ်ဟာ နည်းဗျူဟာအစုံညီဆုံးလိဂ်ဖြစ်လာမှာပါ။

အခုဆို ပရီမီယာလိဂ် အသင်းလေးတွေမှာတောင် နည်းပြတွေရဲ့ ရသစုံနည်းဗျူဟာတွေကို မြင်တွေ့နေရပြီး ခရစ္စတယ်ပဲလေ့စ်က အလန်ပါဂျူး၊ ဝက်ဖို့ဒ်နည်းပြ ဖလောရက်စ်၊ စတုတ်နည်းပြ မားဟုခ်ျတို့ဟာ နည်းဗျူဟာပိုင်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ လက်စတာနည်းပြ ရာနီရေရီရဲ့ ရွှေ့လျားမှုဦးစားပေး ကစားဟန်က အလုပ်ဖြစ်နေခဲ့ပြီး အမှတ်ပေးဇယားထိပ်နားမှာ ရပ်တည်နေနိုင်တာကို သတိပြုရမှာပါ။ စတုတ်နည်းပြ မားဟုခ်ျနဲ့ ဆောက်သမ်တန်နည်းပြ ကိုးလ်မင်းတို့ရဲ့ ခံစစ်အားပြု တန်ပြန်တိုက်စစ်ကစား ဟန်ကတော့ အသင်းကြီးတွေနဲ့ ကစားရာမှာ အလုပ်ဖြစ်သင့်သလောက်ဖြစ်ပေမယ့် အသင်းငယ်တွေကို ရင်ဆိုင်ရာမှာတော့ အခက်တွေ့လေ့ရှိပါတယ်။

ဝက်ဖို့ဒ်နည်းပြ ဖလောရက်စ်ဆိုရင် နည်းဗျူဟာပိုင်း ကျွမ်းကျင်သူဖြစ်တာကြောင့် အခြားလိဂ်တွေက နာမည်ရှိတဲ့ ကလပ်တွေ ခေါ်ယူနေတဲ့ ကြားကပဲ ဝက်ဖို့ဒ်လို တန်းတက် အသင်းငယ်လေးဆီကို ရောက်ရှိလာတာပါ။ ဒီလိုနာမည်ကြီးနည်းပြကို တန်းတက်အသင်းက ခေါ်ယူဖို့ဆိုတာ ပရီမီယာလိဂ်အသင်းတွေကပဲ စွမ်းဆောင်ပြနိုင်မှာဖြစ်ပြီး ကျန်တဲ့လိဂ်တွေက လုပ်ဆောင်ပြဖို့ မလွယ်ပါဘူး။ ဒါ့အပြင် ဝက်စ်ဘရွန်းနည်းပြ ဘီလစ်ရဲ့ နည်းဗျူဟာကလည်း အံ့ဩလောက်ဖွယ်ဖြစ်ပြီး အာဆင်နယ်၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ကိုတောင် တောက်လျှောက် အနိုင်ရရှိအောင်ကစားနိုင်ခဲ့တာကို ပရိသတ်တွေအနေနဲ့ သတိပြုရမှာ ဖြစ်ပါတယ်။

အရင်က အီတလီ စီရီးအေဟာနည်းဗျူဟာပိုင်း အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ ပရီမီယာလိဂ်ရဲ့ ရုပ်သံထုတ်လွှင့်ကြေးကရတဲ့ ဝင်ငွေတွေရဲ့ ဆွဲဆောင်မှုကြောင့် ကမ္ဘာ့အကောင်းဆုံးနည်းပြတွေက ပရီမီယာလိဂ်ကို ရောက်ရှိလာမှာ မဟုတ်ဘဲ ဒီထက် အစဉ်အလာကြီးတဲ့ ပရီမီယာလိဂ်အသင်းကိုသာ ရောက်ရှိနိုင်မယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။ ဒါဆိုကလပ်အသင်း အတော်များများက အလိုရှိနေတဲ့ ဂွါဒီယိုလာကို မန်ယူ (ဒါမှမဟုတ်) ချယ်လ်ဆီးတို့က ခေါ်ယူနိုင်မှာလား။

ဒါပေမယ့် ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်က ဂွါဒီယိုလာထက် ဆီမြွန်နီကို ပိုပြီးသဘောကျတာကြောင့် ချယ်လ်ဆီးရဲ့ အဓိက ပစ်မှတ်က ဆီမြွန်နီဖြစ်ပါတယ်။ မန်ယူကတော့ လက်ထောက်နည်းပြ ရွိုင်ယန်ဂစ်ထက် အတွေ့အကြုံ ရင့်ကျက်နေတဲ့ မော်ရင်ဟိုကိုသာ ဦးစားပေးခန့်အပ်ချင်နေတယ်လို့ သိရပါတယ်။ မော်ရင်ဟိုကလည်း သူ့ရဲ့ချယ်လ်ဆီးမှာ ကျဆုံးခဲ့တဲ့ သိက္ခာတရားကို ပြန်လည်အဖတ်ဆယ်ဖို့ ပရီမီယာလိဂ် အသင်းကြီးတစ်သင်းကို ကိုင်တွယ်လိုနေပါတယ်။ ဒါပေမယ့် မော်ရင်ဟိုရဲ့ ကိုယ်စားလှယ် ဂျော့ဂ်မန်းဒက်စ်ကတော့ လောလောဆယ် မော်ရင်ဟိုကို ဘယ် အသင်းကမှ တရားဝင်မကမ်းလှမ်းသေးဘူးလို့ ပြောကြားထားပါတယ်။ မန်ယူက ဗန်ဟားလ်ကို ထုတ်ပယ်ခဲ့ရင် အသင်းလက်မဲ့ဖြစ်နေတဲ့ မော်ရင်ဟိုကို လွယ်လွယ်ကူကူခေါ်ယူနိုင်ဖို့ ရာနှုန်းများနေပါတယ်။

မန်စီးတီးကတော့ ဥရောပအောင်မြင်ရေးမျှော်လင့်ချက်အတွက် ပယ်လီဂရီနီကို ထုတ်ပယ်ပြီး ဂွါဒီယိုလာကို ရရှိဖို့ ဦးစားပေး ချဉ်းကပ်နေပါတယ်။ ဒီလိုဆိုရင် မန်ယူကို မော်ရင်ဟို၊ ချယ်လ်ဆီးကို ဆီမြွန်နီတို့ရောက်ရှိလာဖို့ အလားအလာများနေတာကြောင့် ပရီမီယာလိဂ်ဟာ ကြယ်ပွင့်နည်းပြတွေစုံနေတဲ့ တစ်ခုတည်းသောလိဂ်ဖြစ်လာဖို့ရှိနေပါတယ်။ ဂွါဒီယိုလာကလည်း ဘယ်အသင်းကို ပြောင်းရွှေ့မယ်လို့ တိတိကျကျ မပြောထားပေမယ့် ပရီမီယာလိဂ်ကိုသာလာဖို့ အလားအလာ များနေတယ်လို့ စကားဦး သန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မန်ယူ-မော်ရင်ဟို၊ ချယ်လ်ဆီး- ဆီမြွန်နီ၊ မန်စီးတီး-ဂွါဒီယိုလာဆိုတဲ့ ခန့်မှန်းချက်ဟာ ရာနှုန်းပြည့် မမှန်ကန်ရင်တောင် ဖြစ်နိုင်ခြေများတဲ့ မှန်းဆချက်ဖြစ်တာကြောင့် ပရီမီယာလိဂ်ဟာ ကြယ်တွေစုံလင်တဲ့ လိဂ်ဖြစ်လာတော့မှာတော့ သေချာလို့နေပါတယ်။ ။

မေလွဲသင်း



အော်ဂတ်စတိုဖာနန်ဒက်ဇ် အက်သလက်တီကိုအတွက် အကောင်းဆုံးပေးစွမ်းနိုင်ပါ့မလား

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ စပိန်လာလီဂါ ဖလားချနိုင်ဖို့အတွက် ဆယ်လ်တာဗီဂိုကွင်းလယ်ကစားသမား အော်ဂတ်စတိုဖာနန်ဒက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူစာချုပ်လိုက်ပါပြီ။

ကွင်းလယ်ကစားသမားဖာနန်ဒက်ဇ်ဟာ ဒီဇင်ဘာ ၃၁ ရက်မှာ ကျန်းမာရေးဆိုင်ရာဆေးစစ်မှုတွေပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှာတော့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်ပါတယ်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အော်ဂတ်စတိုဖာနန်ဒက်ဇ်ဟာ ယခုနှစ်ဘောလုံးရာသီမှာ ဆယ်လ်တာဗီဂိုအသင်းကို လာလီဂါအမှတ်ပေးဇယားရဲ့ အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ရေး အကောင်းဆုံး စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး ဆယ်လ်တာဗီဂိုအသင်းအတွက် ပွဲပေါင်း ၁၂၂ ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၀ ဂိုးသွင်းယူပေးထားတဲ့ ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

အော်ဂတ်စတိုဖာနန်ဒက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အကောင်းဆုံးစာချုပ်ချုပ်ဆိုခြင်းဖြစ်တယ်လို့လည်း အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဒီယေဂိုဆီမြွန်နီက ပြောကြားခဲ့ပါတယ်။

အော်ဂတ်စတိုဖာနန်ဒက်ဇ်ရောက်ရှိလာခဲ့ခြင်းကြောင့် ဒဏ်ရာပြဿနာရှိထားတဲ့ တီယာဂိုနေရာမှာ အကောင်းဆုံးအစားထိုးနိုင်မယ့် ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ဒီယေဂိုဆီမြွန်နီအနေနဲ့ မျှော်လင့်ထားတာဖြစ်ပြီး တီယာဂိုဟာ ခြေထောက်ကျိုးဒဏ်ရာပြဿနာကြောင့် မတ်လအထိ အနားယူရမှာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲမှာ ဥရောပချန်ပီယံ ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားထားပြီး ရမှတ် ၃၈ မှတ်နဲ့ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ စပိန်လာလီဂါပြိုင်ပွဲတွင် ဒုတိယနေရာ ရပ်တည်လျက်ရှိသလို စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲနဲ့ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတို့မှာလည်း ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။

နည်းပြဒီယေဂိုဆီမြွန်နီအနေနဲ့ ကွင်းလယ်ကစားသမား အော်ဂတ်စတိုဖာနန်ဒက်ဇ်အား အသင်းအတွက် အသုံးတည့်မယ့်ကစားသမားအဖြစ် မျှော်လင့်ထားသလို အော်ဂတ်စတိုဖာနန်ဒက်ဇ်ကလည်း အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ဆုဖလားတွေရရှိအောင် အကောင်းဆုံးကစားသွားမယ်လို့ ဆိုထားပေမယ့် အော်ဂတ်စတိုဖာနန်ဒက်ဇ်တစ်ယောက် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အကောင်းဆုံးပေးစွမ်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

(နိုင်လင်းကြည်)

အားကစား

လာလီဂါဖလားအတွက် အက်သလက်တီကို စိန်ခေါ်နိုင်စွမ်းရှိဟု ဘာစီလိုနာနည်းပြ အန်းနရစ် ယုံကြည်

ဘာစီလိုနာနည်းပြ လူးဝစ် အန်းနရစ်က လာလီဂါပြိုင်ဘက် အက်သလက်တီကို အနေဖြင့် လာလီဂါချန်ပီယံဆုကို အပြည့်အဝစိန်ခေါ်နိုင်စွမ်းရှိကြောင်း သူ၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ အက်သလက်တီကို အသင်း မှာ လက်ရှိတွင် ဘာစီလိုနာထက် တစ်ပွဲပိုကစားပြီး ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည်။

အက်သလက်တီကိုသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကလည်း ဘာစီလိုနာနှင့် ရီးယဲလ်တို့အား ကျော်ဖြတ်ကာ လာလီဂါ ချန်ပီယံဆုကို အံ့အားသင့်ဖွယ်ရာ ဆွတ်ခူးခဲ့သောကြောင့် အန်းနရစ်က အက်သလက်အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင်လည်း ယင်းဖြစ်ရပ်မျိုး နောက်ထပ် စွမ်းဆောင်ပြနိုင်ရန် ခွန်အားအပြည့်ရှိနေကြောင်း ယုံကြည်နေခြင်းဖြစ်သည်။ အက်သလက်တီကိုသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှ စတင်၍ အင်အားကြီး အသင်းတစ်သင်းဖြစ်လာခဲ့ပြီး ဥရောပအောင်မြင်မှုများကို ပါ ရယူထားနိုင်ခဲ့သည်။ အက်သလက်တီကို ကစားသမားများမှာ ဥရောပ၏ အဓိကပစ်မှတ်ကစားသမားများဖြစ်လာခဲ့ပြီး ကစားသမား အဝင်၊ အထွက် စာရင်းမှ ဘဏ္ဍာငွေများစွာ ရှာဖွေနိုင်ခဲ့သည်။

အက်သလက်တိုက်စစ်မှူးများဖြစ်သော အဂူရို၊ ဒီယေဂိုကော်စတာနှင့် ဖယ်လ်ကာအိုတို့မှာ ဥရောပ၏ ကြေးအမြင့်ဆုံးပေးချေခဲ့ရသည့် ကစားသမားများဖြစ်ပြီး နည်းပြဆီဘွဲ့နိုင်၏ တိုက်စစ်ကစားသမားရွေးချယ်အသုံးပြုတတ်မှုက အခြားကလပ်များ၏ စံထားရာ ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ လက်ရှိတွင် အက်သလက်မှာ ဘာစီလိုနာနှင့် ရမှတ်တူအနေအထားကို ရယူထားနိုင်ခဲ့ပြီး ယင်းအနေအထားကို ရာသီကုန်အထိဆက်လက် ထိန်းထားနိုင်မည်ဟု အန်းနရစ်က ယုံကြည်ထားသည်။

"အက်သလက်က လာလီဂါ ချန်ပီယံလောင်းစာရင်းမှာ အင်ပြည့်အားပြည့် ပါဝင်မယ့် အသင်းပါ။ လိဂ်ပွဲစဉ်တွေမှာ သူတို့ဘယ်လောက်ကောင်းအောင် ကစားနိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြသနိုင်ခဲ့ပြီးပါပြီ။ ဒါကြောင့် ချန်ပီယံလောင်းစာရင်းမှာ ဘာစီလိုနာ၊ ရီးယဲလ် တို့အပြင် အက်သလက်ကိုလည်း ထည့်ထားရမှာပါ"ဟု အန်းနရစ်က ပြောကြားခဲ့သည်။



သို့သော် အန်းနရစ်က ဘာစီလိုနာအနေဖြင့် အောင်မြင်မှုဆာလောင်နေသောကြောင့် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက စွမ်းဆောင်မှုမျိုး နောက်တစ်ကြိမ် ထပ်မံပြုလုပ်နိုင်မည်ဟု ယုံကြည်ထားကြောင်းလည်း တစ်ဆက်တည်းပင်ပြောကြားခဲ့သည်။

(မေလဲ့သင်း)

ဘာစီလိုနာအသင်းမှာ ဆုဖလားများစွာရယူရန်ဆန္ဒရှိနေကြောင်း မက်ဆီပွင့်ဟ



ဥရောပချန်ပီယံ ဘာစီလိုနာအသင်းသည် ၂၀၁၅ ခုနှစ်တွင် ဆုဖလားငါးလုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင်လည်း ဆုဖလားများစွာ ရယူရန်ဆန္ဒရှိနေကြောင်း ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို လေးကြိမ်အထိ ဆွတ်ခူးရရှိထားခဲ့သည့် တိုက်စစ်မှူး မက်ဆီက ဘာစီလိုနာ၏ပြိုင်ဘက်အသင်းများကို သတိပေး ပြောကြားလိုက်သည်။

တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာအသင်းအတွက် ပွဲပေါင်း ၅၀၀ အထိ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ ဘာစီလိုနာအသင်းသည် လက်ရှိလာလီဂါအမှတ်ပေးဇယားတွင် အက်သလက်တီကိုမက်ဒရစ်အသင်းအား ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ဘာစီလိုနာအသင်းသည် လွန်ခဲ့သည့် ၁၂ လအတွင်း ချန်ပီယံလိဂ် ဖလား၊ လာလီဂါဖလား၊ စပိန် ကိုပါ ဒယ်ရေးဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် ကမ္ဘာ့ကလပ်အသင်းများ ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အသင်း ဖြစ်ပြီး တစ်နှစ်တာကာလအတွင်း ဂိုးပေါင်း ၁၈၀ အထိသွင်းယူနိုင်ခဲ့သည့် အသင်းတစ်သင်း အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည့် အသင်းဖြစ်သည်။

(ငွေကြယ်)

အိုဇေးလ်အား အနားပေးရန် ဝင်းဂါးစီစဉ်

အနားပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အိုဇေးလ်မှာ လေ့ကျင့်ရေးကွင်းတွင် အချိန်ပြည့် ဝင်ရောက်ကစားနိုင်ခြင်းမရှိဘဲ ပင်ပန်းနွမ်းနယ်နေသောကြောင့် အနားပေးရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ သို့သော် အိုဇေးလ်အား အနားပေးရန် ဆုံးဖြတ်ခဲ့ရခြင်းက အာဆင်နယ်အတွက် စွန့်စားဆုံးဖြတ်ခဲ့ရသည့် ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ နိုင်ငံတကာပွဲစဉ်များ မယှဉ်ပြိုင်မီ တစ်ပတ်တိတိ အားလပ်ရက် စီစဉ်ပေးထားမည်ဖြစ်ကြောင်း၊ အိုဇေးလ်မှာ ပွဲတိုင်းကစားပေးချင်သည့် ဆန္ဒရှိနေသော်လည်း ဒဏ်ရာပြဿနာ ကြုံတွေ့လာမည်ကို စိုးရိမ်သောကြောင့် ယခုကဲ့သို့ အနားပေးရန် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ဝင်းဂါးက ဂိုးလ်ဒေါ့ကွန်းသို့ ဇန်နဝါရီ ၂ ရက်က သတင်းပေးခဲ့သည်။

[မေလဲ့သင်း]

အာဆင်နယ်နည်းပြ ဝင်းဂါးက ပွဲဆက်များကာန္တမ်းနယ်နေသောကွင်းလယ်ဖန်တီးရှင် အိုဇေးလ်အား တစ်ပတ်တာ အနားယူစေမည်ဟု အတည်ပြုပြောကြားခဲ့သည်။ အာဆင်နယ်သည် လက်ရှိတွင် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်၌ ရပ်တည်နေသော်လည်း အလက်ဆစ်ဆန်း ချက်ဇီမှာ ပွဲဆက်များပြီး ပင်ပန်းနွမ်းနယ်နေချိန်၌ အနားမရခဲ့သဖြင့် တံကောက်ကြောဒဏ်ရာရရှိခဲ့သောကြောင့် ဝင်းဂါးက အိုဇေးလ်အား ပွဲကျပ်ကာလမှာပင်



တိုဗက်ဧရိယနေရာမှာ အစားထိုးရန် မလွယ်ကူဟု ဒိုင်ဘာလာ ဝန်ခံ

ပါလာမိုမှ ဂျူဗင်တပ်သို့ ပြောင်းရွှေ့လာခဲ့သော ဂျူဗီတိုက်စစ်မှူး ဒိုင်ဘာလာက တိုဗက်ဇ်နေရာတွင် အစားထိုးကစားနေရခြင်းက အပြောလွယ်သော်လည်း အမှန်တကယ် ခက်ခဲလွန်းသည့် ကိစ္စရပ်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဒိုင်ဘာလာမှာ ရာသီအစ ခြေစွမ်းပိုင်း ရုန်းကန်ခဲ့ရသော်လည်း ယခုနောက်ပိုင်းတွင် ပုံမှန်ခြေစွမ်းရလာခဲ့သူဖြစ်သည်။ ဒိုင်ဘာလာက ပရိသတ်များ၏ ကြီးမား သည့် မျှော်လင့်ချက်ကို သိရှိထားသော်လည်း တိုဗက်ဇ်နေရာ ဝင်ရောက်ကစားနေရခြင်းက ၎င်း အတွက် ခက်ခဲလွန်းနေကြောင်း ဆိုခဲ့သည်။

ဒိုင်ဘာလာမှာ ဂျူဗီအတွက် ပြိုင်ပွဲစုံ၂၄ပွဲတွင် ၁၀ဂိုးသွင်းယူထားနိုင်ခဲ့ပြီး ဂျူဗီမှာ ပွဲတိုင်းအနိုင်ရရှိရန် လိုအပ်သည့် အသင်းဖြစ်သောကြောင့် ဖိအားများလွန်းသည့် အနေအထားကို ရင်ဆိုင်နေရကြောင်းလည်း ကစားသမားက ဆိုခဲ့သည်။ ဂျူဗီတိုက်စစ်မှူး တိဗက်ဇ်မှာ မွေးရပ်မြေ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာသို့ မပြောင်းရွှေ့မီ ဂျူဗီအတွက် ပွဲပေါင်း ၉၆ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး ၅၀ အထိသွင်းယူပေးခဲ့သူဖြစ်သည်။

(မေလဲ့သင်း)

လီဗာပူးသို့ ပြန်ပြောင်းကစားရန် လက်ရှိအချိန်အထိ ဘာလော့တယ်လီမဆွေးနွေးရသေး

အီတလီတိုက်စစ်မှူး ဘာလော့တယ်လီသည် နည်းပြဂျာဂန်ကလော့ကိုင်တွယ်လျက်ရှိသည့် လီဗာပူးအသင်းသို့ တစ်ကျော့ပြန် ပြောင်းရွှေ့ကစားလိုသော်လည်း လက်ရှိအချိန်အထိ နည်းပြဂျာဂန်ကလော့နှင့် ဆွေးနွေးမှုတစ်စုံတစ်ရာ မပြုလုပ်ရသေးကြောင်း သိရသည်။

ထို့ပြင် လက်ရှိအဌားစာချုပ်ဖြင့် ကာလရှည်ကစားလျက်ရှိသည့် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက လီဗာပူးအသင်းနည်းပြဂျာဂန်ကလော့အနေဖြင့် တိုက်စစ်မှူး ဘာလော့တယ်လီအား လီဗာပူး တိုက်စစ်မှူးအဖြစ် ပြန်လည်အသုံးပြုမည်လားဆိုသည်နှင့် ပတ်သက်၍ မသေချာသေးကြောင်းလည်း ဘာလော့တယ်လီ၏ ကိုယ်စားလှယ်ဖြစ်သူ ရိုယိုလာက ဝန်ခံပြောကြားခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အီတလီကြယ်ပွင့် တိုက်စစ်မှူး ဘာလော့တယ်လီသည် လီဗာပူးအသင်း၌ တစ်ရာသီကြာ ကစားခဲ့ပြီးနောက် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တိုက်စစ်မှူး ဘာလော့တယ်လီသည် အေစီမီလန်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ရရှိရေး ရုန်းကန်နေရသည်။

ဘာလော့တယ်လီသည် နည်းပြဘရန်ဒန် ရော်ဂျာလက်ထက်တွင် ပွဲထွက်ကစားခွင့် အခွင့်အလမ်းနည်းခဲ့ရခြင်းကြောင့် လီဗာပူးအသင်းမှ ထွက်ခွာခဲ့ခြင်း ဖြစ်ပြီး လက်ရှိအခြေအနေမှာ လီဗာပူးအသင်းအား နည်းပြဂျာဂန်ကလော့ ပြောင်းရွှေ့ကိုင်တွယ်ခဲ့ပြီဖြစ်၍ ဘာလော့တယ်လီအနေဖြင့် အန်ဖီးလ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဘာလော့တယ်လီ၏ လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ၂၀၁၈ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

(ငွေကြယ်)

အားကစားလောက သတင်းတိုထွာများ

◎ မန်ယူ၏ တိုက်စစ်ကို ဦးဆောင်ကစားနေသော ရွန်းနီနှင့် မာရှယ်လ်တို့ နှစ်ဦးပေါင်း ပရီမီယာလိဂ်သွင်းဂိုး ခြောက်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူ၏ တိုက်စစ်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် သွေးသစ်လောင်းရန် လိုအပ်နေပြီဖြစ်ကြောင်း မန်ယူနည်းပြ ပန်ဟားလ်က ဝန်ခံပြောကြားခဲ့သည်။

◎ ချယ်လ်ဆီးနည်းပြသစ် ဟစ်ဒင့်က ကလပ်အသင်း ရလဒ်ဆိုးများ၏ အဓိကပြဿနာမှာ ကွင်းလယ်ကစားသမား ဖာဘရီကတ်စ်ကြောင့် ဖြစ်လာရခြင်းမဟုတ်သောကြောင့် ၎င်းအား အဓိကပစ်မှတ်ထားနေသော ပရီသတ်များ၏ ဝေဖန်မှုများကို အမြန်ဆုံးရပ်တန့်စေလိုကြောင်း မေတ္တာရပ်ခံခဲ့သည်။

◎ လီဗာပူးနည်းပြ ဂျာဂင်ကလော့က မလိုအပ်ဘဲ ငွေသုံးကြမ်းသည့် အပြောင်းအရွှေ့မူဝါဒက ဖိအားများကိုသာ တိုးလာစေကြောင်း သူ၏ ယူဆချက်ကို ဖွင့်ဟခဲ့သည်။

(မေလဲ့သင်း)

စဉ့်ကိုင်မြို့နယ် တောမကျေးရွာရှိ တက္ကသိုလ်ကျောင်းသားကျောင်းသူများ နေထိုင်သည့် အိပ်ဆောင်များအတွင်း ငွေနှင့်လက်ကိုင်ဖုန်းများ လိုက်လံခိုးယူသူအား ဖမ်းဆီးရမိ



စဉ့်ကိုင် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်ရာ အဆောင်ပတ်ဝန်းကျင်တွင် မသက်ဖွယ်ရာ လှုပ်ရှားသွားလာနေသည့် စဉ့်ကိုင်မြို့နယ် ရွာဟောင်းကုန်းကျေးရွာနေ အောင်ထွန်း(ခ)အာကာ(၃၂)နှစ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့လှည့်ကင်း၊ တောမကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ကျေးရွာအဆောင်ပိုင်ရှင်များက ဇန်နဝါရီ ၁ ရက်က ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အောင်ထွန်း(ခ)အာကာ၏ ကိုယ်ပေါ်မှ လက်ကိုင်ဖုန်းနှင့် ငွေများတွေ့ရှိသဖြင့် စဉ့်ကိုင်မြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ညအခါချိန်မတော် လက်ကိုင်ဖုန်းနှင့်ငွေများ လိုက်လံခိုးယူသူ အောင်ထွန်း(ခ)အာကာအား ဆက်လက်စစ်ဆေးရာ လွန်ခဲ့သောနှစ်လခန့်မှစ၍ စဉ့်ကိုင်မြို့နယ် တောမကျေးရွာအတွင်းရှိ ကျောက်ဆည်တက္ကသိုလ် ကျောင်းသား ကျောင်းသူများနေထိုင်သည့် အဆောင်များအတွင်းမှ လက်ကိုင်ဖုန်း လေးလုံးနှင့် ငွေကျပ် ၇၁၀၀၀ တို့အား ခိုးယူခဲ့သဖြင့် စဉ့်ကိုင်မြို့ မြို့မရဲစခန်းမှ အမှုလေးမှုဖြင့် အရေးယူထားကြောင်း သိရသည်။

ထွေးထွေး(စဉ့်ကိုင်)

ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

သော ပူးပေါင်းအဖွဲ့သည် ၃၀ ရက်ကရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြားနှင့် မူးယစ်ဆေးဝါးသုံး ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ တာမွေမြို့နယ် မလွှကုန်း ဌေးကြွယ်(က)ရဲကွက် ဓမ္မဒါနလမ်းနေ မအိန္ဒြာသက်ဇင်(ခ)ပန်းအို၏နေအိမ်အခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၊ အိုက်စ် သုည ဒသမ ၀၃၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ဇော်မျိုးခိုင်(ခ)ဇော်ဇော် (၃၀)နှစ်နှင့် မအိန္ဒြာသက်ဇင်(ခ)ပန်းအို (၃၀)နှစ်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)



မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

မော်လမြိုင်၌ မီးလောင်မှုဖြစ်ပွား

မော်လမြိုင် ဇန်နဝါရီ ၂

မော်လမြိုင်မြို့ ဘိုကုန်းရပ် သိပ္ပံလမ်းထိပ်ရှိ မင်းကင်းဘုန်းကြီးကျောင်း၌ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းကင်းဘုန်းကြီးကျောင်း (၃၅×၂၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်ကျောင်းဆောင်ရှိ အပေါ်ထပ်ဘုရားကျောင်းဆောင်တွင် ပူဇော်ထားသော မီးဆိုင်းလျှပ်စစ်ကြိုးများ အပူလွန်ကဲမီးလောင်ရာမှ ဘုရားစင်သို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကျောင်းဆောင်အပေါ်ထပ်ပျက်စီးဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှတ်တမ်းအရ သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ကပ္ပိယဖြစ်သူ ဦးသန်းဇော်ထွေးအား မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၉၄)

ပုလဲမြို့နယ်တွင် ပိတောက်သစ်တုံး ၁၀၈ တုံး ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ပုလဲ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို ကာကွယ်ဖမ်းဆီးလျက်ရှိရာ ဇန်နဝါရီ ၁ ရက်က ပိတောက်သစ်တုံး ၁၀၈ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းနှင့် ဝန်ထမ်းများ၊ ရနောင်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီက ရွာနောင်(တ)ကျေးရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ ရွာပြင်သုသာန်အနီး ပိုင်ရှင်မဲ့ ပိတောက်သစ်တုံး ၄၃ တုံး (အလေးချိန် ၆ ဒသမ ၈၅၀တန်)တွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေရာ ပိုင်ရှင်မဲ့ ပိတောက်သစ်တုံး ၃၇ တုံး (အလေးချိန် ၆ ဒသမ ၈၁၀တန်)အား ထပ်မံသိမ်းဆည်းရမိ ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁ ရက် ည ၇ နာရီတွင် ချင်းပြစ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနတောအုပ် ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် နှောပင်ပြန့်ကျေးရွာ အရှေ့ဘက်နှစ်မိုင်ခန့်အကွာ တမာပင်ရေတောတိုက်အတွင်း ဝင်ရောက်ရှာဖွေရာ ပိုင်ရှင်မဲ့ ပိတောက်သစ်တုံး ၂၈ တုံး (အလေးချိန် ၅ ဒသမ ၃၇ တန်)အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် ပိတောက်သစ်တုံး ၁၀၈ တုံး (အလေးချိန် ၁၈ ဒသမ ၈၁၀ တန်)အား မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဆေးစပ်ကြောင်းလမ်းပြိုးစီးခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်-၅(A)၊ နှင်းဆီလမ်း၊ မရမ်းကုန်းရပ်နေ ဦးစိန်လှ-ဒေါ်ဘေဘီညွှန့်တို့၏သားငယ်

Dr. ရဲကျော်စွာလှ M.B.,B.S (Mgy)

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ (၅)လမ်း၊ အမှတ်(၁၆၆)နေ (ဦးတင်ဦး)-ဒေါ်တိုးတို့၏သမီးကြီး

Dr. အေးမြသူ M.B.,B.S (Mgy)

တို့သည် ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့)တွင် နှစ်ဖက်လူကြီးမိဘ၊ ဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြိုးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

Dr. ရဲကျော်စွာလှ - **Dr.** အေးမြသူ

AUNG JAPANESE ACADEMY (SINCE 2007)
ဂျပန်ပညာသင် 2016 Oct တန်း
ဆက်သွယ်ရန်

ခြံရောင်းမည်

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆို့ရှယ်လစ်(၂၅)လမ်းသွယ် (၄၀' × ၁၂၀')
ဖုန်း- ၀၉ ၄၂၁၉၂၈၇၁

ဖခင်အမည်မှန်

ရမည်းသင်းမြို့အမှတ်(၆)အထက(မြို့လှ) အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မနေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း(ခ)ဦးနေလင်း၉/ရမသ(နိုင်)၁၁၈၄၃၈ ဖြစ်ပါသည်။ ဦးအောင်နိုင်ဝင်း(ခ)ဦးနေလင်း ၉/ရမသ(နိုင်)၁၁၈၄၃၈

အမှားပြင်ဆင်ချက်

(၃၂၄)ကြိမ် ချစ်ကြည်ရေးနှင့် ကမ္ဘာသစ် ထီပေါက်စဉ်တွင် အက္ခရာတူ ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူလျှင် ကျပ်(၁)သိန်း ဆုမဲများတွင် ၃ 897 ကို ၄ 897 ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။



အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အဝေးသင်ဌာန၊ စတုတ္ထနှစ်၊ စိတ်ပညာမှ မောင်ထွန်းသာ၏ အမည်မှန်မှာ မောင်ထွန်းဆာဖြစ်ပြီး၊ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၁-၁၉၉၂ ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၂-၂၀၁၅ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)ပါ၊ ကန့်ကွက်နိုင်ကြောင်း (ဦးဝမ်းမောင်)အမည်ပေါက် ကြော်ငြာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေကွက်အမှတ်(၉၅၃/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ငှားမည်

ကမာရွတ်၊ ဘုရင့်နောင်လမ်းမ၊ ရွှေစပယ်ရိပ်မွန်မြေညီတိုက်ခန်းကျယ် (Master-1, Single-2,Aircon-4)
ph-09-791017534

ပြည်တွင်းရေးရာ

မြေပဲအထွက်နှုန်းနည်း၍ မြေပဲလုပ်ငန်းရှင်များ အခက်အခဲများရှိနေ

ငါ်သရောက် ဇန်နဝါရီ ၂



မန္တလေးတိုင်းဒေသကြီး ငါ်သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သော်လည်း အချို့ကျေးလက်ဒေသများ၌ မြေပဲသီးနှံအထွက်နှုန်းနည်းမှုများနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် တောင်သူများ အကျိုးအမြတ်နည်းခြင်းများရှိနေကြောင်း စိုက်ပျိုးသူတောင်သူများက ပြောသည်။

ယင်းမြို့နယ်အတွင်းရှိ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် မြေပဲသီးနှံကို လိုသလောက်ဝယ်၍ မရခြင်းများနှင့် ကြုံတွေ့နေရပြီး မြေပဲများဝယ်ယူရာတွင်လည်း ယခင်နှစ်များအတိုင်း မိမိတို့မြေပဲအရောင်းအဝယ်ပြုလုပ်သည့်ပွဲရုံသို့ လာရောက်ရောင်းချသူနည်းပါးမှုများရှိကြောင်း သိရသည်။

လုပ်ငန်းရှင်များအနေဖြင့် ကျေးရွာများသို့ သွားရောက်ပြီး မြေပဲများဝယ်ယူနေရခြင်းကြောင့် ယခုနှစ်တွင် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ်သရောက်မြို့နယ် ဆည်ကျေးရွာမှ မြေပဲရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြသူများက ပြောသည်။

ငါ်သရောက်မြို့နယ် ဆည်ကျေးရွာတွင် မြေပဲရောင်းဝယ်ရေး လုပ်ငန်းရှင် ၁၀ ဦးခန့်ရှိပြီး မြေပဲများ အထွက်နှုန်းနည်းပါးခဲ့ခြင်းကြောင့် ကျေးရွာများသို့သွားရောက်၍ အပြိုင်အဆိုင် ဝယ်ယူနေကြကြောင်းနှင့် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် မြေပဲများ လိုသလောက်ဝယ်ယူ၍ မရဖြစ်ကာ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ်သရောက်မြို့နယ်ဆည်ကျေးရွာမှ ဦးအေးချမ်းက ပြောသည်။

ငါ်သရောက်မြို့နယ်တွင် မြေပဲအထွက်နှုန်းနည်းသည့်အတွက် မြေပဲရောင်းဝယ်ရေး လုပ်ငန်းရှင်များက မြေပဲများ စျေးကောင်းပေးဝယ်ယူနေကြကြောင်း၊ မြေပဲတောင့်များကောင်းမွန်ပါက အလေးချိန် အခြောက်တစ်ပိသာလျှင် ငွေကျပ် ၁၃၅၀ မှ ကျပ် ၁၄၀၀ အထိ ဝယ်ယူကြကြောင်း သိရသည်။

သို့သော်လည်း ယခုနှစ်တွင် ငါ်သရောက်မြို့နယ်ရှိ အချို့ကျေးလက်ဒေသများတွင် မိုးရွာသွန်းမှုများမှာ မြေပဲခင်းများ မိုးလိုအပ်နေသည့်အချိန်တွင် မိုးရွာသွန်းမပေးခြင်းကြောင့် တောင်သူများ မြေပဲအထွက်နှုန်း နည်းပါးခဲ့ပြီး အချို့ကျေးရွာများတွင် မြေပဲဆန်တစ်တင်းကျလျှင် မြေပဲအတောင့် လေး၊ ငါး တင်းခန့်သာ ထွက်ရှိကြောင်း ငါ်သရောက်မြို့နယ်ဆင်သားမွေးကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

ခဲ့ဝင်းနိုင်(ညောင်ဦး)

မြန်မာ့အာမခံလုပ်ငန်း အကြောင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ မြို့နယ်ကျန်းမာရေးမှူးဦးမြသွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်သက်မာနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် ခရမ်းမြို့နယ် ကျန်းမာရေးမှူးဦးမြသွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံး ခရိုင်တာဝန်ခံ ဒေါ်သက်မာက အာမခံအမျိုးအစားများဖြစ်သည့် ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ မြွေအန္တရာယ်အာမခံ၊ မီးနှင့် အထွေထွေအာမခံအလုံးစုံ၊ မော်တော်ယာဉ်အာမခံ၊ ခရီးသွားအာမခံနှင့် အထူးခရီးသွားအာမခံထားရှိခြင်းနှင့် ရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေး အသိပညာပေးဟောပြော၍ အာမခံလုပ်ငန်းအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကိုမင်း(ဧရမ်း)

မတ်ပဲနှင့် နေကြာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

တောင်တွင်းကြီး ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတိုင်းဦးစီးမှူး၏ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ရန်ပယ်ဆည်ရေသောက် ဝတ္ထသေးကျေးရွာအုပ်စု အဆင်မြင့်ကေကွက်များတွင် မိုးနှမ်း၊ မိုးစပါး၊ မတ်ပဲသီးနှံများ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး ရေဆင်း (၆) မတ်ပဲမျိုးနှင့် ဆင်းရွှေကြာ (၂) နေကြာမျိုးတို့အား ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်၊ ခရိုင်ဦးစီးမှူး ဦးသိန်းလွင်၊ မြို့နယ်ဦးစီးမှူးတို့က ဒေသခံတောင်သူများအား အခမဲ့ဖြန့်ဖြူးပေးသဖြင့် တောင်သူများက မိုးစပါးအပြီးစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ခင်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးထွန်မြင့်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုရာ မတ်ပဲနှင့် သီးညှပ်နေကြောစိုက်ခင်းကေ ၅၀ မှာ အောင်မြင်ဖြစ်ထွန်းသဖြင့် ဒေသခံတောင်သူများက လာမည့်နှစ်များတွင်လည်း မိုးနှမ်း၊ မိုးစပါး၊ မတ်ပဲနှင့်နေကြာသီးနှံများ ပြောင်းလဲစိုက်ပျိုး၍ ဝင်ငွေတိုးမည်ဖြစ်ပြီးရာ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူ ဦးသန်းက ပြောကြားခဲ့သည်။

၅၈၀



နတ်တလင်းမြို့နယ်တွင် သောက်သုံးရေရရှိရန်စက်ရေတွင်းသစ်ဖွင့်လှစ်

နတ်တလင်း ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အရှေ့ခြမ်း ဆီဆုံကုန်းကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီ၌ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြုံဆိုဂုဏ်ပြုသောအားဖြင့် ဒေသနေပြည်သူများအတွက် သောက်သုံးရေ အခက်အခဲမရှိစေရန် နှစ်လက်မစက်ရေတွင်းနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် တန်ဖိုးငွေကျပ် ၂၂သိန်း အကုန်အကျခံကာ မြို့နယ်စည်ပင်သာယာရေးမှ ဆောင်ရွက်ပေးကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ စည်ပင်သာယာရေး ဦးဆောင်အရာရှိ ဦးဆန်းအောင်၊ ရပ်မိရပ်ဖဦးလှဝင်းတို့မှ ဖွင့်လှစ်ပေး၍ နှစ်လက်မစက်ရေတွင်းမှာ ပေ ၂၀၀ အနက်ရှိပြီး တစ်နာရီတွင် ရေဂါလန် ၈၀၀ ထွက်ရှိသည်။ အိမ်ထောင်စု ၃၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော်တို့အား နွေရာသီ ရေရှားပါးမှုမရှိရလေအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

၀၇၁

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြက်ဖြတ်စက်ပေးအပ်

သံတောင်ကြီး ဇန်နဝါရီ ၂

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး အထောက်အကူပြုကော်မတီမှ သံတောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အရ မြက်ဖြတ်စက်များ ထောက်ပံ့ပေးအပ်ခြင်းကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲ အခမ်းအနားတွင် သံတောင်ကြီးမြို့ပေါ် ငါးရပ်ကွက်အတွက် မြက်ဖြတ်စက်တစ်လုံးစီ ဖြန့်ဝေပေးအပ်မည်ဖြစ်ရာ ရွှေဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်သန်းက အမှာစကားပြောကြားပြီးနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးအထောက်အကူပြုကော်မတီမှ ပေးအပ်သော မြက်ဖြတ်စက်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာစာရေးများက အသီးသီးလက်ခံ ရယူခဲ့ကြသည်။

မြို့နယ် (မြန်/ဆက်)

အင်းစိန်၌ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

၂၇၅၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် အထိမ်းအမှတ်ပွဲများကို အင်းစိန်မြို့နယ်အတွင်းရှိ မဟာဆေးဝက်ဘာ (အာလိန်ငါးဆင့်) ဘုရားဝင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲ၊ ကရင်ဒုံးယိမ်းအကပြိုင်ပွဲ၊ ပြပွဲများဖြင့် လည်းကောင်း၊ ကြိုကုန်းအရှေ့ရပ်ကွက်ရှိ ကျမ်းစာသင်ကျောင်းဝင်းအတွင်း ဒုံးအကပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများဖြင့်လည်းကောင်း ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အား ယခင်နှစ်များနည်းတူ အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် လုံခြုံရေးတာဝန်ယူကြမည့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့တာဝန်ယူရမည့် နေရာများကို တိုင်းရင်းသားစည်းလုံးရေးစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းထမ်းဆောင် ကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက ပြောကြားခဲ့သည်။

(၆၈၄)

ကျေးလက်စာကြည့်တိုက်မျှူးသင်တန်းဆင်းပွဲနှင့် SKY NET, TV ပေးအပ်ပွဲကျင်းပ

ခင်ဦး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်စာကြည့်တိုက်မှူးသင်တန်း(၂/၂၀၁၅)ဆင်းပွဲနှင့် SKY NET၊ TV ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ကြည်ဆန်းက ကျေးလက်စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်၊ စာစောင်များ စနစ်တကျထိန်းသိမ်းရေးတို့ကိုပြောကြားခဲ့ပြီး မြို့နယ်ဥပဒေအရာရှိက ဥပဒေဆိုင်ရာသိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဆင်းရဲမှုလျော့ချရေးအစီအစဉ်မှ အခမဲ့ထောက်ပံ့သော SKY NET နှင့် TV LED နှစ်စုံကို မကျီးတုံကျေးရွာနှင့် ရွာသစ်(နှ)ကျေးရွာ စာကြည့်တိုက်တို့ကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန်ပုံငွေဖြင့် SKY NET နှင့် TV လေးစုံကို ထနောင်းကိုင်းကြီးကျေးရွာ၊ အင်းပတ်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ရုံးပင်ကျေးရွာ စာကြည့်တိုက်တို့ကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ခင်ဦးနိုးဝေ

ပန်ထွာလမ်းကတ္တရာလမ်းသစ်ဖွင့်လှစ်

တောင်တွင်းကြီး ဇန်နဝါရီ ၂

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ခွဲပြုငွေ ကျပ် ၂၄၅၀၆၀၀၀ ဖြင့်ဆောင်ရွက်ခဲ့သည့် အရှည် ပေ ၂၃၈၀ အကျယ် ၁၂ ပေရှိ အုန်းတော(၁)ရပ်ကွက် ပန်ထွာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

၅၈၀


လန်ဒန်မြို့၏ နှစ်သစ်ကူးပွဲတော် မြင်ကွင်း။ ဓာတ်ပုံ–တယ်လီဂရပ်။

မနောအလှ လန်းဖြာမှ အဟောဝတ ချမ်းသာစွ

မျက်မှောက်ကမ္ဘာတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊စစ်ရေး စသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)

à ကိုရင်ဩ

ဂရက်ဂရီယန်း (Gregorian) ပြက္ခဒိန်စာမျက်နှာသစ် ဖွင့်လှစ်ကြသည့် အချိန် ၂၀၁၆ ခုနှစ် နှစ်ဆန်းကာလ ပထမရက် သတ္တပတ်ဝင်ရောက်ချိန်တွင် ကမ္ဘာ့သတင်းဇာတ်ခုံပေါ် တက်ရောက်လာသည့် နှစ်သစ်ကူးပုံရိပ်များက ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် ရိုက်ခတ်လာရာ 'ဩော် ခရစ်နှစ်သစ် ဝင်ရောက်လာပြီပါတကား' ဟု ကျူးရင့်မိရင်း ကမ္ဘာ့နိုင်ငံအချို့၏ နှစ်သစ်ကူးထုံးဓလေ့စဉ်လာများကို ကျွန်ုပ်ငေးမောကြည့်မိလေသည်။

အင်္ဂလန်

အင်္ဂလိပ်လူမျိုး နှစ်သစ်ကူးထုံးဓလေ့က မိတ်သင်္ဂဟများအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အလေးပေးသည်။ နှစ်သစ်တွင် မိမိ၏ နေအိမ်သို့ ပထမဆုံး ရောက်ရှိလာသူသည် ကံကောင်းမည့် အတိတ်နိမိတ်များကို ဆောင်ကြဉ်းလာသည်ဟု ယူဆကြလေသည်။

ရိုးရာထုံးဓလေ့အရ မိမိနေအိမ်သို့ လာရောက်သူသည် အမျိုးသားတစ်ဦးဖြစ်သင့်သည်။ အိမ်ရှင်မိသားစု စားသုံးရန် ပေါင်မုန့်၊ အိမ်ထောင်ဦးစီး အပန်းဖြေရန် ယမကာ၊ နေအိမ်သုံး မီးလင်းဖိုသို့ အသုံးပြုရန် ကျောက်မီးသွေးစသည့် နှစ်သစ်ကူးလက်ဆောင်များနှင့်အတူ အိမ်ရှေ့တံခါးပေါက်မှ အမျိုးသားတစ်ဦး တံခါးခေါက်ဝင်ရောက်လာပါက ယင်းမိသားစုအနေဖြင့် တစ်နှစ်တာကာလပတ်လုံး ကံကောင်းခြင်းဆုလာဒ်နှင့် ပြည့်စုံလိမ့်မည်ဟု အစဉ်အလာအရ ယုံကြည်လေသည်။

အမေရိကန်

အမေရိကန်ပြည်ထောင်စုသို့ နှစ်သစ်ကူး အကြိုည ၁၁ နာရီ ၅၉ မိနစ်၌ တိုင်းမ်စကွဲယားလွင်ပြင်၌ တည်ရှိသော ဘောလုံးကြီးကို ၁၄၁ ပေအမြင့်ရှိ အထူးအလံတိုင်ထိပ်ပေါ်မှ မြေပြင်ပေါ်သို့ စက္ကန့် ၆၀ အတွင်း ဆင်းသက်စေကာ နှစ်ကူးကြလေ့ရှိသည်။

ဒိန်းမတ်

ဒိန်းမတ်နိုင်ငံ၏ နှစ်သစ်ကူးထုံးဓလေ့အစဉ်အလာတစ်ရပ်မှာမူ တစ်မူထူးကဲလှသည်။ ယင်းမှာ နှစ်သစ်ကူးကာလအတွင်း မိမိနှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေသင်္ဂဟများ၏ နေအိမ်သို့ မိမိတို့စုဆောင်းထားသော ပန်းကန်လုံး၊ ပန်းကန်ပြား အကွဲအစများကို ယူဆောင်သွားကာ နေအိမ်၏ တံခါးပေါက်ကို ပန်းကန်လုံး၊ ပန်းကန်ပြား အကွဲအစများဖြင့် ပစ်ပေါက်ကြရခြင်းဖြစ်လေသည်။

နေအိမ်တံခါးပေါက်၌ ပစ်ပေါက်ထားသော ပန်းကန်လုံး၊ ပန်းကန်ပြား အကွဲအစများလေလေ မိတ်ဆွေသင်္ဂဟ ပေါလေလေဟုမှတ်ယူကြ၏။

အချို့သော ဒိန်းမတ်တို့ကမူ နှစ်သစ်ကူးသည့် ညသန်းခေါင်ယံအချိန်တွင် နေအိမ်ရှိ ကုလားထိုင်များကို ခုန်လွှားကာကျော်ဖြတ်ခြင်းဖြင့် အားမာန်သစ် မွေးကြလေ့ရှိသည်ဆို၏။

တရုတ်

ရှေးဟောင်း တရုတ်လူမျိုးတို့မှာမူ နှစ်သစ်ကူး အစဉ်အလာအရ မိမိနေအိမ် ရှေ့တံခါးမကို အနီရောင်ဖြင့် ဆေးရေးပန်းချီချယ်သလေ့ရှိကြသည်။ အနီရောင် အိမ်ဂေဟာသည် ပျော်ရွှင်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုနှင့် ကံကောင်းခြင်း အတိတ်နိမိတ်ကို ဆောင်သည်ဟု အယူရှိကြလေသည်။

ရှေးဟောင်းတရုတ်လူမျိုးအချို့မှာမူ နှစ်သစ်ကူးကာလအတွင်း ဓားရှခြင်းမဖြစ်စေရန် နေအိမ်တွင်းရှိ ဓားများကို ဖွက်ထားလေ့ရှိကြသည်။

နှစ်သစ်ကူးပွဲတော်အတွက် စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပြင်ဆင်ရာတွင် ဓားရှခြင်းမရှိစေရန် အထူးဂရုစိုက်ကြလေ့ရှိသည်။ နှစ်သစ်ကူးကာလတွင် ဓားရှခြင်းသည် နှစ်သစ်အတွက် အတိတ်နိမိတ်မကောင်းဟု မှတ်ယူကြလေသည်။

ဆွစ်ဇာလန်

ဆွစ်ဇာလန်နိုင်ငံ ဂျိနီဗာမြို့ရှိ ဂျိနီဗာကန်တော်ကြီးအတွင်း နှစ်သစ်ကူးချိန်တွင် အစဉ်အလာ ရေချိုးပွဲကြီးကို ဇန်နဝါရီ ၁ ရက်တွင် ကျင်းပလေ့ရှိကြသည်။ ရေကူးသမားများသည် ပင်လယ်ကမ်းစပ်၌ စုဝေးကြလျက် ရေလုံဗန်းကြီးတစ်ချပ်ပေါ် တင်ထားသော ရှန်ပိန်ဖန်ခွက်များကို လူစေ့တက်စေ့ ဝေ့သောက်သုံးကြကာ ညိုးညိုးညဲညဲ ပျော်ရွှင်ကြ၏။

ဘရာဇီး

နှစ်စဉ်နှစ်တိုင်း နှစ်ကုန်ဆုံးချိန် ရောက်ပြီဆိုလျှင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ကိုပါကာဘနား ပင်လယ်ငွေသောင်ယံဝယ် ပင်လယ်စောင့်နတ်သမီးအား ပူဇော်ပွဲ ပြုလုပ်လေ့ရှိကြသည်။ အာဖရိကနွယ်ဖွား ဘရာဇီးနိုင်ငံသားများ ယုံကြည်ရာအွမ်ဘန်ဒါ ဘာသာရေးထုံးဓလေ့တစ်ရပ်အရ ပင်လယ်စောင့်နတ်သမီး လီမန်ဂျာအား လျှဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပသတင်မြှောက်လေ့ရှိကြသည်။ နှစ်သစ်အတွက် နတ်ဘုရားမ၏ မေတ္တာဓာတ်ကို ခံယူရင်း တစ်စိတ်တစ်ဝမ်းတည်း ပူဇော်ကြသည်။

အီကွေဒေါ

အီကွေဒေါနိုင်ငံ၏ ရိုးရာအစဉ်အလာမပျက် နှစ်သစ်ကူးပွဲတော်က တစ်မျိုးတစ်ဘာသာ ထူးခြားနေပြန်သည်။ ထင်ပေါ်ကျော်ကြားသော နိုင်ငံရေးသမားများ၊ အကျော်ဒေးယျ အားကစားသမားများ၊ အကျော်အမော် အနုပညာရှင်များ၏ ပုံတူအရုပ်ကြီးများကို နှစ်သစ်ကူးချိန်တွင် မီးရှို့ခြင်းဖြင့် နှစ်သစ်တွင် အကျိုးစီးပွားများ ပွင့်လန်းလာမည်ဟု ယူဆကြလေသည်။

ရိုမေးနီးယား

ရိုမေးနီးယားနိုင်ငံ မြို့တော်ဘူခါရက်၌ ခရစ္စမတ်နှင့် နှစ်သစ်ကူးပွဲတော်ကာလ ရောက်ပြီဆိုလျှင် ကလေး၊ လူငယ်၊ လူကြီးများက ဝက်ဝံသတ္တဝါကဲ့သို့ ဆင်မြန်းကာ ရိုးရာတေးဂီတနှင့်အတူ ကပြလေ့ရှိသည်။ ဝက်ဝံသဏ္ဌာန်ဖော်ကျူးသော ခေါင်းစွပ်များ၊ အဝတ်အစားများကို ဆင်မြန်းကာ ဝက်ဝံအကကို ကပြကြရင်း ပျော်ရွှင်စွာ နှစ်ကူးကြလေ့ရှိသည်။

ဘိုလစ်ဗီးယား

ဘိုလစ်ဗီးယားနိုင်ငံ၌မူ နှစ်သစ်ကူးပွဲတော်အတွက် မုန့်ဖိုများက နှစ်သစ်ကူးမုန့်များကို အထူးပြုလုပ်ရောင်းချကြ၏။ မုန့်ဖိုများနှင့် မုန့်တိုက်များက အထူးပြုလုပ်သော မုန့်များအတွင်း ဒင်္ဂါးပြားများကို ထည့်သွင်းပေးထားသည်။ မုန့်အတွင်းမှ ဒင်္ဂါးပြားရရှိသူသည် လာမည့်နှစ်သစ် တစ်နှစ်တာကာလပတ်လုံး ကံကောင်းမည့် အတိတ်နိမိတ်ကို ဆောင်လေသည်။

နယ်သာလန်

နယ်သာလန်နိုင်ငံသားတို့ကမူ နှစ်သစ်ကူးပွဲတော်အတွက် သစ်သားပျဉ်ချပ်များကို စုပုံကာ နှစ်သစ်ကူးချိန်တွင် မီးပုံပွဲကြီးကို ဆင်ယင်နွှဲလေ့ရှိကြသည်။

ရုရှား

ရုရှားလူမျိုးတို့၏ နှစ်သစ်ကူးထုံးဓလေ့က တစ်မူထူးခြားပြန်သည်။ နှစ်သစ်ကူးချိန်တွင် စက္ကူအုပ်ငုံးအစတစ်ခုပေါ် မိမိလိုအင်ဆန္ဒကို ရေးသားပြီးလျှင် ယင်းစက္ကူအုပ်ငုံးလေးကို မီးရှို့ကာ ရရှိအပ်သည့် ပြာကို ပလုံစီထနေသော စပျစ်ဝိုင်(သို့မဟုတ်) စပျစ်အဖျော် ဖန်ခွက်အတွင်းသို့ ထည့်သွင်း၍ သောက်သုံးကြသည်။

အစကောင်းမှ အနှောင်းသေချာ

၂၀၁၆ ခုနှစ်တည်းဟူသော နှစ်သစ်တစ်ခု လတ်လတ်လောလော အစပြုချိန်တွင် ကျွန်ုပ်၏ မနောအိမ်အတွင်းသို့ အတွေးအမြင်များ အိတ်သွန်ဖာမှောက် ဝင်ရောက်လာ၏။

တစ်ဟုန်ထိုး ဝင်ရောက်လာသော အတွေးအမြင် အပိုင်းအစများအနက် တစ်ခုမှာ " A good beginning makes a good end" ဟူသော အင်္ဂလိပ်စကားပုံတစ်ခုဖြစ်သည်။ ယင်းစကားပုံသည်ကား ကျွန်ုပ်တို့ မြန်မာမှုနယ်ပယ်၌ ရှိရင်းစွဲဖြစ်သော "အစကောင်းမှ အနှောင်းသေချာ" ဟူသော စကားပုံနှင့် အဓိပ္ပာယ်တူညီမျှတပေသည်။

နှစ်သစ်ဦးတွင် လောကကြောင်းအရလည်းကောင်း၊ ဓမ္မကြောင်းအရလည်းကောင်း အစပျိုးမှု ကောင်းမွန်မှသာလျှင် တစ်နှစ်တာကာလပတ်လုံး အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေနိုင်မည့် လုပ်ရပ်ကောင်းများကို မမှိတ်မသုန် ဆက်လက်လုပ်ကိုင်သွားနိုင်မည်ဟု ကျွန်ုပ်တွေးတောမိ၏။

ခရစ်နှစ် ကူးပြောင်းချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ နှစ်သစ်ကူးအောင်ပွဲသဘင် ဆင်ယင်နွှဲကြလေ့ရှိသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ မိတ်စုံစားသောက်ပွဲများ တက်ရောက်ခြင်း၊ မိသားစုဝင်များ ပေါင်းဆုံခြင်း၊ အလှူဒါနပြုခြင်း၊ အလည်အပတ်ထွက်ခွာခြင်းတို့မှာ နိုင်ငံတကာနှစ်သစ်ကူးပွဲတော်၏ အင်္ဂါရုပ်များပင်ဖြစ်လေသည်။

နှစ်သစ်ကူးကာလ၌ စည်းလုတ်ဝါးလုတ် အပျော်ကျူးကြရာမှ ဒုက္ခများအတွင်း ထွေးလုံးရစ်ပတ်ဖြစ်ရသူတို့လည်းရှိသည်။

ပညာရှိသူတို့ကမူ နှစ်သစ်ကူးကာလတွင် အသိနှင့်ယှဉ်ကာ အနှစ်သာရနှင့်ပြည့်သော ဘဝကို တည်ဆောက်ရန် သာ အလေးအနက် သတိပေးကြကုန်သည်။ အချိန်တိုင်း အချိန်တိုင်းကို တန်ဖိုးရှိစွာ ဖြတ်သန်းခြင်းဖြင့် အဖိုးတန်သော ဘဝဖြစ်တည်မှုကို တည်ဆောက်ရန်သာ အလေးမူကြရပေမည်။

ကမ္ဘာ့လူသားတို့၏ တူညီသော ဘဝရည်မှန်းချက်တစ်ရပ်မှာ စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးဖြစ်သည်။

ကုသိုလ်စိတ် ကိန်းအောင်းချိန်တွင် စိတ်ချမ်းသာရပြီး အကုသိုလ်စိတ်ကိန်းအောင်းလျှင် စိတ်ဆင်းရဲတတ်သည်ဟု သူတော်စင်သူတော်မြတ်တို့၏ အဆိုအဓိပ္ပာယ်တစ်ရပ်ကို ကျွန်ုပ် အလေးအနက်ပြုမှတ်သားခဲ့ရဖူးလေသည်။

လျှဒါန်းပေးကမ်းခြင်း၊ ပရဟိတပြုလုပ်ခြင်း၊ ဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်း၊ သမထ၊ ဝိပဿနာရှုပွားခြင်းတို့နှင့် ယှဉ်သော ကုသိုလ်စိတ်များ အစဉ်တိုးပွားအောင် အခါမလပ် ကျွန်ုပ်တို့ ဖြည့်ဆည်းကြရပေလိမ့်မည်။ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတို့ လောင်မြိုက်ပြီဆိုလျှင် စိတ်ဆင်းရဲရလိမ့်မည်။

စိတ်ဆင်းရဲမှုနှင့် တွေ့ကြုံရချိန်တွင် အဖန်ဖန် ဆင်ခြင်မှုဖြင့် အသိဉာဏ်ရင့်သန်အောင် ကြိုးပမ်းကြရပေလိမ့်မည်။

စိတ်၏ တည်ကြည်အေးချမ်းခြင်းရှိမှသာ ဘဝအမြင်ရင့်သန်လာမည်ဟု ဆိုနိုင်မည်။

ပညာရှင်များ ဆုံးမသည်ကား နှလုံးသွင်းမှန်ခြင်း (ယောနိသောမနသိကာရ) ဖြစ်လျှင် ကုသိုလ်စိတ်ဖြစ်ပြီး နှလုံးသွင်းမှားခြင်း(အယောနိသောမနသိကာရ) ဖြစ်လျှင် အကုသိုလ်စိတ်ဖြစ်တတ်သည်ဆိုခြင်းပင်။

ကုသိုလ်စိတ်ပွားများရေးအတွက် လေ့ကျင့်ယူရမည်မှာ ကျွန်ုပ်တို့၏ တာဝန်သာတည်း။

ခရစ်နှစ် တစ်နှစ်ကူးပြောင်းရွှေ့ပြောင်းချိန်တွင် ဘဝတိုးတက်လမ်းအတွက် နှစ်သစ်ကူး သန္ဓိဋ္ဌာန်များ ချမှတ်ကြလေ့ရှိသည်။

လူဖြတ်(နရသိဟ်) ပုဂ္ဂိုလ်

လောကီချမ်းသာနှင့် ပြည့်စုံရန်မူကား သမ္မဒါတရားလေးပါးနှင့်အညီ ကျင့်ကြံကြိုးစားကြဖို့ သူတော်စင်များ လမ်းညွှန်လေ့ရှိကြသည်။

သမ္မဒါဟူသည်ကား ပြည့်စုံခြင်းဟု အဓိပ္ပာယ်ရှိသည်။ ထကြွလှုံ့လန့်၍ ပြည့်စုံခြင်း၊ ပစ္စည်းဥစ္စာရအောင် ကြိုးစားရှာဖွေခြင်း (ဥဋ္ဌာနသမ္မဒါ)၊ ရပြီးသော ဥစ္စာကို မပျက်စီးအောင် စောင့်ရှောက်ခြင်း (အာရက္ခသမ္မဒါ)၊ အဝင်နှင့်အထွက် မျှတစွာသုံးစွဲခြင်း (သမဇီဝိတတာ)၊ မိတ်ဆွေကောင်းရှိခြင်း (ကလျာဏမိတ္တတာ) တို့ ဖြစ်လေသည်။

စိတ်ထားအမြင် စင်ကြယ်ရေးကို ဆောင်ရွက်ခြင်းသည် ချုံ့ရွဲ့ယိမ်းပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေပြင်ညီအောင် ရှင်းလင်းခြင်းနှင့် ပမာတူ၏။ မြေပြင် ပြန့်ပြူးညီညာရှင်းလင်းမှသာ ဘဝအဆောက်အအုံ၏ အခြေခံအုတ်မြစ်ကို ခိုင်မာစွာ ချနိုင်ကြပေမည်။

မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ မပြုဖြစ်အောင် သတိဖြင့် ရှောင် ကြဉ်ခြင်းသည် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ခြင်းမည်၏။ စိတ်မနောအလှကို ဖန်တီးခြင်းဖြစ်သည်။

ပုထုဇဉ်တို့ လိုလားတောင့်တကြသည်ကား ဓနဥစ္စာတိုးရေး၊ ရာထူးဂုဏ်သိန်မြင့်ရေး၊ ဩဇာအာဏာကြီးရေး၊ ထင်ပေါ်ကျော်ကြားရေးတို့သာတည်း။ ယင်းလိုအင်များအတွက် လောဘရမ္မက် အစွယ်ထွက်လျက် ရှိနေတတ်သည်ကို သတိမူသင့်လှသည်။

သို့တစေ ပစ္စည်းဥစ္စာ၊ ရာထူးအရှိန်အဝါ၊ ထင်ပေါ်ကျော်ဇောမူ မရှိသည့်တိုင် စိတ်ဓာတ်ဖြူစင်ပြီး အပြစ်ကင်းကင်းနေထိုင်ကာ ကုသိုလ်ကောင်းမှု အမြဲပြုနေပါက လူမြတ်၊ ပုဂ္ဂိုလ်မြတ် (နရသိဟ်) ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

စိတ်ထားအမြင် စင်ကြယ်ရေးအတွက် နှလုံးသွင်းမှန်အောင် ဖြည့်ဆည်းကျင့်ကြံနေသူများကား စိတ်မနောလှပသည့် အညတရများဟု ခေါ်ဝေါ်ထိုက်၏။ ထိုသူတို့ကား ကောင်းမြတ်သော သမ္မာဆန္ဒနှင့် သင့်လျော်သည့် နှလုံးသွင်းမှန်ခြင်း (ယောနိသော မနသိကာရ)နှင့်အတူ ယှဉ်တွဲနေထိုင်သူများဖြစ်ကြသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်ယံ၌ လမ်းထိပ်မှ ကာလသားများက "Happy New Year" ဟူ၍ ညီညာဖြဖြသံပြိုင်ဟစ်ကြွေးလိုက်ကြချိန်တွင် ကျွန်ုပ်ကလည်း "မနောအလှ လန်းဖြာမှ အဟောဝတ ချမ်းသာစွ" ဟူ၍ ဌာနကရိုဏ်းကျကျ အသံကုန်ဟစ်ကြွေး လိုက်ပါသတည်း။ ။

ရေဦးမြို့နယ် ပန်းကုံးကျေးရွာ၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရေဦး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာ၌ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတသက ပန်းကုံးကျေးရွာရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲ နှစ်စဉ်ကျင်းပနိုင်ရန်အတွက် ငွေကျပ် သိန်း ၅၀ ကို မတည်လျှဒါန်းခဲ့သည်။ အဆိုပါ ကျေးရွာရှိ သက်ကြီးဘိုးဘွားများနှင့် အခြားကျေးရွာလေးရွာမှ သက်ကြီးဘိုးဘွား ၄၅၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများကို လျှဒါန်းခဲ့ပြီး၊ ပန်ကာ၊ မီးပူ၊ ထမင်းပေါင်းအိုး အစရှိသည့် ပစ္စည်းများကိုလည်း မဲဖောက်လျှဒါန်းခဲ့သည်။

အဆိုပါလျှဒါန်းမှုမှာ အောင်ဇမ္ဗူဆရာတော်၏ မွေးရပ်ဇာတိရွာတွင် တတိယအကြိမ်မြောက် လျှဒါန်းခြင်းဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများကို ကြာဆန်ချက်ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ **ခင်မျိုးနိုင် (ကြေးမုံ)**



အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးဆွေးနွေး

ဘားအံ ဇန်နဝါရီ ၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ဦးဆောင်ကျင်းပသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့ ဆွေးနွေးပွဲကို ဇွကပင်ခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲ ကကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ကုန်သည်စက်မှုအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခေတ္တပြည်နယ်ဝန်ကြီးချုပ်ဦးစောဝင်းထိန်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရှင်းလင်းဆွေးနွေးကြသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုခရီးသွား၊ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအားလုံးတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သာများသည့်အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ယခုဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ကြောင်း၊ ဆွေးနွေးရရှိလာသည့် အချက်အလက်များ၊ အကြောင်းအရာများကို အခြေခံပြီး (SMEs) လုပ်ငန်းရှင်များက တစ်ဦးချင်းဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အင်အားရှိရန် စုဖွဲ့ပူးပေါင်းဆောင်ရွက်ရန်လို အပ်သည်များကို စုဖွဲ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ဖြန့်/ဆက်)**

ကျောက်တန်းမြို့နယ်တွင် ရပ်/ကျေးကြီးကြပ်ရေးမှူးများ ရွေးချယ်

ကျောက်တန်း ဇန်နဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်နိုင်ရန်အတွက် ကြီးကြပ်ရေးမှူးရွေးချယ်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ စတင်ရွေးချယ်လျက်ရှိသည်။

ကျောက်တန်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၇ ခုရှိပြီး ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ပတ်အတွင်း အဖွဲ့ခြောက်ဖွဲ့ခွဲ၍ အပြီးရွေးချယ်သွားမည်ဖြစ်သည် ဇန်နဝါရီ ၁ ရက်တွင် တံတားမြို့အမှတ်(၁)ရပ်ကွက်နှင့် အမှတ် (၂) ရပ်ကွက်များသို့ ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း၊ တံတားမြို့အုပ်ချုပ်ရေးမှူး၊ ဦးရဲမင်းထွန်းနှင့် ဒု-လဝကမှူး ဦးထွန်းထွန်းဝင်းတို့ ဦးဆောင်၍ ကြီးကြပ်ရေးအဖွဲ့ဝင်များရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးပွင့်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်သူ့ဝန်ဆောင်မှု (ONE STOP SHOP) ရုံးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ငြိမ်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြကွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(ကြေးမုံ)

သုဝဏ္ဏဘူမိဒေသဆိုင်ရာ သုတေသန အလုပ်ရုံဆွေးနွေးပွဲ သထုံမြို့တွင်ပြုလုပ်

သထုံ ဇန်နဝါရီ ၂

သမိုင်းတွင် ထင်ရှားကျော်ကြားသည့် သုဝဏ္ဏဘူမိဒေသနှင့်စပ်လျဉ်း၍ သမိုင်းဆိုင်ရာခိုင်လုံမှုနှင့် သုတေသနဆိုင်ရာ အထောက်အထားများကို လူတန်းစားအလွှာအသီးသီးတို့က ပူးပေါင်းရှာဖွေနိုင်ရန်အတွက် မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်တွင် ဒီဇင်ဘာ ၃၀ ရက်က သုဝဏ္ဏဘူမိသုတေသနဆိုင်ရာစာတမ်းများအား ပညာရှင်အသီးသီးတို့က ဖတ်ကြားပြီး သုတေသနလုပ်ငန်းများဖွံ့ဖြိုးနိုင်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သုဝဏ္ဏဘူမိသထုံဟာ သမိုင်းလား ပုံပြင်လားဆိုတာ ရှေးကမှတ်တမ်းမှတ်ရာတွေ အသေချာမထားခဲ့တဲ့အတွက် အငြင်းပွားစရာတွေဖြစ်ခဲ့တယ်။ ဒါတွေကို သုတေသနပြုဖော်ထုတ်နိုင်မှသာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ပညာရှင်ကြီးတစ်ဦးကဆို သုဝဏ္ဏဘူမိဟာ ရှေးကမွန်ပညာရှင်များ စိတ်ကူးနဲ့ပုံဖော်ခဲ့တာဆိုပြီး ပြောခဲ့တာရှိပါတယ်။

"သုဝဏ္ဏဘူမိဟာ ပအိုဝ်းလား၊ မွန်လားဆိုတာ မငြင်းပါနဲ့။ သုတေသနပြုတာပဲရှိပါတယ်။ သုဝဏ္ဏဘူမိဆိုတာ ရွှေမြေကိုခေါ်ပါတယ်။ ကြည့်လိုက်ရင် ထိုင်းတို့ အင်ဒိုနီးရှားတို့မှာလည်း သုဝဏ္ဏဘူမိ (ရွှေမြေ) လို့ ပြောကြတယ်။ ဒါပေမယ့် ဘယ်ဟာက ရှေးကျသလဲဆိုတာ သုတေသနပြုမှ သိကြရမှာဖြစ်ပါတယ်" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆွေးနွေးပွဲဖွင့်ပွဲအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သုဝဏ္ဏဘူမိအထောက်အထားတူးဖော်မှုလုပ်ငန်းများကို ၁၉၇၅ ခုနှစ်မှစ၍ သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း စတင်လုပ်ကိုင်ခဲ့ရာ သမိုင်းသက်သေအထောက်အထားများစွာ ရရှိခဲ့ကြောင်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တူးဖော်မှုရှစ်ခုပြုလုပ်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် သုတေသနပြုတူးဖော်မှု ခြောက်ခုပြုလုပ်ရန် လျာထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သမိုင်းဌာနမှ ဒေါက်တာနန်းလှိုင်က "သထုံမှာ သုဝဏ္ဏဘူမိခေတ်ရဲ့အထောက်အထားတွေ အများကြီးရှိတယ်။ လက်ရာတွေက ပုဂံခေတ်ထက်စောတယ် သုဝဏ္ဏဘူမိဟာ တိုင်းရင်းသားအားလုံးပိုင်ဆိုင်တဲ့ အထောက်အထားတွေပဲ။ ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့ မြို့သူမြို့သားတွေက စနစ်တကျထိမ်းသိမ်းပြီး ရှေးဟောင်းသုတေသနပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် သထုံသုဝဏ္ဏဘူမိဟာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာတစ်ခု ဖြစ်လာနိုင်တယ်" ဟု ပြောသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက သထုံမြို့ရှိ စတုဘုမ္မိက ဌက်တွင်းကျောင်းတိုက်အတွင်းက ပုဂံခေတ်ထက်ရှေးကျသော အုတ်ခွက်ဘုရား ၁၃၀၀ ကျော်နှင့် အိုးခြမ်းကွဲများစွာကို တူးဖော်ရရှိခဲ့ပြီး ယင်းက သထုံဒေသသည် သုဝဏ္ဏဘူမိဖြစ်ကြောင်း ပိုမိုအထောက်အကူဖြစ်စေသည့် အချက်အလက်များဖြစ်စေကြောင်း မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာကျော်ဝင်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် သုတေသနနှင့် သမိုင်းပညာရှင်ခုနစ်ဦးတို့က သုဝဏ္ဏဘူမိသုတေသနနှင့် သက်ဆိုင်သည့်စာတမ်းများကို ဖတ်ကြားကြပြီး သုဝဏ္ဏဘူမိ၏ ရှေးဟောင်းယဉ်ကျေးမှုကို တူးဖော်ထိမ်းသိမ်းခြင်း၊ လက်ရှိယဉ်ကျေးမှုကို ထိမ်းသိမ်းခြင်း၊ ခရီးသွားလုပ်ငန်းများနှင့် သုဝဏ္ဏဘူမိရှေးခေတ် သမိုင်းကြောင်းတို့ကို ဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

တိရစ္ဆာန်များအား အခမဲ့ကွင်းဆင်းဆေးကုသ



ဧရာဝတီ ဇန်နဝါရီ ၂

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေးဆင်း)နှင့် (SPANA) တိရစ္ဆာန်ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာများသို့ ဒီဇင်ဘာလပထမပတ်မှ စတင်၍တိရစ္ဆာန်များအား ရွှေ့လျားစနစ်ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်အတွင်းရှိ တိရစ္ဆာန်များအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဒေါက်တာမင်းအောင်ဦးစီး၍ ပဥ္စမနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် (SPANA) အဖွဲ့တို့က ရပ်ကွက်အတွင်းရှိ တိရစ္ဆာန်များအား ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

ခွင့်ပြုရန်ပုံငွေဖြင့် မြေသားမိုးရေလှောင်ကန်နှင့် ကိုးရာပေါက် မြောင်းကူးတံတားသစ် ဖွင့်လှစ်

တောင်တွင်းကြီး ဇန်နဝါရီ ၂

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့ မောင်းတိုင် (၂) ရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် တူးဖော်ခဲ့သည့် ပေ ၂၀၀×၂၀၀×၃ ပေရှိ မြေသားမိုးရေလှောင်ကန်ကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးငွေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးအုပ်စု၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၂၅ သိန်းဖြင့် (၁၈×၁၀×၅) ပေရှိ ကိုးရာပေါက်မြောင်းကူးတံတားအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ အုပ်စုအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ **နိုင်ဝင်း**



ကျေးရွာလေးရွာသို့ ဆိုလာပြားများထောက်ပံ့

ဘောဂလီ ဇန်နဝါရီ ၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလီမြို့အတွင်းရှိ လျှပ်စစ်မီးမရရှိနိုင်သေးသော ကျေးရွာလေးရွာသို့ ဆိုလာများကို ဒီဇင်ဘာ ၃၁ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆိုလာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ပြီး ဘောဂလီမြို့အတွင်း၌ ရေတံခွန်ကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆိုလာ ၁၆ ခု၊ နော်သဲဒိုးကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆိုလာ ၂၀ ခု၊ ဘောဂလီလေးကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆိုလာ ၄၅ ခု၊ သပြေညွန့်ကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆိုလာ ၁၀၉ ခု၊ မဲတင်းတိန်းကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆိုလာ ၁၀ ခုကို ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်းခင်(ဖြန့်/ဆက်)

ဖြည်တွင်းရေးရာ

ကျန်းမာရေးဆောင်းပါး

သွားကျန်းမာရေးလိုက်စားပေး



à ပေါက်ပေါက်

သွားကျန်းမာရေး လိုက်စားခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ဖြစ်သည်။ သွားများတွင် ပြဿနာတစ်ခုခုဖြစ်ပါက၊ မမျှော်မှန်းနိုင်လောက်သော နာကျင်ကိုက်ခဲမှုတို့အပြင် စိတ်ဖိစီးမှုများလည်း ဖြစ်စေတတ်ပေရာ အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် ဆင်ခြင်နေထိုင်ကြပါစေကြောင်း မျှဝေလိုက်ရပါသည်-

၁။ ဖလူအိုရိုက်(ဒ်)ဖြည်ပေါင်းပါသော သွားတိုက်ဆေးဖြင့် တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်မျှ သွားတိုက်သော အလေ့အကျင့်ကောင်းကို မွေးမြူသင့်သည်။ ညအိပ်ရာဝင်ခါနီး သွားတိုက်ခြင်းသည် သွားနှင့်ခံတွင်းကို တစ်ညတာလုံးသန့်ရှင်းစေသလို၊ နေ့လယ်ဘက် အစာစားပြီးတိုင်း သွားတိုက်ခြင်းကလည်း ချိုးကပ်နေသောသွားချေးများနှင့် အစာဟောင်းအပိုင်းအစများမှ အဆိပ်အတောက်ကင်းစေကာ သွားများပျက်စီးခြင်းမှ ကာကွယ်ပေးသည်။

၂။ မှန်ကန်သော သွားတိုက်နည်းပုံစံမှာ

(က) သွား၏ နောက်ကျောဘက်ခြမ်းနှင့် သွားပုံးများတွင် ပက်တီးရီးယားနှင့် အတူ သွားချေးများ ကျောက်တည်တတ်သဖြင့် သွားတိုက်တံကို လက်ဖြင့် ၄၅ ဒီဂရီစောင်း၍ ဒေါင်လိုက်တိုက်ပေးသင့်သည်။

(ခ) သွားနှင့် သွားခြေတို့ကို စက်ပိုင်းပုံသဏ္ဌာန်ဖြင့် ခပ်မှန်မှန်အားဖိ၍ တိုက်ပေးရမည်။

(ဂ) ခပ်ကြမ်းကြမ်းတိုက်ပါက သွားဖုံးကို ပွတ်ခြစ်မိကာ သွေးထွက်စေနိုင်သလို၊ ခပ်ဖွဖွတိုက်လျှင်လည်း သွားချေးမစင်တတ်ပါ။

(ဃ) အချိန် နှစ်မိနစ်ကြာအောင် ခံတွင်းထဲရှိ သွားအားလုံးကို ရှေ့၊ နောက်၊ အပေါ် ဘက်ပေါင်းစုံ တိုက်ပါ။ သို့သော် သွားတိုက်ဆေးတွေလုံးဝ ကုန်စင်သွားသည်အထိ ရေများများဖြင့် ပလုပ်မကျင်းပါနှင့်။

(င) သွားတိုက်ပြီးတိုင်း ခံတွင်းသန့်စင်ရည်သုံးသည့် အလေ့အကျင့်ကောင်းကို မွေးမြူပါ။

(စ) ရင်သွေးငယ်များအား သွားစပေါက်သော အရွယ်မှစတင်၍ သွားတိုက်ပေးသင့်ပါသည်။

၃။ သွားကြားသန့် ရှင်းရန်သုံးသည့် ချည်မျှင် (သို့) သွားကြားထိုးသွားတိုက်တံ အကူအညီယူ၍ သွားကြိုသွားကြားနှင့် သွားခြေ(သွားအောက်ခြေ)တို့ကို သန့်ရှင်းပေးရပါမည်။ သွားတိုက်ဆေးမသုံးဘဲ သွားတိုက်တံအခြောက်ဖြင့် တိုက်ပေး၍ ပလုတ်ကျင်းခြင်းကလည်း ချိုးကပ်နေသောသွားချေးများကို ဖယ်ရှားပေးနိုင်သည်။

၄။ သွားတိုက်သည့်အခါတိုင်း သွားတိုက်တံ (သို့) လျှာခြစ်တံကိုသုံး၍ တိုက်ပေးခြင်းဖြင့် လျှာပေါ်ရှိ အရိုးအရွဲများကို ဖယ်ရှားပေးပြီး၊ ခွဲကပ်ခြင်းနှင့် ခံတွင်းရန်ဆိုးခြင်းပပျောက်ကာ၊ အရသာအာရုံကိုလည်း ပွင့်လာစေပါသည်။

၅။ သွားများပျက်စီးစေသည့် အဓိကအကြောင်းရင်းထဲတွင် သွားတိုက်ဆေးသည်လည်း တစ်ခုအပါအဝင်ဖြစ်၏။ ထို့ကြောင့် မိမိနှင့်ဓာတ်တည့်သော သွားတိုက်ဆေးကိုသာ ရွေးချယ်တတ်ရပါမည်။ ခံတွင်းသန့်ရှင်းစေရန် သွားတိုက်ဆေး အများကြီးသုံးစရာမလိုပါ။ သွားတိုက်တံကို သုံးလလျှင် တစ်ကြိမ်မျှ အသစ်လဲလှယ်ပေးပါ။

၆။ သွားတိုက်တံကြမ်းကြမ်းသည် အပေါ်ယံကြွေသွားအလွှာကို ပါးလွှာ၍ အစင်းကြောင်းထင်စေနိုင်သလို၊ အလွန်အမင်းမာကျောသောပစ္စည်းများကို ကိုက်ဖြတ်ခြင်းနှင့် သွားဖောက်၍ အလှူဆင်ခြင်းတို့ကလည်း သွားများအလွယ်တကူ ကျိုးပဲ့စေနိုင်သည်။

၇။ သန့်ရှင်းမှုမရှိသော သွားကြားထိုးတံသည် သွားပုံးကိုရောဂါရစေနိုင်သည်။

၈။ အဆက်မပြတ် သရေစာ စားခြင်းကလည်း သွားချေးတက်၍၊ သွားအခေါင်းပေါက်ဖြစ်လာစေသလို၊ သကြား၊ ကပ်စေးနဲ့ (သို့) အချိုဓာတ်ကဲသော အစားအစာများကလည်း သွား၏ ကြွေသားအပေါ်ယံလွှာကို ပျက်စီးစေ၏။ မာကျောသော အစေ့အဆန်များကို လျော့စားပေးခြင်းဖြင့် အံသွားများပတ်ကြား အက်ခြင်းမှ ကြိုတင်ကာကွယ်ရာရောက်သည်။

၉။ အချိုရည်ဖြင့် အာလုပ်ကျင်းခြင်းသည် သွားများကိုထိခိုက်စေသဖြင့် အရည်စုပ်တံဖြင့် သောက်ပါ။ ဖျော်ရည်ထဲတွင် ပါရှိသော အက်ဆစ်ဓာတ်များသည် သွားကိုထိခိုက်စေသဖြင့် အနည်းငယ်မျှသာ သောက်သုံးသင့်သည်။ အချို၊ အချဉ်နှင့် ဖျော်ရည်များကို စားသောက်ပြီးနောက် ရေဖြင့်ဦးစွာ အာလုတ်ကျင်းပြီးမှသာ သွားတိုက်ပေးသင့်သည်။ သို့မဟုတ်ပါက သွားကျဉ်၍ ကြွေသားကို ထိခိုက်စေသည်။

၁၀။ Bulimia(ခေါ်) အချိန်တိုအတွင်း အစားအသောက်များများစားပြီး အန်ထုတ်ပစ်တတ်သောစရိုက်သည် အစာအိမ်ထဲမှ ထွက်ရှိလာသော အက်ဆစ်ကြောင့် သွားများကို ထိခိုက်စေနိုင်သည်။

၁၁။ ထမင်းစားပြီးတိုင်း အချိုဓာတ်မပါသော သို့မဟုတ် အချိုနည်းသော ပီကေဝါးစားခြင်းသည် သွားကြားညပ်ခြင်းများကို သန့်စင်စေရုံသာမက၊ အာခံတွင်းလည်း မခြောက်စေပါ။ သို့သော် ပီကေကို အဆက်မပြတ် တစ်နေကုန်နီးပါးဝါးခြင်းက သွားအခေါင်းပေါက်ဖြစ်စေနိုင်သည်။

၁၂။ သွားနှင့် ခံတွင်းကျန်းမာရေးအတွက် ခြောက်လလျှင်တစ်ကြိမ် သွားဆရာဝန်ဖြင့် ပုံမှန်စစ်ဆေးမှုခံယူသင့်သည်။ အချို့သော ပဋိဇီဝဆေးများသည် သွားဖုံးသွေးယို၍ အနာတရ ရောင်ကိုင်းစေသည့်အတွက် ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ပြီးမှ သောက်သင့်သည်။

၁၃။ လေးညှင်းပွင့်အဆီ၊ ချင်းအနှစ် သို့မဟုတ် ကုလားအော်သီးကဲ့သို့ အလွန်စပ်သောဂရုတ်သီးအမှုန့်တို့ကလည်း သွားကိုက်ခဲနာကျင်ခြင်းကို သက်သာစေ၏။
သို့သော် သွားဖုံးနှင့် လျှာတို့တွင် မလိုလားအပ်သော အပူလောင်မှုများ မဖြစ်စေရန် သတိပြု၍ အသုံးပြုပါ။ သဘာဝဖလူအိုရိုက်(ဒ်)ခံတွင်း သန့်စင်ဆေးရည်အဖြစ် လက်ဖက်စိမ်းရည်ဖြင့် အာလုတ်ကျင်းပေးနိုင်သည်။

၁၄။ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချိုနှင့် ပေါင်မပြည့်သော ကလေးငယ်ကိုအချိန်မတိုင်မီမွေးဖွားခြင်းတို့သည် သွားရောဂါနှင့် ဆက်စပ်လျက်ရှိကြောင်း နိုင်ငံတကာသွားဘက်ဆိုင်ရာပါရဂူများက အကြံပြုထားကြသည်။

၁၅။ သွားကင်ဆာဖြစ်စေနိုင်သော ဧဝ ရာခိုင်နှုန်း အကြောင်းရင်းမှာ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အပူအစပ်များ အလွန်အကျွံစားခြင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ သွားပိုးချခြင်းမှာ နည်းမှန်လမ်းမှန်မဟုတ်ကြောင်း၊ ခေါင်းရှည်ကဲ့သို့ သွားအတွင်း အမှုန့်များထည့်ခြင်းကလည်း မှန်ကန်သောကုသနည်းမဟုတ်ဘဲ၊ ထိုအမှုန့်များ အစာအိမ်အတွင်းသို့ အလွန်အကျွံ ဝင်ရောက်ပါက အစာအိမ်ပေါက်သွားနိုင်ကြောင်း သွားသုတေသီများက အကြံပြုထားသည်။

၁၆။ သွားများဖြူဝင်းစေရန်အတွက် တစ်ပတ်လျှင် လေးကြိမ်မျှ သီးမွှေးငှက်ပျော်သီးအခွံ၏ အတွင်းသားဖြင့် သွားများကို ပွတ်တိုက်ပေးပါ။ သွားကျန်းမာရေးအတွက် စားသုံးသင့်သော အစားအစာများ။
ပုံမှန်သွားတိုက်ခြင်းအပါအဝင် အထက်ပါ နည်းလမ်းကောင်းများသည် သွားကျန်းမာရေးအတွက် လုံလောက်သော်လည်း၊ သွားအခေါင်းပေါက်ဖြစ်ခြင်း၊ သွားပိုးစားခြင်းနှင့် ခံတွင်းနံ့ ကောင်းမွန်စေရန်တို့အတွက်ကိုလည်း မိမိနေ့စဉ်စားသောက်သော အစားအစာများက အကျိုးကျေးဇူးကောင်းများစွာကို ပံ့ပိုးပေးနိုင်သည်။

(က) ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းရွက်၊ ကိုက်လန်၊ ရုံးပတီသီးနှင့် အခြားအစိမ်းရင့်ရောင်ရှိသည့် ဟင်းရွက်များထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်နေသဖြင့် ပုံမှန်စားပေးသင့်သည်။ စာမျက်နှာ ၁၉ သို့

ပေါင်းလောင်းအသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီလ ၂၄ရက် (တနင်္ဂနွေ)၊ နံနက် ၈နာရီတွင် ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ်မွာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ စိတ်ပါဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသက်(၈၀)ပြည့် ကန်တော့ခံဘိုးဘွားများ ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်သားသမီးများ အမည်စာရင်းပေးပို့ကြရန်နှင့် ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်(၆)ဘာသာဂုဏ်ထူးရှင် (၃)ဦးနှင့် ဂုဏ်ထူးရကျောင်းသားများအား အသင်းသားများမှ တစ်ဦးခြင်း ဂုဏ်ပြုချီးမြှင့်လိုပါက ဆက်သွယ်ချီးမြှင့်နိုင်ပါသည်။

ဦးညွန့်ဖေ ဖုန်း-၀၁-၂၀၀၄၂၈၊ ၀၉-၇၉၅၂၉၀၉၄၄

ချမ်းသာဆောက်လုပ်ရေးမှ ကံစမ်းမဲပေးပါမည်။

အမှုဆောင်အဖွဲ့

ပေါင်းလောင်းအသင်း(ရန်ကုန်)



ကြေညာချက်

မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင်မြေကွက်ဝယ်ယူထားသူများသိစေရန်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီလိမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းတွင် လျှပ်စစ်မီး၊ ရေ(ဖူးကြီးရေ)၊ တယ်လီဖုန်းစသည်တို့အား ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူထားသောမြေကွက်ပိုင်ရှင်များအနေဖြင့် ဥယျာဉ်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ခြံစည်းရိုးနှင့်အိမ်)များကို စာချုပ်ပါစည်းကမ်းချက်များအတိုင်းဆောက်လုပ်ကြရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း

၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅၊ ၆၃၉၃၀၆

ရန်ကုန်စက်မှုဇုန်မှ ထပ်မံသတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်စက်မှုဇုန်အပိုင်း(၁၊ ၂၊ ၃)တို့မှာ (၁၀၀%)Infrastructure ပြီးစီးပြီး စက်မှုဇုန်အကောင်အထည်ဖော်ရန် တိုက်တွန်းထားပြီးဖြစ်၍ ဝယ်ယူထားသည့် မြေကွက်ပိုင်ရှင်များမှလည်း ဝယ်ယူစဉ် ဇေကမ္ဘာကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်ပါအတိုင်း စက်ရုံအဆောက်အအုံ ဆောက်လုပ်ရန်စည်းကမ်းချက်တွင်ပါရှိပြီးဖြစ်၍ အဆောက်အအုံ မဆောက်လုပ်သေးသော ပိုင်ရှင်များမှ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ကုမ္ပဏီမှဝယ်ယူစဉ်ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ

ဆက်သွယ်ရန် ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ် (၆၆၆A)၊ မြေကွက်တည်နေရာ [ရတနာပုံ(၈)လမ်း၊ ၁၀တောင်ရပ်ကွက်]၊ သာကေတမြို့နယ်၊ နဝရတ်ခောင်းဝယ်ယူရေးသမဝါယမအသင်းလီ မိတက် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်၊ သမဝါယမအသင်းဥက္ကဋ္ဌ ဦးလှကြည်[၁၂/သကတ(နိုင်)၀၂၅၂၉၂]က ဂရန်ပျောက်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်း ကျိန်လွှာ၊ သမဝါယမဦးဒီးဌာန၊ နေပြည်တော်၏ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားစာ၊ သမဝါယမအသင်းမှတ်ပုံတင်လက်မှတ် အစရှိုး အဝေးမှတ်တမ်းများတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့မြစ်မံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

ဝန်းသိုမြို့နယ်အတွင်း အုတ်လုပ်ငန်းများဖြစ်ထွန်းအောင်မြင်

ဝန်းသို့ ဇန်နဝါရီ ၂

သစ်တောသယံဇာတများကို ထိခိုက်မှုမရှိဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည့် ပြန်းနှုတ်များနှင့် ကွန်ကရစ်အုတ်များကို ပိုမိုသုံးစွဲလာကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းတွင် ကွန်ကရစ်အုတ်လုပ်ငန်းလုပ်ကိုင်သူများနှင့် ဒေသခံလုပ်သားများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လုပ်ငန်းအား ဝန်းသိုမြို့ မြို့သစ် ၂ နှင့် ဂျိုးတောင်ကျေးရွာ ဈေးသစ် ၂ တွင် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ကြပြီး ဘုရားစေတီများတွင် ဖောင်ဒေးရှင်းပြုလုပ်ခြင်း၊ လမ်းဦးစီးဌာနမှဆောင်ရွက်သော လမ်းတံတားများ၊ ဘုန်းကြီးကျောင်း၊ ဆေးရုံနှင့် နေအိမ်များ တံတိုင်းကာရံခြင်းတွင်လည်းကောင်း၊ နေအိမ်တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်များ တည်ဆောက်ခြင်းများတွင် ဝယ်ယူသုံးစွဲလာကြသည်ဟု သိရသည်။

"ကွန်ကရစ်အုတ်ကို အလျား ၁၀ လက်မ၊ အနံ ၄ လက်မ၊ ထု ၄ လက်မဆိုဒ်ထုတ်ပါတယ်။ ကွန်ကရစ်အုတ်ကို သဲကြမ်း၊ ဘိလပ်မြေနဲ့ ရောနှောပြီး ရေနဲ့သမအောင်မွှေရပါတယ်။ ပြီးရင် ပုံစံခွက်ထဲထည့်ပြီး ဖိရိုက်တဲ့စက်နဲ့ထုတ်ရတာပါ။ အုတ်တစ်လုံးအတွက် အရင်းအနှီးကုန်ကျမှုက သဲရဲ့တန်ဖိုးက ၁၀ ကျပ်၊ ဘိလပ်မြေတန်ဖိုးက ကျပ် ၃၀၊ လုပ်အားခငွေကျပ် ၂၀ စုစုပေါင်းငွေကျပ်၆၀ ပါ။

"အုတ်တစ်လုံးကို ငွေကျပ် ၈၀ နှုန်းနဲ့ ရောင်းတာပါ။ မိုးတွင်းကာလ မြေအုတ်တွေစျေးကြီးခိုက်လည်း ဈေးမတက်ဘဲ ပုံမှန်ရောင်းပါတယ်" ဟု ဝန်းသိုမြို့ မြို့သစ်ရပ်ကွက်မှ ထက်ရှမ်းအဆင့်မြင့်ကွန်ကရစ်လုပ်ငန်းပိုင်ရှင် ကိုစိုးညွှန့်လှိုင်က ပြောသည်။

အဆိုပါ ကွန်ကရစ်လုပ်ငန်း တွင်ကျယ်လျှင်တွင်ကျယ်သလောက် လုပ်သားအင်အားဖြင့် အသုံးပြုရပြီး လုပ်သားတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၅၀၀ ဖြင့် ငှားရမ်းလုပ်ကိုင်ရကြောင်း၊ လုပ်သားတစ်ဦးမှာလည်း နောက်ပါအတူမိသားစုပါလျှင်ပါသလောက် လုပ်ငန်းတွင်ကျယ်မှုရှိပြီး ကွန်ကရစ်အုတ်လုပ်ငန်းသည် တစ်နှစ်ပတ်လုံး တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းလုပ်ကိုင်သူနှင့် ဒေသခံလုပ်သားမိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကိုင်းလူမင်း(မိုဒီယာဂရု)**

တံတားဦးဒေသရှိ ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

တံတားဦး ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်သည် ပဲပြောင်း၊ နှမ်း၊ ဝါ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဖရဲ၊ ငှက်ပျော အစရှိသော သီးနှံများစိုက်ပျိုးပြီး ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

၂၉-၁၂-၂၀၁၅ (အင်္ဂါနေ့) တွင်ကွယ်လွန်သွားသော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၅)လမ်း၊ တိုက်အမှတ်(၁၂)နေ ကိုမျိုးမြင့်အောင်၏စျာပန မည်သို့ဆောင်ရွက်ရမည်ကို ညွှန်ကြားပေးသော ဂျိုးဖြူသာသနာပြု ဘဒ္ဒန္တအဂ္ဂသာရ(အဖေကြီး ဘုန်းဘုန်း)နှင့် ကိစ္စအဝဝအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် ပိုင်းဝန်းစီမံဆောင်ရွက်ပေးကြသော နှစ်ဖက်ညီအစ်ကို မောင်နှမများ၊ တူ/တူမ များ၊ ဆွေမျိုးသားချင်းများ၊ အငြိမ်းစားပါမောက္ခဆရာမကြီး Dr ခွဲခွဲဝင်း၊ ဌာနမှူး Dr စိုးမြမြအေးနှင့် ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ JUNE ကုမ္ပဏီမိသားစု၊ GON HTOO Books, TAUK TAUK WIN OFFSET, LIBERTY SWEETS & SNACKS မိသားစုများ၊ စာရေးဆရာများ၊ ကိုမျိုးမြင့်အောင်၏သူငယ်ချင်းများ၊ မာယလုလင်ဗုဒ္ဓဝေယျာဝစ္စဆွမ်းလောင်းအသင်း၊ ၅၅-လမ်း လမ်းသူလမ်းသားများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေ(မိတ္ထီလာမြို့)
အသက် (၉၂)နှစ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း(ငြိမ်း)၏မိခင် ဒေါ်တင်မေ(မိတ္ထီလာမြို့) အသက် (၉၂)နှစ်သည် ၃၀-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)
သူငယ်ချင်းများနှင့်မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မြင့်
အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ [ဦးမြဝင်း(အထွေထွေမန်နေဂျာ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း] ၏ ဇနီး Capt ကျော်သူ (Maersk Line)-ဒေါ်ဟန်နီဝိုးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်မြင့်သည် ၃၀-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် စင်ကာပူနိုင်ငံ (Mount Elizabeth Hospital)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဦးယုကြည်-ဒေါ်ခင်သန်းဆွေ
မိသားစု(ပဲခူးမြို့)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မြင့်
အသက်(၈၄)နှစ်

Capt ကျော်သူ(Maersk Line)-ဒေါ်ဟန်နီဝိုးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်မြင့်သည် ၃၀-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် စင်ကာပူနိုင်ငံ(Mount Elizabeth Hospital)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဦးမောင်မောင်သန့်-ဒေါ်ခင်အေးစံ
Dr.ဇေယျာလင်း-ဒေါ်ကေသီဦး
ဦးသက်မွန်
Dr.မျိုးဇော်လှ-Dr.နီဝင်းသန္တာ
ဒေါ်စုစုလှိုင်

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဇေယျာဝိုး
အသက် (၄၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စု ရိပ်မွန်အိမ်ရာ၊ ခရေလမ်း၊ အမှတ်(၁၈)နေ (ဦးစိုးညွှန့်-ဒေါ်တင်နွယ်ဝင်း)တို့၏သား၊ ဦးမောင်မောင်ဝင်း-(ဒေါ်မေသန်းအေး)တို့၏ သားသမက်၊ ဒေါ်နွယ်နွယ်ဝင်း၏ ခင်ပွန်း၊ မောင်ညီညီထွန်း-မမြဖြိုး စိုးညွှန့်၊ မမေဖြိုးစိုးညွှန့်၊ မဝိုင်းပြည့်ပြည့်ဖြိုး ညွှန့်တို့၏ဖခင်၊ မဝမ်းသံစဉ်၏အဘိုး ဦးဇေယျာစိုးသည် ၁-၁-၂၀၁၆(သောကြာနေ့) နံနက်၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဇေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဇေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆(သောကြာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်လှိုင်(ပုံရွာ)
တိုင်းဥပဒေအရာရှိ(ငြိမ်း)
B.A,B.L, B.Ed (Advocate)
ကျောင်းအုပ်ဆရာကြီး၊
အထက-ဆားလင်းကြီးမြို့
အသက်(၇၅)နှစ်

မုံရွာမြို့နေ (ဦးထွန်းလင်း)-ဒေါ်ခင်စိန့်တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာ မြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အကွက်(၆၅)၊ အမှတ်(၁၀)နေ ဒေါ်သိန်းဆင့်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်လှိုင်ဦး-ဒေါ်ခင်သိတာအောင်၊ ဦးကျော်စွာလှိုင်-ဒေါ်ကိတာခိုင်မြင့်ခို့၊ ဦးထင်အောင်လှိုင်-ဒေါ်ခင်သင်းသင်းအို၊ ဦးဖြိုးတင်ရိန်-ဒေါ်ရည်မွန်လှိုင် (ခေတ္တလန်ဒန်)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၁-၂၀၁၆(သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်လှ (လားရှိုး)
အသက် (၈၂) နှစ်

ရန် ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ကွစိတံအိမ်ရာ၊ အမှတ်(၃၅) နေ [ဗိုလ်ကြီးမောင်ကြည်(ငြိမ်း)၊ မြို့နယ်ကောင်စီ အတွင်းရေးမှူး (ငြိမ်း)ပွင့်ဖြူမြို့နယ်]၏ ချစ်လှစွာသော ဇနီး၊ မောင်ရဲသုအောင် (Information Officer, MFVP)-မသီရိကေခိုင် (ဂျပန်သံရုံး)၊ ဗိုလ်ကြီးခိုင်ညီညီ - Dr.စုခိုင် (Parkway Health Int;)၊ မောင်မင်းသူ (ရွှေရတနာ)-မသင်းသင်းအောင်၊ မောင်ခိုင်ဘုန်းခိုင်(ရွှေရတနာ)၊ မောင်ဖြူးခိုင် (ရွှေရတနာ)၊ မစန္ဒီဘုန်းခိုင်(UFL Japan)၊ မဖြူးရတနာခိုင် (STI) တို့၏ချစ်လှစွာသော ဘွားဘွားကြီး၊ မောင်လင်းသုတ (ILBC)၊ မောင်ငယ်မင်းသုတို့၏ (Bright Star)၊ မောင်ဝေယံမင်းသုတို့၏ ဘွားဘွားကြီးသည်၃၀-၁၂-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဇေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးနီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိန်လှ(ပန်းချီဇော်မော်) (၇၄)နှစ်
မြို့မကျောင်းသားဟောင်း
(အင်း၀)

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ခုနစ်လွှာခေါင်းရင်းခန်း၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဘသာ-ဒေါ်ကျင်ရဲ့)တို့၏သား၊ ဒေါ်သိန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်သန်း)-ဒေါ်ခင်တင့်တို့၏ညီ၊ ဦးကျော်မြင့်-ဒေါ်ညွှန့်မေတို့၏မောင်၊ ဦးသိန်းတန်(မြန်မာပြည်)၊ ဦးကံညွှန့်-ဒေါ်ရီရီမြင့်၊ (ဒေါ်တင်တင်ရီ)၊ ဦးဝင်းကြည်-ဒေါ်ထားထားမြင့်၊ ဦးအောင်ဝင်း-ဒေါ်မိမိခိုင်၊ ဦးတင်အောင်သာ-ဒေါ်တင်တင်ဝင်း၊ (ဦးကျော်ကျော်သာ-ဒေါ်မော်မော်မြင့်)၊ (ဦးစိန်လှိုင်)-ဒေါ်စန်းစန်းကြူတို့၏ အစ်ကို၊ တူ/တူမ၂၃ယောက်တို့၏ဘကြီးသည် ၃၀-၁၂-၂၀၁၅ ရက် ည ၇း၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ ရက် ညနေ ၃ နာရီတွင် ရေဇေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်လှ (လားရှိုး)
အသက် (၈၂) နှစ်

လားရှိုးမြို့နေ [ဦးရွှေခမ်းလိတ်-ဒေါ်ခမ်းဆာ)တို့၏သမီး၊သာယာဝတီမြို့ နေ (ဦးကြွယ်-ဒေါ်သိန်း၁)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ကွစိတံအိမ်ရာ၊ အမှတ်(၃၅)နေ [ဗိုလ်ကြီးမောင်ကြည်(ငြိမ်း)၊ မြို့နယ်ကောင်စီအတွင်းရေးမှူး (ငြိမ်း)ပွင့်ဖြူမြို့နယ်]၏ ချစ်လှစွာသော ဇနီး၊ ဒေါ်တင်မြေ၏ညီမ၊ ဒေါ်မြင့်မြင့်၊ ဒေါ်ရီရီလိတ်၊ ဦးကိုကြီး၊ ဒေါ်မေသန်းလိတ်တို့၏အစ်မ ဒေါ်တင်တင်လှသည် ၃၀-၁၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ပင် ရေဇေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်လှ (လားရှိုး)
အသက် (၈၂) နှစ်

ရန် ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ကွစိတံအိမ်ရာ၊ အမှတ်(၃၅) နေ [ဗိုလ်ကြီးမောင်ကြည်(ငြိမ်း)၊ မြို့နယ်ကောင်စီ အတွင်းရေးမှူး (ငြိမ်း)ပွင့်ဖြူမြို့နယ်]၏ ချစ်လှစွာသော ဇနီး၊ မောင်ရဲသုအောင် (Information Officer, MFVP)-မသီရိကေခိုင် (ဂျပန်သံရုံး)၊ ဗိုလ်ကြီးခိုင်ညီညီ - Dr.စုခိုင် (Parkway Health Int;)၊ မောင်မင်းသူ (ရွှေရတနာ)-မသင်းသင်းအောင်၊ မောင်ခိုင်ဘုန်းခိုင်(ရွှေရတနာ)၊ မောင်ဖြူးခိုင် (ရွှေရတနာ)၊ မစန္ဒီဘုန်းခိုင်(UFL Japan)၊ မဖြူးရတနာခိုင် (STI) တို့၏ချစ်လှစွာသော ဘွားဘွားကြီး၊ မောင်လင်းသုတ (ILBC)၊ မောင်ငယ်မင်းသုတို့၏ (Bright Star)၊ မောင်ဝေယံမင်းသုတို့၏ ဘွားဘွားကြီးသည်၃၀-၁၂-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဇေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးနီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်အောင်ရီ (၆၁)နှစ်
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့

ရန်ကုန်မြို့၊ မရမ်းကုန်း(၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်(၄)၊ အခန်း (၆-က)နေ ဒေါ်ကြူကြူဝေ၏ခင်ပွန်းဖြစ်သူ ဦးတင်အောင်ရီ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့) အသက်(၆၁)နှစ်သည် ၁-၁-၂၀၁၆ရက် ည ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများနှင့်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါက်တာကြည်ယဉ်သောင်းညွန့်(ခ)ဘက်တီသောင်း (၆၉)နှစ်
M.B.BS (YGN) (1972 Batch (ဆမ-၄၅၃၈)
စိန့်ဖရန်စစ်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သီရိ(၄)လမ်း၊ အမှတ် (၇၉၇) နေ [ဒုတိယဗိုလ်မှူးကြီးဗိုလ်သောင်း(ငြိမ်း)-(ဒေါ်တင်ရွှေ)] တို့၏ သမီး၊ ဒေါက်တာမာလာမျိုးညွန့် (ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)-ဗိုလ်မှူးအောင်မင်း(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)၊ ဦးသီဟမျိုးညွန့် (Managing Director SYNERGOS Co., Ltd)၊ ဒေါက်တာ ကျော်ကျော်မျိုးညွန့် (သွားဘက်ဆိုင်ရာ ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ ခုတင်-၅၀၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မောင်ရဲဝင့်ဖြိုး (Grade-9/G, TTC၊ ကမာရွတ်)၊ မောင်စွမ်းရည်ထက် (Grade-6/B, TTC၊ ကမာရွတ်)၊ တို့၏ အဘွား ဒေါက်တာ ကြည်ယဉ်သောင်းညွန့်(ခ)ဘက်တီသောင်းသည် ၁-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၅၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်း ဒါယိကာမကြီး
ဒေါက်တာကြည်ယဉ်သောင်းညွန့်(ခ)ဘက်တီသောင်း (၆၉)နှစ်
M.B.B.S(YGN)(1972 Batch)(ဆမ-၄၅၃၈)
စိန့်ဖရန်စစ်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၄)လမ်း၊ အမှတ်(၇၉၇)နေ (ဒုတိယဗိုလ်မှူးကြီးဗိုလ်သောင်း(ငြိမ်း)-ဒေါ်တင်ရွှေ)တို့၏ သမီး၊ ဒေါက်တာမြတ်သောင်းထွန်း-ဒေါ်ဘေရစ်၊ ဒေါက်တာမြင့်သောင်း-ဒေါက်တာဝင်းဝင်းချို တို့၏ ညီမ၊ ဗိုလ်မှူးဝင်းသောင်း(ငြိမ်း)-ဒေါ်စိုးစိုးမြင့်၊ (ဦးလင်းသောင်း)-ဒေါ်သီတာမြင့်၊ (ဒေါက်တာတင်အောင်မြင့်)-ဒေါ်အေးအေးသောင်းတို့၏ အစ်မ ဒေါက်တာကြည်ယဉ်သောင်းညွန့် (ခ) ဘက်တီသောင်းသည် ၁-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်မိသားစု

ဦးအောင်အောင် (၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၉)၊ ပထမထပ်နေ (ဦးတင်သိန်း)-ဒေါ်တင်မြင့်တို့၏သား၊ (ဦးအောင်သန်း-ဒေါ်တင်ရီ)၊ (ဦးရွှေအောင်)-ဒေါ်မြမြသန်းတို့၏တူ၊ ဦးကိုကိုနိုင်-ဒေါ်ခိုင်မွှေမွှေ တို့၏အစ်ကို မောင်ညီစစ်အောင်၊ မောင်ဖြိုးညီဟိန်းတို့၏ဘကြီးသည် ၁-၁-၂၀၁၆ (သောကြာနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၉)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U RAM THANG PUI(ခ)ဦးကျော်ထူး (၄၅)နှစ်
(ဧဝံဂေလိဆရာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၂)လမ်း၊ အမှတ်(၅၅၇)နေ (Pu Vanlal Dollar)-Pi Kawl Veli ၏သား၊ ဒေါ် Tha Tin Cuai (ခ) Cuai te ၏ ချစ်လှစွာသောခင်ပွန်း၊ Hming Than Mawiii (ခ) Nu Te, Lal Thang Kimii (ခ) Kim Te တို့၏အစ်ကိုကြီး၊ Van Biak Cung (ခ) Cung Cung၊ Lal Nun Tluang (ခ)ဖြိုးနန္ဒာကျော် (Tluang Tluang) တို့၏မွေးသဖခင်၊ ဇေနေဇာ (AG) အသင်းတော်၏ ဧဝံဂေလိဆရာသည် ၂-၁-၂၀၁၆ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ဧမာနွေလဘုရားကျောင်းမှ ကားများ နံနက် ၁၁း၃၀ နာရီတွင် လည်းကောင်း၊ မြောက်ဒဂုံနာရီစင်နှင့် အင်းစိန်သရက်တောမှ မွန်းတည့် ၁၂ နာရီတွင် ကားများထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်နုနုဝါ(ခ)ဒေါ်ချောချော (၄၃)နှစ်
အတွင်းရေးမှူး၊ ပဲခူးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအဖွဲ့ ခေါင်းဆောင်၊ ပဲခူးခရိုင်အမျိုးသမီးရေးရာအဖွဲ့

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်၊ လမင်းသာလမ်း၊ အမှတ်(၂၃၀)နေ (ဦးကြည်အောင်-ဒေါ်သောင်း)တို့၏မြေး၊ ရဟန်းဒါယကာ၊ ဒါယိကာမ (ဦးစိုးသန်း)-ဒေါ်မေရီတို့၏သမီး၊ ဦးသန်းထွန်း (ခရိုင်စိုက်ပျိုးရေးမန်နေဂျာ)-ဒေါ်ယဉ်မေသိန်းတို့၏သမီးချွေးမ၊ မောင်အောင်ခန့်မော် (အထက-၃၊ ပဲခူးမြို့)၊ မဝင့်ဝါရွှေသဇင် (အထက-၃၊ ပဲခူးမြို့)၊ မဝင့်ဝါရွှေရည် (ပွင့်ရတနာမူကြို၊ ပဲခူးမြို့)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဦးသန့်ဇင်ထွန်း (ခရိုင်ဦးစီးမှူး၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပဲခူးမြို့)၏ ချစ်လှစွာသောဇနီးသည် ၁-၁-၂၀၁၆ (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် တောင်တွင်းကြီးမြို့ ဘာသာပေါင်းစုံ သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ (အင်္ဂါနေ့)တွင် တောင်တွင်းကြီးမြို့ နေအိမ်၌လည်းကောင်း၊ ၇-၁-၂၀၁၆ (ကြာသပတေးနေ့)တွင် ပဲခူးမြို့နေအိမ်၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရားရဟန်းကျောင်းဇရပ်ဒါယိကာမကြီး
ဒေါ်ပုံ (၈၃)နှစ်
(ဒလ ပျော်ဘွယ်ကြီး)
သဲသဲကြီးစတိုး

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂) ရပ်ကွက်၊ အင်းစိန်လမ်းမ၊ အမှတ်(၅၀)နေ ကျောင်းဆရာကြီး (ဦးအောင်တင်)၏ဇနီး၊ ဆရာဦးတင်မြင့်-ဒေါ်စိန်လှမြင့် ဦးသာစိုး(မကွေးတိုင်းဒေသကြီး-လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်သန်းသန်းဌေး၊ (အထက၊ မကျီးကန်း)၊ ဒေါ်အေးအေးကြိုင်(သဲသဲကြီးစတိုး)၊ ဦးတင့်ကို-ဒေါ်သီတာအောင်(ကြူကြူစတိုး-မြေနီကုန်း) ဦးမြင့်ဟန်-ဒေါ်စန်းစန်းအေး(ခ)သဲသဲ (FOR TUNES အလှမီနီယံ၊ မှန်နှင့် စတီးအလှ ဆင်လုပ်ငန်း)၊ (ကိုရွှေလိုင်)၊ ကိုဖြိုးဝေလိုင်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁-၁-၂၀၁၆ (သောကြာနေ့) နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လှည်းတန်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကျော်မြင့် (၇၃)နှစ်
မန်နေဂျာ(စီးပွား/ကူးသန်း-ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ အုန်းနဲ့ကျေးရွာနေ (ဦးသန်း-ဒေါ်လှကြည်)တို့၏သား၊ (ဦးဘလွင်-ဒေါ်အေးကြူ)တို့၏ သားသမက်၊ (ဦးတင်ထွန်း-ဒေါ်အုန်းသီ)၊ (ဦးစိုးလွင်)-ဒေါ်ခင်ရွှေ ဦးအောင်သိန်း-(ဒေါ်တင်ဉ)၊ (ဦးတင်လှိုင်)-ဒေါ်အေးဟန်၊ (ဗိုလ်မှူးမြင့်သိန်း)-ဒေါ်ခင်မာကြူ (ဦးချစ်-ဒေါ်အေးသန့်)၊ ဗိုလ်မှူးကြီးဝင်းကြည်-ဒေါ်စိန်စိန်တို့၏ ညီ/မောင်၊ ဦးကျော်မြင့်-ဒေါ်ရီရီမြင့်၊ ဦးဝင်းမြင့်-ဒေါ်ပြုံးပြုံးကြည်၊ ဦးရိုင်း-ဒေါ်ငွေငွေရီ (ဦးမြင့်သွင်)-ဒေါ်စန်းစန်းဝေ၊ ဦးနေဝင်း-ဒေါ်အေးအေးအောင်၊ (ဦးသိန်းဇော်)-ဒေါ်မေရီပြုံးတို့၏အစ်ကို၊ ဒေါ်စန္ဒာဌေး၊ ဦးတင်မျိုး-ဒေါ်သန္တာဌေး (အထက-၅၊ မရမ်းကုန်း)၊ ဦးအောင်နိုင်ဝင်း-ဒေါ်နှင်းနှင်းတို့၏ဖခင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ သုနန္ဒာလမ်းမကြီး၊ အမှတ်(၁၃၇၀)နေ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ မြေး၄ယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၆(သောကြာနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိုးဝင်း အသက်(၇၀)
B.Sc (Zoology) Dip.D.T
Chief Dantal technician(ငြိမ်း)
သွားတုဆေးပညာဌာန၊
ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ်(၇၈/၁)နေ (ဦးသိန်းကြည်-ဒေါ်လုံးတင်)တို့၏သားကြီး၊ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ ဒေါ်မြသန်း၊ (ဦးအောင်ဝင်းခိုင်)-ဒေါ်ခင်ခင်ဝင်း (စစစ-ငြိမ်း)၊ ဒေါ်သိန်းသိန်းဝင်း (အထက်တန်းပြ၊ အထက-၁၊ ဒဂုံ/မြောက်)၊ ဦးထွန်းဝင်းနိုင် (အကောက်ခွန်)-ဒေါ်ခင်ခင်မာ (အကောက်ခွန်)၊ ဦးလှိုင်မိုး-ဒေါ်သန္တာဝင်းတို့၏အစ်ကိုကြီး၊ မဖြူအိကျော် (World Lab Myanmar သွားတု)၊ မခင်ကျော်စု၊ မဖူးပွင့်သော်၊ မလင်းလက်ရွှန်း၊ မထူးထူးသဇင်မိုး၊ မဆုမြတ်စံ တို့၏ ဘကြီးသည် ၁-၁-၂၀၁၆ (သောကြာနေ့) နံနက် ၉း၀၂ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမောင်နှမတစ်စု

ဦးအေးဖေ(သာယာဝတီ) (၉၃)နှစ်
ပြည်-ရွှေကျောက်ကာဘုရားဂေါပကအဖွဲ့နာယက

သာယာဝတီမြို့နေ (ဦးအေးမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဒေါက်တာနေဝင်းနိုင်(ကျောင်းအုပ်ကြီး Victoria University College)-ဒေါ်သန်းသန်းနွယ်၊ ဦးဝင်းအောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးအောင်-ဒေါ်လှိုင်မော်ဦး(အထက-ဆင်တဲ)၊ (ဦးအောင်အောင်)-ဒေါ်ချူပြုံး၊ ဦးသက်ပိုင်-ဒေါ်ညီညီလွင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုး ဦးအေးဖေသည် ၂-၁-၂၀၁၆ (စနေနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ပြည်မြို့ မူလရွှေတံခါး (၄)လမ်း နေအိမ်မှ ပြည်မြို့ ကံသာယာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ(စစ်ကိုင်း) (၇၃)နှစ်
အထက်တန်းပြ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ သခင်အုန်းခင်လမ်း၊ အမှတ်(၃၄၇)နေ ဦးအေးကျော်၏ဇနီး၊ ဦးဇော်နိုင်ဦး-ဒေါ်စန္ဒာအောင်၊ ဦးသူရဇော်-ဒေါ်လဲ့လဲ့ဖြူတို့၏မိခင်၊ မြေး၄ယောက်တို့၏အဘွား ဒေါ်စန်းရီသည် ၁-၁-၂၀၁၆ (သောကြာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းရီ(စစ်ကိုင်း) (၇၃)နှစ်
အထက်တန်းပြ(ငြိမ်း)

မြန်မာ့သတင်းစဉ်(ပြည်တွင်း) ခေတ္တစာတည်းမှူးချုပ် ဦးဇော်နိုင်ဦး-ဒေါ်စန္ဒာအောင်တို့၏မိခင် ဒေါ်စန်းရီသည် ၁-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဦးသောင်းအေး(ရဲအုပ်-သတင်းတပ်ဖွဲ့-ငြိမ်း) (၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁၇၄)၊ တတိယထပ် နေ(ဦးငွေပေါ်-ဒေါ်သိန်းမေ)တို့၏သား၊ ဦးအောင်ကြိုင်-ဒေါ်အုန်းမြင့် (လှဥမ္မာသက်နီးတိုက်=မော်ကွန်း)တို့၏ညီ၊ ဦးကျော်ဝင်း-ဒေါ်သန်းစိန် (စူပါမင်း ရေခဲမုန့်-မော်ကွန်း)၏မောင်၊ ဗိုလ်မှူးရဲအောင်-ဒေါ်စောယုဝေ(ကျိုက်ထိုမြို့နယ် ဥပဒေအရာရှိ)၊ ဦးဇော်ထက်အောင်(အကောက်ခွန်ဦးစီးဌာန)တို့၏ဖခင် ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း ဦးသောင်းအေးသည် ၁-၁-၂၀၁၆(သောကြာနေ့) ညနေ ၄း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီထွက်ပါမည်။) [၇-၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးသတိုးအောင် (၆၇)နှစ်
မြန်မာနိုင်ငံရှေ့နေအသင်းတွဲဖက်ပြန်ကြားရေးမှူး
မြန်မာနိုင်ငံအိမ်ခြံမြေအသင်းဥပဒေအကြံပေး
B.Sc (Maths), D.B.L, D.I.L, D.A.Psy, D.M.L, D.I.R, M.PA(Thesis), L.LPC, CAES WIPO (Switzerland)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၆/မိုင်၊ ပြည်လမ်း၊ ခြံအမှတ်(၅၄)နေ (ဦးညွန့်သိန်း-ဒေါ်ခင်လှလှ)တို့၏သား၊ (ဦးသတိုးမော်)-ဒေါ်စမ်းစမ်းယဉ်၊ ဦးတင်မျိုးလှိုင်-ဒေါ်ဆင်းသီ၊ (ဦးကေကြီး)-ဒေါ်မာလာရီ၊ ဒေါ်နီလာရီတို့၏မောင်၊ (ဦးဦးဦးကို)-ဒေါ်မြတ်ဝတ်ရည်၊ ဦးကျော်ကျော်နေလင်း-ဒေါ်မြတ်သာဂီတို့၏ အစ်ကို၊ တူ/တူမ ၂၀ ယောက်တို့၏ဦးလေး၊ မြေး ၂၂ ယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၆(သောကြာနေ့) ည ၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၅၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်အောင်ရီ(တောင်ကြီးမြို့) (၆၁)နှစ်
ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန

ရန်ကုန်မြို့နေ (ဦးကြည်-ဒေါ်စိုးမြင့်)တို့၏သား၊ (ဦးဟုတ်)-ဒေါ်တင်မေတို့၏သားသမက်၊ တောင်ကြီးမြို့နေ ဒေါ်ကြူကြူဝေ၏ခင်ပွန်း၊ ဦးတင်အောင်ဝင်း၊ ဒေါ်ခင်နုဝေ၊ ဦးစောလှိုင်-(ဒေါ်အေးကြည်မြင့်)တို့၏ ညီ/မောင်၊ ဦးတင်အောင်လင်း၊ ဒေါ်ရီမြင့်အေး၊ ဦးတင်အောင်လွင်-ဒေါ်ချိုချိုဇော်၊ ဦးသန်းထွဋ်ဆွေ-ဒေါ်အေးအေးမာ၊ ဦးခင်မောင်ကြူ-ဒေါ်အေးအေးစန်း၊ ဒေါ်ကြူကြူမေ၊ ဦးမင်းသူ-ဒေါ်ကြူကြူအောင်၊ ဒေါ်ကြူကြူစန်း၊ ဒေါ်ကြူကြူလွင်တို့၏အစ်ကို၊ ကိုနန္ဒကျော်-မကျော့ကျော့ခိုင်၊ ကိုနေလင်းအောင်-မလဲ့လဲ့စိုး၊ ကိုအောင်ဘုန်းကျော်တို့၏ မွေးသဖခင်၊ မောင်လင်းထိန်၏အဘိုးသည် ၁-၁-၂၀၁၆ရက် ည ၁၁း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ချော်တွင်းကုန်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီနှင့် ဖဆပလရပ်ကွက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မောင်ထွန်း
B.A(Eco)
အသက်(၄၀)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မင်းဆိပ်ပြင်အုပ်စု၊ မင်းဆိပ်ပြင်ကျေးရွာနေ ဦးနီထွန်း-(ဒေါ်သန်းတင်)တို့၏သား၊ ဦးဝင်းတင်-ဒေါ်တင်တင်အေး (အထက၊ ဆင်နားချောင်)၊ ဦးတင်ထွန်း-ဒေါ်ခင်မိုးလွင်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၁)လမ်း၊ အမှတ် (၆၁၉-က) နေ ဦးထွန်းခင် (ရွှေပန်းထိမ်)-ဒေါ်ခင်မိုးရွှေတို့၏ညီသည် ၁-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်လှ(ပန်းချီဇော်မော်)
အသက်(၇၄)နှစ်
မြို့မကျောင်းသားဟောင်း
အင်း၀

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ခုနစ်လွှာ၊ ခေါင်းရင်းခန်း၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဘသာ-ဒေါ်ကျင်နု)တို့၏ သား၊ ဒေါ်သိန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်လင်း(Bass သီဟ)-ဒေါ်မေမြတ်သော်(Adventure Myanmar Tours)၊ ဦးသူရဇော်၊ ဒေါ်ဥမ္မာခင် (တကောင်ဘွားကုမ္ပဏီ)၊ ဒေါ်စန္ဒာမြင့် (တေးသံရှင်ဆာယာ)တို့၏ ချစ်လှစွာသောဖခင်၊ မယွန်းရွှေသီဦး၊ မယွန်းနဒီဦး တို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၁၂-၂၀၁၅ရက် ည ၇း၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အမာ(ခ)ဒေါ်ခင်မလေး (၁၀၁)နှစ်

မန္တလေးမြို့၊ (၈၅)လမ်း၊ (၂၈×၂၉)ကြား ဈေးချိုဝါးတန်းရပ်၊ အမှတ်(၂၂) နေ (ဦးမောင်ကလေး-ဒေါ်မိမိကြီး)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးစောနိုင်-ဒေါ်တင်နွဲ့၊ ဦးဘထွန်း(မန်နေဂျင်း ဒါရိုက်တာ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်)-ဒေါ်ခင်မြင့်ရီ၊ ဦးမျိုးနိုင်-ဒေါ်သန်းသန်းမြင့်၊ မန္တလေးမြို့ ဈေးချို ဝါးတန်းရပ်နေ ဒေါ်တင်နွယ်အေး၊ ဦးဘုန်းနိုင်-(ဒေါ်မိမိရီ)၊ ဒေါ်ခင်မေပြုံး၊ ဦးဝဏ္ဏ-ဒေါ်ခင်ဖြူဖြူမာတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ်ရှစ်ယောက်တို့၏ ကျေးဇူးရှင်ဘွားဘွားကြီးသည် ၁-၁-၂၀၁၆ (သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဘရီ(ရုံးသပြေကန်) (၈၄)နှစ်
မြန်မာ့လေကြောင်း (အငြိမ်းစား)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်၊ အရှေ့ပိုင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ တမ္ပဝတီလမ်း၊ အမှတ်(၂၄၆)နေ (ဦးထွန်းမြတ်-ဒေါ်ထား)တို့၏သား၊ (ဦးဘသွင်-ဒေါ်စိန်ပု)တို့၏ သားသမက်၊ ဒေါ်လှရီ (MEIC-ငြိမ်း)၏ခင်ပွန်း၊ (ဦးဇော်မင်းဦး)-ဒေါ်စမ်းစမ်းအေး၊ ဦးဝင်းထွဋ်ဦး(ခ)ကိုဖြိုး-ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ အိသဥ္ဇာကျော်၊ မြတ်မင်းသူ၊ စွမ်းထက်အောင်တို့၏အဘိုး ဦးဘရီသည် ၂-၁-၂၀၁၆ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးချစ်ထွန်း(ခ)ဦးမိုက်ကယ်(ရန်ကင်း-ရေစကြို) အသက်(၆၀)
ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် (၂၀၆)၊ အခန်း(၂၂)နေ (ဦးအောင်ထွန်း-ဒေါ်ရီတာခင်)တို့၏သား၊ ရေစကြိုမြို့နေ (ဦးပွား-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်းနု၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ထွန်း၊ ဦးတိုးနိုင်-ဒေါ်မြင့်မြင့်ထွန်းတို့၏ညီ/မောင်၊ ဦးစောထွန်း (ခေတ္တ-မလေးရှား)-ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးထွန်း(မိုးထွဋ်ရှုတော်ဝင်ကုမ္ပဏီ၊ Rosana Floral)၊ ဦးလွင်မော်ဦး-ဒေါ်ခိုင်ခိုင်ထွန်း (Rosana Floral)၊ ဒေါ်ထွေးထွေးအောင် (ပုလဲဖြူ Fancy Shop၊ ရွှေပြည့်စုံဈေး)တို့၏အစ်ကို၊ ဦးငွေမိုးကိုကိုအောင် (AE, Myanmar Aurora Shipping)-ဒေါ်အေးမြတ်မင်း၊ မမေမွန်သူ (အထက-၁၊ရန်ကင်း)တို့၏ မွေးသဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၆ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှဒင် (၅၇)နှစ်

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ သဇင်(၈)လမ်းနေ (ဦးမြဒင်)-ဒေါ်ခင်သန်းမြင့်တို့၏သား၊ (ဗိုလ်မှူးထွန်းရွှေ-ဒေါ်ရီရီသန်း)တို့၏သားသမက်၊ ကိုထူးဝေလင်းအောင်(အောင်သိန်းသန်းကုမ္ပဏီ)- မယမင်းမို့ (Integral Int'l Ltd.) တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်စန္ဒာထွန်း(မာမီလေး) (CAE နေပြည်တော်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၁-၂၀၁၆ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုအံ့အောင်ဌေး (၂၉)နှစ်

လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် (၁)လမ်း၊ တိုက် (၁၂)၊ အခန်း (၃)နေ ဦးခင်အောင်ဦး-ဒေါ်သန်းသန်းဌေးတို့၏သား၊ ကိုညီညီဇော်-မဟန်နီဦးတို့၏မောင်၊ ကိုစံရအောင်-မနန္ဒာလှိုင်တို့၏ညီသည် ၂-၁-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆(သောကြာနေ့) နံနက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် (၁)လမ်း၊ တိုက် (၁၂)၊ အခန်း(၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မောင်ကောင်းခန့်ပိုင်(ဒုတိယနှစ်၊သင်္ချာ)အဝေးသင် (၂၂)နှစ်
WISE College
(New World Shwe Pyi Tam Co.,Ltd) (Sales & Supervisor)

နေပြည်တော်နေ ဦးကျော်လှအောင်-ဒေါ်ကြည်ကြည်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၃၃၂)၊ သုံးလွှာနေ (ဦးထွန်းဖေအောင်-ဒေါ်သန်းရင်)တို့၏မြေးကြီး၊ ဦးထွန်းနိုင်(ဒု-လဝကမှူး၊ နေပြည်တော်)-ဒေါ်သီဂီထွန်း(အထက်တန်းပြ အထက-၃၊ ဗိုလ်တထောင်)တို့၏ သားကြီး၊ မရည်မွန်ထွန်း(ဒုတိယနှစ်၊ အင်္ဂလိပ်စာ)၊ မောင်ပိုင်သော်ဇံ(အဋ္ဌမတန်း၊ အထက-၂၊ ကမာရွတ်)တို့၏အစ်ကိုကြီး၊ ဦးအောင်ဘဦး-ဒေါ်သန်းသန်းဌေး၊ ဦးထွန်းရှိန်-ဒေါ်ခင်အေးကြည်၊ ရဲမှူးဌေးဌေးထွန်း (လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးဇော်မင်းထွန်းတို့၏တူသည် ၂-၁-၂၀၁၆ ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်အေး (၆၇)နှစ်
ဒုတိယညွှန်ကြားရေးမှူး၊
သမဝါယမဦးစီးဌာန(ငြိမ်း)
အထွေထွေမန်နေဂျာ၊
ဗဟိုသမဝါယမအသင်းလီမိတက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၂)၊ အခန်း (၁၉)နေ (ဦးဟိုဒီ-ဒေါ်အုန်းမြင့်)တို့၏ သား၊ (ဦးမောင်ကြင်-ဒေါ်တင်အေး) တို့၏သားသမက်၊ ဒေါ်နုနုယဉ် (သမဝါယမဦးစီးဌာန-ငြိမ်း)၏ ခင်ပွန်း၊ ကိုဥက္ကာကျော်-မအေးသန္တာ၊ ကိုမြင့်ဦး-မရွှေရည်မွန်တို့၏ဖခင်သည် ၂-၁-၂၀၁၆ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်တင်မာကြည် (၅၁)နှစ်
B.A(Geo)
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအမှတ်(၁၇)၊ လေးလွှာနေ (ဦးအေးမောင်-ဒေါ်ညွန့်စိန်)တို့၏ သမီးကြီး၊ (ဦးထွန်းလှိုင်-ဒေါ်သီ)တို့၏ သမီးချွေးမ၊ ဦးငွေဝင်း-ဒေါ်လှတင်၊ ဦးလှတင့်-ဒေါ်လုံး၊ ဦးချစ်သောင်း-ဒေါ်တူးတို့၏တူမ၊ ဦးမင်းလွင်[(MEGA) ဆေးကုမ္ပဏီ]၊ စာရေးဆရာနေဘုန်းဝေ-ဒေါ်သင်းသင်းစု(ခ)ဆရာမမြသရဖီကျော်၊ ဒေါ်ကြည်ကြည်ဝင်း(ရန်ကုန်တက္ကသိုလ် အဝေးသင်စာမေးပွဲဌာန)တို့၏ အစ်မကြီး၊ (မချိုဇင်သက်(ခ)ချိုဇင်သော်)၏ မိခင်၊ ဦးစိုးတင့်(ခ)ဦးမင်းသူ၏ ချစ်လှစွာသောဇနီး ဒေါ်တင်မာကြည်သည် အာရှတော်ဝင်ဆေးရုံ၌ ၁-၁-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေ့အိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

Hot Line No-09305001 00

စိုပြည်စိမ်းလန်း သုံးသီးစားပြီး မီးလည်းလင်းကာ ရေလည်းရမည့် မြို့ကြီးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲမှ ပီတိသံများ



ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်ဇေယျာမြင့်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ပြီးစီး၍ ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်လိုက်သည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်မှုအပိုင်းမှ တာဝန်ရှိသူများနှင့် ဒေသနေပြည်သူများ၏ ပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်။

ဦးကျော်နိုင်

ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဓာတ်အားဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန

မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကနေ ထွက်ရှိလာမယ့် ဓာတ်အားတွေကို နောင်တော်ကွင်းစက်ရုံကို ပို့လွှတ်မှာဖြစ်ပြီး အဲဒီကနေ တစ်ဆင့် National Grid ထဲကို ထည့်ပေးမှာဖြစ်ပါတယ်။ စက်ရုံတည်ဆောက်မှုကာလမှာ နှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး အဓိကကန်ထရိုက်တာက တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co. က တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ ရေထုတ်ပြန်ကို ဖိအားမြင့်သံမဏိပိုက်သုံးထားပြီး ဥမင်လိုဏ်စနစ်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ အခုလိုဓာတ်အားထုတ်ပေးနိုင်တဲ့အတွက် နိုင်ငံတော်ရဲ့ ဓာတ်အားစနစ်မှာ တစ်နှစ်ကို ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇ သန်း ဓာတ်အားထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး ဒီစီမံကိန်းအနီးမှာရှိတဲ့ ရွာငါးရွာကိုလည်း မီးပေးနိုင်ပြီဖြစ်ပါတယ်။

ဦးလှမော် [လ/ထအင်ဂျင်နီယာ(စက်မှု)]

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ကျွန်တော်တို့ ဒီထိန်းချုပ်ခန်းကနေ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကွန်ပျူတာစနစ်နဲ့ ထိန်းချုပ်ပေးပါတယ်။ စက်မောင်းနှင်ခြင်း၊ စက်ရပ်နားခြင်း ကအစ ဒီထိန်းချုပ်ခန်းကပဲ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဓာတ်အားလက်ခံတာနဲ့ ဓာတ်အားထုတ်လုပ်တာကို လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ၁၅ မဂ္ဂါဝပ် နှစ်လုံးကနေ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်မှာဖြစ်ပြီး လက်ရှိရေအမှတ်အရ ၁၀ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ကာ လျှပ်စစ်မီးပေးသွားမှာဖြစ်ပါတယ်။ ဝန်ထမ်းအင်အား ၁၁ ဦးဖြင့် လက်ရှိမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို လည်ပတ်မှာဖြစ်ပါတယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးအတွက် အမျိုးသားရေးတာဝန်

စာမျက်နှာ - ၈

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုကဗျာ

လွတ်လပ်ရေးနှင့် ယနေ့လူငယ်

စာမျက်နှာ - ၉

လွတ်လပ်ရေးနေ့အကြို ပြည်သူတို့၏ ရင်ဖွင့်စကားသံများ

စာမျက်နှာ - ၉

ညောင်တုန်းမြို့ပတ်ရေကာတာ မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် ကမ်းပါးအိုကျမှုဖြစ်ပွား

ညောင်တုန်း ဇန်နဝါရီ ၂

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မြို့ပတ်ရေကာတာထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေစဉ် ကမ်းပါးအက်ကွဲနိမ့်ကျမှု ဇန်နဝါရီ ၂ ရက်ညနေ ၄ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည်။**(ယာပုံ)**

အဆိုပါကမ်းပါးအက်ကွဲအိုကျမှုသည် အမှတ်(၄)ရပ်ကွက် (၉)လမ်းနှင့် (၁၀)လမ်းကြား မြစ်ကမ်းထိန်းသိမ်းရေးတာအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအထူးအဖွဲ့(၉)မှ တာပြုပြင်မြှင့်တင်ရန် ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် ပတ်ဝန်းကျင်ရှိမြေသားများ အက်ကွဲလာသဖြင့် လုပ်ငန်းရပ်ဆိုင်းလိုက်စဉ် (၉)လမ်းနှင့် (၁၁)လမ်းကြား RT-3760 နှင့် RT-4060 ကြား မြစ်ကမ်းထိန်းတာ၏ ဘေးကပ်လျက်ကမ်းပါးအိုကျမှု ဖြစ်ပွားခဲ့သည်။ ယင်းမြေသားပျမ်းမျှ ၁၅ ပေခန့်နိမ့်ကျ၍ မြို့ပတ်တာပါ လိုက်ပါနိမ့်ကျသွားခဲ့ပြီး ဆောင်ရွက်ဆဲ အုတ်ရိုးပေ ၂၀၀ ခန့် ကျိုးပဲ့ပျက်စီးသွားခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



သတင်း - ဝင်းမြင့်ကျော်(ညောင်တုန်း)၊ ဓာတ်ပုံ - သပြေထွန်း



ကြေးမုံ Mirror
တနင်္ဂနွေ SUNDAY SPECIAL
2016 JANUARY 3, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ဝေ့ရှမ်းကိုကော်ပါလို့ ရွှေကုန်ကြီးကို လှမ်းခဲ့တယ်



မြင့်စိုး(နတလေ)

မြဝတီမြို့နယ် လေးကေ့ကော်ကျေးရွာ။

တံတားအမည်က ရန်နိုင်လွင်

မြဝတီမြို့နယ် မယ်ထော်သလေးရွာအထွက်က ပေ၂၀ မျှသာရှိသော တံတားလေးတစ်စင်း၏ အမည်ဖြစ်သည်။ ကရင်ပြည်နယ်ထဲမှာ ဗမာဆန်ဆန်ပေးထားသော တံတားနာမည်လေးဖြစ်နေ၍ မေးမြန်းကြည့်ရာ KNU တပ်မတော်(၁)မှ ဗိုလ်မှူးရန်နိုင်နှင့် နယ်ခြားစောင့်တပ်ရင်းမှ တပ်မှူး ဗိုလ်မှူး စောမုတ်သိုလ် (ခေါ်) ဗိုလ်မှူးဝေလွင်တို့ သူငယ်ချင်းနှစ်ဦးသည် ဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်ကြမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤတံတားလေးကို တည်ဆောက်ပြီး အမှတ်တရနာမည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ မြဝတီမြို့နှင့် သောင်းရင်းမြစ်အကြားတွင် မေတ္တာလင်းမြို့၊ ရေပူ၊ မယ်ထော်သလေး၊ မင်းလက်ပန်၊ အင်းကြင်းမြို့၊ ဖလူးကြီး၊ ဖလူးလေး၊ ရသေ့ဂူ၊ ထီးနုလေးကျေးရွာများ တည်ရှိနေပေရာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ပေးထားသော လေးကေ့ကော်ကျေးရွာလည်း အပါအဝင်ဖြစ်သည်။

လေးကေ့ကော်စံပြကျေးရွာ

KNUတပ်ဖွဲ့ဝင်ဟောင်းများနှင့် မိသားစုဝင်များနေထိုင်ရန် လေးကေ့ကော်စံပြကျေးရွာကို တည်ဆောက်ပေးထားခြင်းဖြစ်သည်။ မြဝတီမြို့နှင့်လည်း သိပ်မဝေးလှ။ ထို့အတူ သောင်းရင်းမြစ်နှင့် ၁၀မိနစ်ခန့် ခရီးအကွာအဝေးသာရှိနေသော မြန်မာ-ထိုင်းနယ်စပ်မှ ကျေးရွာတစ်ရွာအဖြစ် တည်ရှိနေပေသည်။ ဆိုခဲ့သည့်အတိုင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အိမ် ၁၈၈ လုံး၊ ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် အိမ် ၂၅ လုံးကို တည်ဆောက်ပေးခဲ့ရာတွင် ထိုရွာကို ကြီးကြပ်ဆောက်လုပ်ခဲ့သူ KNU တပ်မတော်(၁)မှ ဗိုလ်မှူးရန်နိုင်တို့အဖွဲ့က မြို့ကွက်သစ်ပုံစံအတိုင်း စနစ်တကျပုံဖော်၍ ဆေးရုံနေရာ၊ စျေး၊ စာသင်ကျောင်း၊ အားကစားကွင်း၊ စုပေါင်းခန်းမ၊ နေ့ကလေးထိန်းကျောင်း၊ နှစ်သစ်ကူးကွင်းတို့ကို လျာထားပြီး အကွက်ချတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နေအိမ်များသို့ အရောက် ရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မြဝတီမြို့မှ တစ်ဆင့် မီးသွယ်ယူရန် ဓာတ်မီးတိုင်များစိုက်ထူထားပြီးဖြစ်ရာ မကြာမီကာလတွင် လေးကေ့ကော်သည် လျှပ်စစ်မီးထိန်ထိန်ဝင်းသော စံပြကျေးရွာတစ်ရွာဖြစ်လာပေတော့မည်။ ရွာ၏အနောက်ဘက်ရှိ လေးကော့ကော်တောင်၊ ဇွဲချုတ်တောင်၊ တာ့ကော်ကြိုးတောင်တို့အပေါ်၌ ထုံးသင်္ဘန်းဖွေးဖွေးနှင့် စေတီငယ်လေးများ တင့်တယ်သပ္ပာယ်စွာ တည်ရှိနေပေရာ ထိုင်းနိုင်ငံဘက်မှလှမ်းကြည့်လျှင် အေးချမ်းသော သာသနာ့အရိပ်ကို တွေ့မြင်နိုင်မည်ဖြစ်ပေသည်။ ရှင်းလင်းဆောင်၌ ချိတ်ဆွဲထားသော မြို့အကွက်ချပုံစံ၊ မြို့ရေပေးဝေရေးစနစ်၊ လျှပ်စစ်မီးသွယ်တန်းမှုမြေပုံတို့နှင့်အတူ တွေ့မြင်ရသည်က ဆရာကြီးဇော်ဂျီ၏ ကဗျာတစ်ပိုဒ်ကို ဝီနိုင်းဖြင့်ရိုက်နှိပ်၍ ချိတ်ဆွဲထားခြင်းဖြစ်သည်။ သင်သေသွားသော် . . . သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့် ကျန်ကောင်းသင့်၏ . . . တဲ့လေ။

မြဝတီ၊ ဝေ့ရှမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ မြဝတီမြို့မှတစ်ဆင့် ရွှေကုန်ကြီးဒေသသို့ ဆက်လက်ထွက်ခွာရာတွင် ဝေ့ရှမ်းရွာကြီးကိုလည်း ဖြတ်ကျော်ခဲ့ရာ ၂၀၀၂ ခုနှစ် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်သို့ မြဝတီ/ဝေ့ရှမ်းမှ ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ လာရောက်ခဲ့ဖူးသည်ကို ဖျတ်ခနဲအမှတ်ရလိုက်သည်။ ထိုနှစ်က မြဝတီ/ဝေ့ရှမ်းအဖွဲ့အပါအဝင် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ပေါင်း ၁၅ ဖွဲ့ ဖိတ်ကြားခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဝေ့ရှမ်းအဖွဲ့သည် သူတို့၏ ဝတ်စုံပေါ်မှာ ရင်စီးပုဝါကလေးများသိုင်းလျက်၊ ခေါင်းပေါ်မှာလည်း သရဖူခက်ကလေးများ ကိုယ်စီတပ်ဆင်လျက် ရိုးရာအကများ ကပြဖျော်ဖြေခဲ့ကြသည်ကို လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ အင်းလေးကန်နံဘေးမှာ ၎င်းအဖွဲ့အား မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်ကို လည်းကောင်း ပြန်လည်မြင်ယောင်မိ၏။ ဘာလိုလိုနှင့် (၁၃)နှစ်တောင်ကြာသွားခဲ့ပါကောလား။

ရောက်ခဲ့ပေါ့ရွှေကုန်ကြီးမြို့

ရွှေကုန်ကြီးဒေသသည် မြဝတီမြို့နှင့် မဝေးလှပါ။ မော်တော်ကားဖြင့် (၂)နာရီ ခရီးမျှသာ။ လမ်းလည်းသာပါသည်။ ရွှေကုန်ကြီး အဝင်၌ ကျွန်းပင်များကို စီတန်းစိုက်ပျိုးထားရာ သက်တမ်းအတော်ရနေပြီဖြစ်သည်။ ထိုဒေသ၌ ခွင့်ပြုပေးထားသော လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရွှေကုန်ကြီးဒေသ၌ ဆောင်ရွက်ပေးခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရွှေကုန်ကြီး-မော်ဖားသူကျောက်ရောမြေသားလမ်း (၇/၀)မိုင်ဖောက်လုပ်ခြင်းနှင့် ပေ(၅၀)တံတား (၁)စင်း၊ Box Culvert များတည်ဆောက်ခြင်း၊ ကော့ကော်-ထိဝါကလေးလမ်း (၄/၄)မိုင် ကတ္တရာခင်းခြင်း၊ ရွှေကုန်ကြီးရပ်ကွက်(၂)မူလတန်းလွန်ကျောင်း၊ ရပ်ကွက်(၅) မူလတန်းလွန်ကျောင်းများ တည်ဆောက်ခြင်း၊ မယ်ဝါးခီးဘက်၌ မြေလမ်း (၃/၄)မိုင်၊ ကျောက်လမ်း (၃/၀)မိုင် ဖောက်လုပ်ခြင်း၊ ဝေ့ရှမ်းကျေးရွာ၊ ညောင်နန်းသာရပ်ကွက်တွင် ပေ ၂၀၀၀ ကျောက်ချောလမ်းခင်းခြင်းတို့ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ရွှေကုန်ကြီးအထကကျောင်းသုံးထပ်ဆောင်ကြီးအား တည်ဆောက်ပေးခဲ့သည်။ ရွှေကုန်ကြီး အထကကျောင်းသည် ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲကို ၃၁ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။ ကျောင်း၏လေ့ခါးမှ တက်သွားလျှင် အထပ်တိုင်း၌ တွေ့မြင်ရမည်မှာ စာသင်ရန်အားပေးသော မိဘသည် သားသမီးတို့၏ တစ်သက်တာအတွက် စောင့်ရှောက်၏။ စာသင်ကျောင်းကို အားပေးသော ရပ်ရွာသည် မျိုးဆက်သစ်ကို စောင့်ရှောက်၏ . . . ဟူသော ဆောင်ပုဒ်များဖြစ်သည်။ ကိုယ်အားကိုယ်ကိုးဆောက်လုပ်ထားသော သန့်စင်ခန်းများသည်လည်း သန့်ရှင်းသပ်ရပ်ကောင်းမွန်လှ၏။ ထူးခွန်ထက်မြက်သော၊ စည်းကမ်းကောင်းမွန်သော အနာဂတ်ရွှေကုန်ကြီးဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော သားကောင်းသမီးမွန်များ ဤကျောင်းတော်ကြီးမှ ထွက်ပေါ်လာမည်ဟု အလေးအနက်ယုံကြည်မိသည်။ ။



ရွှေကုန်ကြီး အခြေခံပညာအထက်တန်းကျောင်း။

တိမ်ပင်လယ်အထက်က ထင်းရှူးရနံ့တွေသင်းနေတဲ့မြို့

ကိုသောင်း(ပညာရေး)



ကျွန်တော် တောင်ပေါ်မြို့ကလေးက ခွဲခွာလာခဲ့သည်မှာ နှစ်ပေါင်း ၁၂ နှစ်ရှိခဲ့ပါပြီ။ သို့သော် ကျွန်တော့်ရင်ထဲ မှာတော့ ဤမြို့ကလေးက အခုတိုင်ရှိနေဆဲပဲ ဖြစ်ပါသည်။ ဒီမြို့ကလေးကို တမ်းတမ်းစွဲ လွမ်းမောမိနေခြင်းကလည်း အဆန်းတော့မဟုတ်ပါ။ မြင့်မားသော တောင်တန်းကြီးများပေါ်တွင် တည်ရှိပြီး ခက်ခက်ခဲခဲဖောက်လုပ်ထားသော လမ်းကွေ့လမ်းကောက်များ၊ တောင်ကမ်းပါးယံကို မေးတင်၍ ဆောက်ထားသော ခြေတံရှည်ရှည် ရိုးရာထင်းရှူးအိမ်လေးများ၊ အနောက်တိုင်းဆန်ဆန် ဆောက်လုပ်ထားသော တိုက်ပုလေးများ၊ ၂၀ ရာစုပုံစံ ခရစ်ယာန်ဘုရားကျောင်းများ၊ အခြေခံပညာစာသင်ကျောင်းများ၊ ဗုဒ္ဓဘာသာသာသနာပြုဘုန်းတော်ကြီးကျောင်းများ၊ ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်တောင်ပေါ် စေတီများ၊ ရက်ကန်းအထက်တန်းကျောင်း၊ ခေတ်မီအထူးကုဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်း၊ ပြီးတော့ တောင်ပေါ်နေ ရိုးသားသောတိုင်းရင်းသားတို့၏ ဘဝပုံရိပ်များက ကျွန်တော့်ရင်တွင်းမှာ မိတ္တူကူးထားသလို ထင်ကျန်နေသောကြောင့် ဖြစ်သည်။

ထိုမြို့ကလေးသည် မြန်မာပြည်၏ အနောက်ဘက်ပိုင်း ချင်းပြည်နယ်မြောက်ပိုင်းတွင် ပါဝင်သည်ဟုဆိုသော်လည်း တကယ်တော့ ချင်းပြည်နယ်အလယ်ပိုင်းတွင် တည်ရှိ၍ အလွန်အေးမြသော ရာသီဥတုကို ခံစားရရှိသည့် မြို့ကလေးဖြစ်ပါသည်။ မြို့ပတ်ပတ်လည်မှ အောက်ခြေမြင်ကွင်းတွေက မြေပြန့်ဒေသပုံရိပ်များလို မြင်နေကျမဟုတ်၊ ဘယ်နေရာကြည့်ကြည့် တိမ်ပင်လယ်ကျယ်ကျယ်နှင့် နှင်းမိုးတွေက အုပ်အုပ်ဆိုင်းဆိုင်းရှိနေ၏။ တိမ်တွေအထက်မှာ ရှိနေသောမြို့ ထိုမြို့ကလေးကား ဖလမ်းမြို့ဖြစ်ပါ၏။

ကျွန်တော့်ရင်ထဲတွင် ဤမြို့ကလေး၏ ပုံရိပ်က ပူးတုံခွာတုံရှိနေခဲ့သည်။ အမြဲတမ်း မဟုတ်သော်လည်း ကျွန်တော့်အတွေးထဲမှာ သည်မြို့ကလေးကို မကြာခဏဆိုသလို ရောက်ဖြစ်သည်။ သည်မြို့ကလေးသို့သွားရသည့်ခရီးက မခက်ခဲသော်လည်း တိမ်စိုင်တိမ်ခဲတွေကြား အသည်းတအေးအေး ရင်တလှပ်လှပ်နှင့် မွှေလိမ်မွှေကောက်လမ်းများအတိုင်း မော်တော်ယာဉ်ဖြင့် လိုက်ပါစီးမျောရင်း အချိန်ယူပြီးသွားရသည်။

ဖလမ်းမြို့သည် တောင်အထပ်ထပ် ကမ်းပါးယံအနားတစ်လျှောက် ရှည်မျောမျော တည်ထားသော တောင်စခန်းမြို့ကလေး ဖြစ်ပါသည်။ မြို့၏မြေမျက်နှာပြင်သည် ညီညာပြန့်ပြူးမှုနည်းခြင်းကြောင့် တောင်ပေါ်နှင့် ဆင်ခြေလျှောရှိ ပြန့်ပြူးသည့်နေရာလေးများမှာ လူနေရပ်ကွက်များ တည်ထားခြင်းကို တွေ့ရပါသည်။ မြေစေးဆန်သော တောင်ပေါ်နီကျင်ကျင့် မြေဆီလွှာဖြင့် ဖွဲ့စည်းထားသည်ဖြစ်၍ မိုးရာသီမှာ မကြာခဏမြေပြိုတတ်ပြီး သွားလာရခက်ခဲတတ်ပါသည်။

ဖလမ်းမြို့၏မြောက်ဘက် ပေ ၄၀၀၀ အောက်နိမ့်သော ဗားရ်ချိုင့်ဝှမ်းအတွင်း ဘော်ငွေရောင်လူးလွန့်လျက် ဖြတ်သန်းစီးဆင်းနေသော မဏိပူရမြစ်သည် မြို့၏ မြောက်ဘက်မှ အရှေ့ဘက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် တောင်ဘက်သို့လည်းကောင်း၊ အတွန့်များသော အနားသတ်မျဉ်းတစ်ကြောင်း ပမာ ကွေ့ဝိုက်စီးဆင်းပြီး မြစ်သာမြစ်ထဲသို့ စီးဝင်ပါသည်။ မဏိပူရမြစ်သည် အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံပါသည်။

မဏိပူရမြစ်ကို တောင်နှင့်မြောက်တန်းလျက် ဖြတ်ကျော်တည်ဆောက်ထားသော နာမည်ကျော်ဗားရ်တံတားရှိပါသည်။ ဗားရ်တံတားနှင့် ရေတသွင်သွင်စီးနေသော မြစ်တည်ရှိရာ ဗားရ်ချိုင့်ဝှမ်းအလှသည် မြင်ရသူအဖို့ အလွမ်းတွေနဲ့ဝေစေပြီး တစ်သက်မမေ့နိုင်အောင် စွဲမက်စေလှပါသည်။ ဤနေရာသည် နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်နိုင်သော သဘာဝအလှတစ်ခု ဖြစ်ပါသည်။

နွေလယ်ကာလဖြစ်သော်လည်း ဗားရ်တံတားပေါ်မှ မဏိပူရမြစ်အတွင်းသို့ လှမ်းကြည့်လိုက်လျှင် ဖြိုးဖြိုးမောက်မောက်နှင့် ရေစီးသန်နေသည်ကို တွေ့ရသည်။ မြစ်ရေသည် စိမ်းလဲ့လဲ့အရောင်သန်းနေပြီး ရေခဲတမျှ အေးလှသည်။ မိုးရာသီဆိုလျှင် ကမ်းလုံးထိ ရေကြီးရေလျှံဖြစ်လိမ့်မည်ဟု တွေးကြည့်နိုင်သည်။

ဖလမ်းမြို့သည် ပေ ၅၀၀၀ အထက်တွင် တည်ရှိ၍ အေးမြစွတ်စိုသော တောင်ပေါ်ရာသီဥတုကို ခံစားရရှိသည်။ တစ်နှစ်ပတ်လုံး နွေရာသီကခပ်ရှားရှား ဖြစ်သည်။ မိုးနှင့်ဆောင်းသာ အဖြစ်များသည်။ နွေခေါင်ခေါင် ဧပြီလ၌ပင် နေ့စဉ်ရေမချိုးနိုင်။ အေးလွန်းသည်ဖြစ်၍ တစ်ပတ်မှတစ်ခါသာလျှင် ရေချိုးနိုင်သည်။

မိုးရာသီ၌ ကာလရှည်စွာ မိုးအဆက်မပြတ်ရွာသွန်းတတ်သောကြောင့် မိုးရေခိုန်လက်မများသော ဒေသဖြစ်သည်။ ဆောင်းအခါ၌ သုညဒီဂရီစင်တီဂရိတ်အောက် ရှိတတ်သဖြင့် ရေခဲရာသီဥတုကို ရံဖန်ရံခါ ခံစားရသည်။ ဆောင်းတွင်းညနေခင်းအခါကာလများ၌ လမ်းလျှောက်ထွက်လျှင် ဆံပင်နှင့် မျက်ခုံးများပေါ်၌ နှင်းမှုန်လေးများ တွဲခိုနေသည်ကို ကြုံရဖူးပါသည်။ နေ့စဉ်လိုလို နှင်းမိုးတွေက အုံ့ဆိုင်းနေတတ်သည်။ ဒေသအခေါ် မှိုင်းတိုက်သည်ဟု ပြောဆိုကြသည်။

ဖလမ်းမြို့ပတ်ဝန်းကျင်၌ စိမ်းစိုအုံ့မှိုင်းသော တောင်ပေါ်သစ်တောများကို ကြည့်လေရာတိုင်း၌ မျက်စိတစ်ဆုံးမြင်နေရသည်။ ပေ ၅၀၀၀ အထက်မြင့်သော တောင်တန်းဒေသဖြစ်၍ တောင်ပေါ်သစ်တောများသီးသန့်ပေါက်ရောက်သည်။ မြို့အနှံ့ဝန်းကျင်၌ ထင်ရှူးပင်များ၊ ချယ်ရီပင်များ၊ စွယ်တော်ပင်များနှင့် တောင်ဇလပ်ပင်များကို တွေ့ရသည်။ တောင်စဉ်တောင်တန်းများတစ်လျှောက် ထင်ရှူးတောကြီးများက ထူထပ်စွာ ပေါက်ရောက်နေသည်။ ဆောင်းအခါ ပတ္တမြားနုရောင်ပြေးနေသော ချယ်ရီပန်းများက ဝေဝေဆာဆာနှင့် မြို့အလှကို ပေါ်လွင်စေသည်။

ခရမ်းရင့်ရောင်စွယ်တော်ပန်းများက ဟိုတစ်စုသည်တစ်စုနှင့် လှချင်တိုင်းလှနေကြသည်။ ချင်းတောင်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်ပွင့်နီနီနှင့် ဖြူဖြူတွေကတောင်နှာမောင်းတစ်လျှောက် ပွင့်နေကြသည်မှာ သဘာဝပန်းချီကားတစ်ချပ်ကို ကြည့်နေရသည့်နှယ် ကြည်နူးစရာကောင်းလှသည်။ သဘာဝအလျှောက် ပေါက်ရောက်နေသော ရောင်စုံပန်းတို့က မြေပြင်ကို ဆေးခြယ်ထားသည့်နှယ် ဟိုတစ်ကွက်သည်တစ်ကွက် ပေါ်နေသည်။ နာမည်ကျော်ဆေးဖက်ဝင်နတ်ဆေးဂမုန်းသည် ချင်းတောင်တန်းများပေါ်တွင် အလေ့ကျပေါက်ရောက်လျက်ရှိသည်။

ဖလမ်းမြို့အနီး ပတ်ဝန်းကျင်၌ တောင်ယာလုပ်ငန်းနှင့် လေ့ကားထစ်လယ်မြေများကို တွေ့ရသည်။ တောင်ပေါ်မြေတွင် ဖြစ်ထွန်းသည့် တောင်ယာစပါး၊ ပြောင်း၊ အာလူး၊ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး၊ ခရမ်းချဉ်သီးတို့ စိုက်ပျိုးရာမှာ အထိုက်အလျောက် အောင်မြင်မှုရရှိသည်။ အိမ်တိုင်းအိမ်တိုင်း၌ ထောပတ်သီးပင်နှင့် သစ်တော်ပင်များကို စိုက်ပျိုးထားရှိသည်။ မြို့အစွန်အဖျားဒေသများတွင် နွားနောက်မွေးမြူရေးခြံများကို တွေ့ရသည်။ အိမ်မွေးတိရစ္ဆာန်အဖြစ် ကြက်နှင့် ဝက်များကို မွေးမြူထားလေ့ရှိသည်။

ထိုအချိန်က မြို့ပတ်ပတ်လည်ရှိ တောင်စဉ်တောင်တန်းများပေါ်၌ ဒေသခံမြို့သူမြို့သားများ၊ အရပ်ဘက်လူအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအသီးသီးတို့က စီမံကိန်းအရ စိုက်ပျိုးခဲ့ရသော လက်ဖက်ပင်များသည် ယခုအခါ၌ စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဖားဖားရှိပေတော့မည်။ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟု ဆိုခဲ့သည်။ တစ်ခါတုန်းက ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကြား၌ ဆိုရိုးစကားပင် ထွန်းခဲ့သည်။ ချင်းပြည်နယ်၌ ဝန်ထမ်းကိုဖျက် လက်ဖက်ဟုပင် တွင်ခဲ့လေသည်။ ဝန်ထမ်းများစိတ်ပျက်ပြီး ထွက်ပြေးချင်လောက်အောင် လက်ဖက်စိုက်ပျိုးရေးစီမံကိန်းက အကြီးအကျယ် စိတ်ဖိစီးစေခဲ့သည်။

ဖလမ်းမြို့နယ်သည် လူဦးရေနည်းပါးသည်နှင့်အမျှ လူနေကျဲသောဒေသဖြစ်သည်။ လူနေကျဲသော်လည်း မြို့နယ်အတွင်း ချင်းတိုင်းရင်းသားမျိုးနွယ်စု ၃၅ မျိုးခန့် နေထိုင်သည်ဟု သိရ၏။ ဤမြို့ကလေးသို့ အထက်တန်း ကျောင်းအုပ်ကြီးတာဝန်ဖြင့် ကျွန်တော် ရောက်ခဲ့သည်။ ကျွန်တော်မှ မဟုတ်ပါ။ အခြားမြေပြန့်အညာဒေသမှ လက်ထောက်ဆရာ၊ ဆရာမများလည်းရှိကြသည်။

ကျွန်တော်တာဝန်ယူရသော အထက်တန်းကျောင်းသည် အ. ထ. က(၂) ဖြစ်ပါသည်။ မြင့်မားသောတောင်တစ်လုံး၏ ညီညာသော ကုန်းပြင်မြင့်ထက်၌ ကျောင်းအဆောက်အအုံကို တည်ဆောက်ထားခြင်းဖြစ်သည်။ ကျောင်းဧရိယာမှာ အကျယ်ကြီးမဟုတ်သော်လည်း ရှည်မျောမျောအလျားဖြင့် ကျောင်းသား၊ ကျောင်းသူများ သွားလာလှုပ်ရှားဆော့ကစားနိုင်ပါသည်။ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်ကာလက ဖလမ်းမြို့ပေါ်၌ အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ခြောက်ကျောင်းသာ ရှိခဲ့သော်လည်း ယခုဆိုလျှင် အခြေခံပညာကျောင်းတွေကို ရွာအနှံ့ နယ်အနှံ့ ဖွင့်နိုင်လိမ့်မည်ဟု ယူဆရပါသည်။ ထို့ပြင် သူနာပြုသင်တန်းကျောင်းနှင့် ရက်ကန်းအထက်တန်းကျောင်းများရှိသည်ဖြစ်၍ ဒေသခံနယ်သူနယ်သားများ၏ အသက်မွေးဝမ်းကျောင်း ပညာရေးသည် ပန်းတွေ့နှင့် ဖွေးနေပြီဟု ဆိုချင်ပါသည်။

ချင်းတိုင်းရင်းသားအများစုသည် ခရစ်ယာန်ဘာသာကို အဓိကထားကိုးကွယ်ကြခြင်းဖြစ်၍ မြို့ပေါ်၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပေါင်း ၃၀ ကျော်ခန့် ရှိပါသည်။ ဖလမ်း၏ အမြင့်ဆုံးတောင်ပေါ်၌ ရွှေရောင်ဝင်းနေသည့် တောင်ပေါ်စေတီနှင့် ဗုဒ္ဓဘာသာသာသနာပြုကျောင်းတည်ရှိသည်။ ဖလမ်းမြို့မစျေးအနီးမှာလည်း တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ သာသနာပြုကျောင်းခွဲ တည်ရှိပါသည်။

ဖလမ်းမြို့ပေါ်တွင် ခရိုင်အထူးကုဆေးရုံကြီးကို တည်ဆောက်ထားခဲ့သည့်အပြင် မြို့နယ်အတွင်းမှာလည်း ကျန်းမာရေးဆေးပေးခန်းများကို အထိုက်အလျောက် ဖွင့်လှစ်ထားရှိနိုင်ခဲ့သဖြင့် မြို့နယ်လူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာလည်း အရင်ကထက် တိုးတက်နေပြီဟု ဆိုချင်ပါသည်။ မြို့၏ တောင်ဘက်အထွက် ၁၀ မိုင်ခန့်အကွာ ဟားခါးမြို့သို့သွားသော ကားလမ်းနံဘေးရှိ လုံပီးရွာလေး၌ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ မူရင်းသာသနာပြုကျောင်းနှင့် အထိမ်းအမှတ်စေတီတည်ရှိပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် အထိမ်းအမှတ်ဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတည်ခဲ့သော လွတ်လပ်ရေးစေတီက မြို့အဝင် မြောက်ဘက်မုခ်ဦး၌ တည်ရှိပါသည်။ ဖလမ်းမြို့လယ်တွင် မြောက်မှတောင်သို့ ကွေ့ကွေ့ကောက်ကောက် ဖောက်လုပ်ထားသော အခြားမြို့များနှင့်ဆက်သွယ်သည့် အဝေးပြေးလမ်းတစ်ခုတည်းသာ ရှိပါသည်။ ကျန်လမ်းသွယ်တွေက ရပ်ကွက်အတွင်းသွားလာသည့် လမ်းတိုလေးများသာ ဖြစ်ပါ၏။

ဖလမ်းမှ မြောက်ဘက်သို့သွားလျှင် ကလေးမြို့နှင့် တီးတိန်မြို့များသို့ လည်းကောင်း၊ တောင်ဘက်သို့သွားလျှင် ဟားခါးမြို့နှင့် ထန်တလန်မြို့များသို့လည်းကောင်း ရောက်ရှိနိုင်သည်။ ခေတ်နဲ့အညီ သွားလာဆက်သွယ်ရေးယာဉ်များ တိုးပွားလာသည်ဖြစ်၍ ဖလမ်းမြို့အတွင်း မော်တော်ဆိုင်ကယ်တွေက အိမ်တိုင်းလိုလို ရှိနေပြီဖြစ်သည်။ ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြားသော အသည်းပုံသဏ္ဌာန် (ရိဒ်)ရေအိုင်ကြီးသည် ဖလမ်းမြို့နယ် ရိခေါဒါရိမြို့နယ်ခွဲအတွင်း တည်ရှိပါသည်။ ရိခေါဒါရိမြို့နယ်ခွဲမှာ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်ရေးတံခါးပေါက်ဖြစ်၍ အရောင်းအဝယ်ထွန်းကားလှသည်။

ဖလမ်းမြို့သည် တောင်အထပ်ထပ် ကမ်းပါးယံအနားတစ်လျှောက် ရှည်မျောမျော တည်ထားသော တောင်စခန်းမြို့ကလေး ဖြစ်ပါသည်။ မြို့၏မြေမျက်နှာပြင်သည် ညီညာပြန့်ပြူးမှုနည်းခြင်းကြောင့် တောင်ပေါ်နှင့် ဆင်ခြေလျှောရှိ ပြန့်ပြူးသည့်နေရာလေးများမှာ လူနေရပ်ကွက်များ တည်ထားခြင်းကို တွေ့ရပါသည်။

စာမျက်နှာ ၇ သို့ ➤

မဂ္ဂိုမဇေဿ၊ သာဝတ္ထိဖြို့ မဟာသံယိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိဖြို့ခြေတော်ရွာဘုရားရှင် (၂၅)ဝါသီတင်းသုံးခဲ့တော်မူစဉ်သည့် မူလကန္ဒကဋ္ဌိ (အဝီးဟိတဂ္ဂဟန) နှင့် ဘာဝတိသာနတ်ပြည်သို့ကြွလှမ်းတော်မူစဉ်သည့် သရက်ပင်ဖျားကုန်းအနီးတွင် ပြန်မာနိုင်ငံမုံညွှန့်ပထားထံနာပြ ဆရာတော် ဘဒ္ဒန္တ ဒေါကံဘာနဓိန္ဒာဘိပတိ (ဓမ္မာစရိယ) သည် မြေတစ်ဧကော ဝယ်ယူပြီးစီး၍ ဝိဟာရဓိ (၃) ထပ် ဆွမ်းစားခန်းကျောင်းအောင်အသစ် ဆောက်လုပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဝိဟာရဓိန် သံဃာထေရအလုံးစုံနှစ်ဝင်ကိုတော် (ဝိဟာရဓိဟု ကျောင်းဆောင်လှူကို ဆိုလိုသည်ဖြစ်၏) ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်ဘိုး၊ ဆို့မွမ်းအပ်သော မဟာသံယိကဒါန ဒကျောင်းအလှူဒုတ်ဖြင့် ဒေသကာဝါသအဘိုးပုံးခဲ့နိုင်အကျိုးဆက်သွယ်၍ ရက်ရောကြွေးကြည်ဖြွယ်ရာ ကုသိုလ်ဖိုးဝင်လှူဒါန်းနိုင်ကြပါခြင်း -

စဉ်	အမျိုးအမည်	လှူဒါန်းငွေ
၁	ကျောင်းဆောင် (၁) စတုရန်းပေ	ဈေးတပြိ/-
၂	ကုန်ဈေး + ၁၀ ပေ အခန်းဆောင်မန်း	USD ၇,၀၀၀
၃	ဒေတာဒေးရှင်း၊ မြေညီဆောင်၊ ပထမဆောင်၊ ဒုတိယဆောင် တစ်လျှောက်လုံး	USD ၃၀,၀၀၀

ပဋ္ဌာနသော ဘုတ္တဝေးအဒွါရကွာ

ဦးနန္ဒာ	ဆရာကျော်ဦး	၀၁-[illegible] ၊ ၀၉-[illegible]
ဒွေမိ	ဝါးရေ	၀၁-၅၄၆၈၅၂ ၊ ၀၉-၅၁၂၂၁၂
ဒေသူဓောင်	ကမာရွတ်	၀၉-၅၁၃၂၄၄၁ ၊ ၀၉-၀၃၂၄၆၈၅
ဥရေဟော	စမ်းချောင်း	၀၁-၅၄၂၂၈၆ ၊ ၀၉-၅၁၁၃၄၄၄
ကိုးကိုးလုတ္တရာ	စမ်းချောင်း	၀၁-၅၁၃၄၂၂ ၊ ၀၁-၅၂၂၅၅၃
မဇ္ဈိမဂုဏ်	မင်းလားတောင်ကြီးရွာ	၀၁-[illegible] ၊ ၀၉-၅၁၁၃၄၂
ဦးနန္ဒာမိတ္တဲ့(ဥ)	မန္တလေး	၀၂-[illegible] ၊ ၀၉-၅၁၁၆၈၈၈

သာဝတ္ထိဘုတ္တဝေးဝိဟာရဓိမဟာသံယိကဒါန ဒကျောင်းအလှူဒုတ်ဖြင့် ဘဏ္ဍာငွေ ပူးပေါင်းလှူဒါန်းလိုသူများအား ဆက်သွယ်ရန် - unarinda08@gmail.com

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော် ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုနှင်းသဘင်ကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ "သီရိရတနာ"ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်နှင့် ယင်းတို့၏ မိဘများဖြစ်ကြသော အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး/ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D)ရရှိသူများနှင့် ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဝုဏ်ထူးရှင်များ၊ ဘက်စုံပညာထူးချွန်ဆု၊ အထက်တန်းပညာသင်ဆုနှင့် အလယ်တန်းပညာသင်ဆုရရှိသူများအနေဖြင့် တရားဝင်အထောက်အထားများနှင့် အတူ အသင်းဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၄၉၂၂၉၁၅၅၊ ဒု-ဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၀၉-၅၁၃၃၃၆၈၈၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၃၉၉၉၊ ဘဏ္ဍာရေးမှူး ဦးအိမိုင် ဖုန်း-၀၉-၅၁၀၃၄၄၃၃၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးတင့်ဆန်း ဖုန်း-၀၉-၅၁၀၁၈၂၅၅၊ အသင်းတိုက်ခန်း ဖုန်း-၂၂၂၀၈၈၀၆၆ ဆိုသူတို့ထံ ၁၁-၁-၂၀၁၆ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန်၊ အသင်းဝင်စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန်နှင့် အခမ်းအနားသို့ မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်ခိုးမြင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

ရောင်းမည်

ခေတ်မော်ဒယ်ခရေးလုပ်ငန်းသုံး၊ အင်ကာညစ် (3 x 2) လေးမျက်နှာ
ဒီဇိုင်း၊ အိုင်ကိုင် တစ်မျိုးပဲရှိပြီး သစ်များခရောင်းပေးမည်။
09-798233782, 09-5109897

အမည်ပြောင်း ဖျာပုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၁၄)မြို့ဦး၊ စတုတ္ထတန်း(A)မှအဖ ဦးကျော်သူဟန် ၏သားဖြစ်သူ မောင်ခန့်လင်းအောင်အား မောင်သုတဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သုတဇော်**

တစ်ဦးတည်းဖြစ်ကြောင်း မကွေးနည်းပညာတက္ကသိုလ်တွင်တက်ရောက်နေသော မှတ်ပုံတင်အမှတ် [၈/ဆဖန(နိုင်)၀၈၁၀၉၁]ကိုင်ဆောင်သော မမေလဲရည်၏ဖခင် ဦးမြကျော်နှင့် ဦးအေးမောင်မှာ တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးမြကျော်(ခ)ဦးအေးမောင်**

ဦးသန်းလွင် + ဒေါ်သန်းသန်းမြင့်

မုဒဝမတမ **တိုဖို (1)** ပြီးစုံအခန်းများ

ကားမောင်း၊ စက်ပြင်သင်တန်း

• မ/ခရုံးကဦမောင်းသင်ကွင်း။
မ:01-706862,09-730477755,09-73322177,09-73235757,
01-8011255,01-8011266,01-8011277,01-8011257
• သီရိခြူကားကုမ္ပဏီဆောက်တန်း။
မ:01-201188, 09-730477744, 09-730477766
• (218) ကျိုက္ခဆေးလမ်း၊ ကျောက်မြောင်းရွေးမှတ်တိုင်။
မ:01-549764, 01-545185
• အမှတ်(၃-F) ကန်တော်မြန်ဆိပ်ရာ၊ သဃ်နိုးကျွန်း။
မ:01-573986, 01-573988

ဦးကျော်ဆောင်ဟိန်း

ဂုဏ်ထူးရှင်လက်စွဲ
သွေးခေဆေးစက်စမ်းစေးခွဲနိုးများနှင့်
သွေးခေဇဂုဏ်ထူးရေယူနည်း

ရန်ကုန်အထူးစာစေး နှုန်း - ၀၉ ၅၁၂၆၄၃၀၈၈၊ ၀၉ ၅၁၂၂၄၄၅၂

ပညာခါနအလှပြင်သင်တန်းခကျောင်း

(Since 2002)

BONNY CARE (သင်တန်းဆရာမ) ဆရာ (B.12)

Ph : 09-31750888,09-421057760, 09-5039831

MBA PhD

ENROL NOW!
CALL US!
09254845882
01667029
09972656540

- Master of Business Administration
- January Intake
- ၁၀ လ ပတ်တန်း
- Doctor of Philosophy in all fields
- January Intake
- ၅နှစ် (Research Base)
- Online Database (Learning)
- Installment Payment Available

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'

ALL ADULTS MUST BE ABLE TO DRIVE

နယူးအေရှ(NEW ASIA)အာယိတ်ဧဒေါ်(၁၉၄၄)

အခြေခံယာဉ်မောင်း နှင့် ခက်ခဲပြဿနာ ဆိုင်းသိမ်းသင်တန်းကျောင်း

- Air-con ကုန်ကားအတွက်သီးသန့်သင်တန်း
- ကုန်ကားအရွယ်(သီးသန့်) သင်တန်း
- ကုန်ကားနှင့်ခဲတင်ခြင်း ကားပျက်ခြင်း

နယူးစေတနာတိုးတက်ရေးအသင်း

Ph-09 73246138, 09 421174097, 09-421038981
Ph-09 31330152, 09 781486267, 09 420139477

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် EE/8398 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညာ၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၂-၂၀၁၅ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၅)ပါ "ကွန်ဒို တိုက်ခန်း ရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်" ကြော်ငြာတွင် အခန်းအမှတ် (၇၀၃) အား(၅၀၃)ဟု လည်းကောင်း၊ အကျယ်(၂၃၈)စတုရန်းပေအား (၂၃၈၀) စတုရန်းပေဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉၇/၈၆၂၄ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညာ၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9085 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညာ၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀ထူးပါရဲ့၊ မြေကွက်အမှတ်-၁၅၄၉/ခ၊ မြေကွက်တည်နေရာအမှတ်-၁၅၄၉/ခ၊ ထူးပါရဲ့ ၁၆လမ်းအရှေ့၊ ၁ ထူးပါရဲ့ ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးလှိုင် [၁၂/ သကတ(နိုင်)၀၄၆၉၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်ကို ဦးအေးလှိုင် ကိုယ်တိုင်မှ (ဂရန်)မူရင်း မီးလောင်ပျက်စီးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန် ထုတ်ပေးထားသည့် မြေဌားစာချုပ်အမှတ် [သကတ/၁(ထူ)၀၀၃/၉၃](၁၃-၉-၉၃) ဦးမျိုးအောင်အမည်ပေါက် နှစ်(၆၀)ဂရန် မြေဌားစာချုပ်ဂရန်(မူရင်း) စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ


သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀ထူးပါရဲ့၊ မြေကွက်အမှတ်-၁၅၄၉/ခ၊ မြေကွက်တည်နေရာအမှတ်-၁၅၄၉/ခ၊ ထူးပါရဲ့ ၁၆လမ်းအရှေ့၊ ၁ ထူးပါရဲ့ ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးလှိုင် [၁၂/ သကတ(နိုင်)၀၄၆၉၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်ကို ဦးအေးလှိုင် ကိုယ်တိုင်မှ (ဂရန်)မူရင်း မီးလောင်ပျက်စီးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် မြေဌားစာချုပ် အမှတ် [သကတ/၁(ထူ)၀၃၆/၉၃](၁၃-၉-၉၃)ဦးအေးလှိုင် အမည်ပေါက် နှစ်(၆၀)ဂရန် မြေဌားစာချုပ်ဂရန်(မူရင်း) စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ တာဝန်ယူဆောက်လုပ်ခဲ့သည့် တိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား အရောင်းအဝယ်စာချုပ်ပျောက်ဆုံးခဲ့ပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ်	အကြောင်းအရာ	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်မြင့်ဦး [၁၂/ကတန(နိုင်)၀၅၆၂၄၆]	အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ယူရန်	တိုက်(၃၃)၊ အခန်း(၉)နှင့် အခန်း(၁၁)၊ လိုင်မြင်းမိုရ်အိမ်ရာ၊ လိုင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)





အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ တာဝန်ယူဆောက်လုပ်ခဲ့သည့် တိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား အရောင်းအဝယ်စာချုပ်ပျောက်ဆုံးခဲ့ပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ်	အကြောင်းအရာ	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်မြင့်ဦး [၁၂/ကတန(နိုင်)၀၅၆၂၄၆]	အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ယူရန်	တိုက်(၃၃)၊ အခန်း(၉)နှင့် အခန်း(၁၁)၊ လိုင်မြင်းမိုရ်အိမ်ရာ၊ လိုင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅) မြေကွက်အမှတ်(၁၀၃/ခ) မြေကွက်တည်နေရာအမှတ်(၁၀၃/ခ)၊ ရဲရန်နိုင်လမ်း(၁၁)ရပ်ကွက်၊ ရွှေပြည်သာ (မဝင်စိန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအုန်းသန်း [၁၂/ရပသ(နိုင်)၀၂၃၆၇၄/မှ ပါမစ်မူရင်းပျက်စီးနှင့် အရပ်ကတိ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၀၇)၊ မြေကွက်တည်နေရာအမှတ်(၂၀၇)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်သန်း) (CE-100050)၊ ဦးသင်းနိုင်(S/OKA-079449)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်သန်းထိမှ ပိုင်ဆိုင်ကြောင်း စာချုပ်-၁၁၉၁(၁၈-၂-၁၅)ဖြင့်ရရှိသူ ဒေါ်ခင်ခင် [၁၂/ဥကတ(နိုင်)၀၆၁၆၇၉၊ ဒေါ်မြမြ [၁၂/ဥကတ(နိုင်)၀၆၁၆၇၉၊ ဦးမြင့်ဆွေ [၇/ပတန(နိုင်)၀၀၄၇၃၁၊ ဒေါ်မိမိ[၁၂/ဥကတ(နိုင်)၀၆၆၃၉၅၂၉၂၊ ဦးမြင့်ထူး[၁၂/ဥကတ(နိုင်)၀၆၆၃၉၅၂၉၂တို့နှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသင်း နိုင်(S/OKA-079449)တို့မှ ဂရန်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်သန်း(CE-100050)၊ ဦးသင်းနိုင်(S/OKA-079449)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်း စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

ရိုလုံရွှေဆိုင်ကြီး နှစ်ဆယ်မြောက်လာဆုတောင်းပွဲမှာ

ရိုလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ (၄) ချန်းလုံရွှေဆိုင် နှင့် (၅) ဆွန်းလုံရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph: 09-450051313, 09-73156897, 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုလုံဇွန်ရွှေဆိုင်ကြီး (ယုဇနပလာဘ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့)

Myanmar THAMES International

ပြည်ပတွင်း ပြည်ပ ဧီးပွားရေးအဖွဲ့အစည်းကြီးများတွင်
အလုပ်အကိုင် အခွင့်လမ်းဖန်တီးပေးမည့် ရည်ရွယ်ချက်ဖြင့်

Auto CAD (2D, 3D) *Enrol Now*

2nd Fl, Myayniguene Plaza, Ph: 525971,501456, 706740, 09731473379

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7531 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညာ၊ ခရိုင်နံ(ရန်ကုန်အနောက်ပိုင်း)

တို့တေးမြို့ ဈေးသစ်မူလတန်းကျောင်း ကျောင်းသား/ကျောင်းသူဟောင်းများ၏ "ဒသမ"အကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တို့တေးမြို့၊ ဈေးသစ်မူလတန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဆည်းပူးပညာသင်ယူခဲ့ကြသည့် တပည့်ဟောင်းများမှ "ဒသမ"အကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို (၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်)၊ (ပြာသိုလပြည့်နေ့)၊ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဈေးသစ်မူလတန်း ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ဂါရဝပြုပါရန် ရှိသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက

၁။ ဦးပါလေး	၀၉-၅၃၉၆၂၁၉	၂။ ဦးအောင်မင်းဦး	၀၉-၅၃၉၆၂၄၂
၃။ ဦးညွန့်ဝေ	၀၉-၄၂၀၁၂၃၉၆	၄။ ဦးသန်းဝင်း	၀၉-၄၃၀၂၈၈၄၁
၅။ ဦးမြင့်စိန်	၀၉-၅၁၁၂၅၄၉	၆။ ဦးလှိုင်ကြွယ်	၀၉-၇၉၉၂၇၄၂၇၂
၇။ ဦးသက်နိုင်ထွန်း	၀၉-၄၃၀၄၂၀၇	၈။ ဦးတင်ဝင်းထွန်း	၀၉-၄၂၀၉၄၅၂၇
၉။ ဒေါ်ဝင်းမြင့်	၀၉-၄၂၀၃၀၂၉၅	၁၀။ ဒေါ်ခင်ဝင်းစိန်	၀၉-၄၀၁၆၀၃၇၄
၁၁။ ဦးထိန်လင်းအောင်	၀၉-၅၀၉၂၆၆၈	၁၂။ ဦးသုတဝင်း	၀၉-၅၃၉၆၅၉၂

ကျောင်းသား/ကျောင်းသူများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ
ဈေးသစ်မူလတန်း
ကျောင်းသား/ကျောင်းသူဟောင်းများ၊ တို့တေးမြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြင့် CDC ၆၆၁၆၈၏ WKလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၅၃၂၅၅

တစ်ဦးတည်းဖြစ်ပါကြောင်း

အလက(၂) မြောက်ဥက္ကလာပတွင် အလယ်တန်းပြတာဝန်ထမ်းဆောင်နေသော အဖ ဦးစောမောင်၏သမီး ဒေါ်နန်းတင်တင်နု (ခ) ဒေါ်တင်နု၂/ဖပန (နိုင်)၀၀၀၉၆၈၂၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းတင်တင်နု(ခ)ဒေါ်တင်နု



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/စက်မူလက်မှုမြေကွက်အမှတ်-(၂၀၂/က+၂၀၃/ခ၊ ၂၀၄+၂၀၅)(ဦးသက်)၁၂/ဥကမ(နိုင်)၀၀၄၆၈၆အမည်ပေါက် နှစ်(၆၀)ဂနှစ်မြေအား အမည်ပေါက် ဖခင်ဦးသက်+မိခင်ဒေါ်မြရီသားဖြစ်သူ ဦးအောင်မိုးကျော်တို့ ကွယ်လွန်သဖြင့် ဒေါ်အေးအေးနွဲ့၁၂/ဥကမ(နိုင်)၀၀၄၆၈၈၂၊ ဒေါ်ခင်သက်မော်၁၂/ဥကမ(နိုင်)၀၀၄၆၉၉၂၊ ဦးလှအေး၁၂/ဥကမ(နိုင်)၀၈၈၂၁၇၂၊ ဒေါ်သင်းသင်းကြူ၁၂/ဥကမ(နိုင်)၀၀၄၆၉၀၁၊ ဒေါ်သင်းသင်းမူ၁၂/ဥကမ(နိုင်)၀၀၄၆၉၀၁၊ ဒေါ်ခင်စန္ဒာသက်၁၂/ဥကမ(နိုင်) ၀၀၄၆၉၂၂၊ ဒေါ်ခင်သန္တာသက်၁၂/ဥကမ(နိုင်)၀၀၄၆၉၀၃၊ ဒေါ်စောသိဿသက်၁၂/ဥကမ(နိုင်)၀၁၆၃၀၆၊ ဦးအောင်မိုးကျော်၁၂/ဥကမ(နိုင်)၁၈၆၃၇၁၂တို့မှ သားသမီးများတော်၀ပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်အေးအေးနွဲ့+၇ထိမှ အထွေထွေကိုယ်စားလှယ်သွဲ့စာအမှတ်(၁၀၆၂၉/၁၅) (၁၁၆၂၈/၂၀၁၅)ဖြင့် ရရှိသူ ဒေါ်ခင်သန္တာသက်၁၂/ဥကမ(နိုင်)၀၀၄၆၉၃၂မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရှိ သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+စွန့်လွှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

"တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မာယလမ်းသွယ်(၁၁)လမ်း၊ အိမ်အမှတ်(၈၄၂/က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)တွင် ဆောက်လုပ်ထားသော RC(3)ထပ်ခွဲ (၅)ထပ်ခွဲတိုက်၏ ပထမထပ်(မှန်သန်း)နှင့် ယင်းတိုက်ခန်းတွင် တွဲကပ်တပ်ဆင်ထားသည်များအပါအဝင် အကျိုးခံစားခွင့်များအားလုံး"

အထက်ပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မာလာဝင်း(၇/လပတ(နိုင်) ၀၈၂၇၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဇလပ်ပွင့် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

ဦးမြင့်သန်း(LL.B)	**ဒေါ်သဇင်အေး(LL.B)**	**ဒေါ်သက်ထားဆွို(LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၆၉၆၃)	**(စဉ်-၈၃၃၂)**	**(စဉ်-၄၂၈၉၉)**

ဒေါ်သီရိလှိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၅၉၀)

ရုံးချုပ်အမှတ်(၅၅/၅၆)၊ ကျိုက်ပိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၉၇၃၉၀၁၅၀၀၊ ၀၉-၉၇၃၉၀၁၅၀၁၊ ၀၉-၉၇၃၉၀၁၅၀၃

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၁၅ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၀)ရှိ ဦးမိုးမင်းသူနှင့် အများသိ စေရန်ကြေညာချက်ပါ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သူရသာတိလမ်း၊ အမှတ်-၁၉ အစား၊ အမှတ်-၉၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြို့လယ်တိုက်ခန်းငှားမည်

မြေညီ ပေ(၁၂×၅၀)၊ Phone ၊ Power Meter ပိုင်ရှင်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်။

Contacts-**၀၉-၃၁၆၃၂၀၀၉**
၀၉-၇၉၉၃၄၅၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၈/ဘဲ့၊ မြေကွက်အမှတ်-၆၏ အစိတ်အပိုင်း (၀. ၀၉၆)ကေ မြေကွက်တည်နေရာအမှတ်-၁၉၂၊ အညာစုလမ်း၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးယု) အမည်ပေါက် မြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရာမကြီးမှုအမှတ်-၄၀၄/ ၂၀၁၄ (၁၂-၈-၂၀၁၅)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ ပိုင်ဆိုင်ကြောင်း ဖြွက်ဟကြေညာသည့်ဒီကရီကို ဦးစံလင်း၊ ဒေါ်အုန်းညွှန့်တို့မှ တစ်ဖက်သတ် အနိုင်ဒီကရီရရှိခဲ့၏။ ၎င်းတို့၏ GP(အထွေထွေကိုယ်စားလှယ်သွဲ့စာ)၂၇၀၉၈/ ၂၀၁၃၊ (၂၇-၁၂-၂၀၁၃)ရရှိသူ ဒေါ်ကျင်ကျင်ဝင်း၁၂/ဗရက(နိုင်)၀၇၆၆၉၁၂ နှင့် ဦးကျော်ဝင်း၁၂/ဗရက(နိုင်)၀၇၆၂၄၇၂တို့မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၄၀၄/ ၂၀၁၄၊ ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ်-၇၁/ ၁၉၉၇(၂၇-၃-၁၉၉၈)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၀၇၉/က၊ မြေကွက်တည်နေရာအမှတ်(၁၀၇၉/က)၊ ရွှေဘို(၁၃)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ထွန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ထွန်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့် ဆိုဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်မိုး(၁၀/သထန(နိုင်)၁၂၄၀၉၁၃မှ ဆြေးမြေးမစ်ပျောက်ဆုံးကြောင်း ရဝ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ တောင်ဥက္ကလာပမြို့နယ် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်တင်တင်မိုး၏ ကိုယ်စားလှယ်လွှဲစာရရှု GP-ဦးမိုးကြည်မြင့်(၁၂/ဥကမ(နိုင်)၀၀၆၆၂၉၂မှ ကျမ်းကျိန်လွှာ(၁၀၈၄/၁၆-၃-၁၅)တင်ပြီး ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္တာ သို့ ပို့သမေတ္တာ မုဒိတာများ
(၆-၁၁-၂၀၁၅)


- အထူးကောင်း။ ဦးစိန်စိန်ထွန် (သာဂရ ဝဠ-၇၉၈၂၇၃၄၄)
- အိုကေ။ ဦးကုတ္တာလ (ဘားဒေါ် ဝဠ-၂၇၅၉၃၉၁၁)
- စပယ်ရွယ်ဝမ်းပါဘဲ။ အရှင်စန္ဒန (ပေါင် ဝဠ-၇၈၀၃၇၅၅၀)
- ကျွန်ုပ(စ၃)နှစ်အရွယ်မှာ ယခုလို စီတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရုပ် အထူးကျေးဇူးတင်ပါသည်။ ဒေါ်ဘီရီ (ဖောင်ဘိန် ဝဠ-၁၀၄၈၀၇၁၁)
- ဖောင်ဒေါ်မင်းဇလွန်နှင့် တဘက္ခ ခင်နန္တာခရီးသွားလုပ်ငန်းကို ကိုယ်တော်ကြီးပွားပါစေ။ ဒေါ်ခင်ပု (ဇြာဂံတရံ ဝဠ-၂၇၅၁၁၀၆၆၂၄)
- သာဝနာအေကိုဆောက်အဦးကိုလောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပို့သလွှက်။ ဒေါ်ဆွေဆွေတင်း (နေပြည်တော် ဝဠ-၉၇၁၆၅၅၁၂၀)
- ခင်နန္တာဖြင့် သွားဆောင်ကြောင်း အကြံပြုပါသည်။ ဒေါ်ကိုကိုနီအေး (ထားဝယ် ဝဠ-၄၄၇၃၃၅၅၅)
- ဝမ်းသာကျေနပ်မိပါသည်။ ဒေါ်ခင်ငွေရီ (ဗျာပုံ ဝ၄၅-၄၁၀၉၅၅)
- သိုဝေလသောဇရီ အထူးကောင်းပွန်ပါသည်။ ဦးမျိုးသိန်း (အမရပူရ ဝဠ-၄၀ ၂၅၃၀၀၀၁)
- နောင်ကိုထည်း ခင်နန္တာနှင့် သွားလိုပါသည်။ ဒေါ်သက်သက်နိုင် (မရမ်းကုန်း ဝဠ-၅၄၃၁၀၉၃၃)


(၁၁-၁၁-၂၀၁၅)

- စီတ်ချမ်းမြေ့ပျော်ရွှင်စွာ ဘုရားဖူးရပါသည်။ ဦးခင်မောင်ကြည် (ကျောက်ပန်းတောင်း ဝ၆၁-၅၁၅၃၃၂)
- ကိုဖြိုးလင်းကျော်နှင့် အဖွဲ့သားများ ဝန်ဆောင်မှုအထူးကောင်းပါသည်။ ဒေါ်ခင်စီ (ကျောက်ပန်းတောင်း ဝဠ-၃၃၀ ၂၉၅၀၀)
- လမ်းညွှန်မှု ၊ စီစဉ်မှု ၊ ကူညီမှု အလွန်ကောင်းပါသည်။ ဒေါ်စန်းနွဲ့ (ပြည်/မော်လာ ဝ၅၇-၄၇၂၂၀)
- အထူးကျေးဇူးတင်လျက်။ ဒေါ်ခင်စန်းရီ (ပေါင် ဝ၅၇-၄၇၂၂၀)
- ထာဝရမေ့မရစရာ ခရီးတစ်ခုဖြစ်ခဲ့ပါတယ်။ ဒေါ်စေးစေး (နေပြည်တော် ဝဠ-၃၁၆၀၃၂၂၀)
- ကုသိုလ်ဖရဟောကိုပိုက်ပြီး ဘဝတစ်မုဟုတ္တကို သေပျော်နိုင်အောင် ကျွန်ုပ်ရပါသည်။ မဆွောခုပွန် (လိုင် ဝဠ-၇၃ ၂၅၄၇၇၇)
- လမ်းဆောင်မှုကောင်းပါသည်။ ကိုနေမိုး (မော်လမြိုင် ဝဠ-၃၀၆၀၃၂ ၂၈၀)
- ယခုထက်ပိုပိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ပါရန် ဆုတောင်းပါသည်။ ဦးတင်လတ် (တာမွေ ဝဠ-၄ ၂၁၁၄၆၆၀၄၁)
- အလွန်တော်သော မကောင်းသောသူဖြစ်ပါသည်။ ဒေါ်အေးသန်း (သံကုန်း ဝဠ-၂၅၁၁၀၆၆၆၀၃)

MIYAKO CLINIC
(ဝန်ထမ်းအလိုရှိသည်)
1.ကျန်းအကြောပြတ်ကုသခန်းအတွက် မ(၅)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အထိ
- (နေ/စား ငြိမ်း)
- အခြေခံလစာ တစ်သိန်းကျပ်+ကော်မရှင်
Ph:09-425031097
ဗိုလ်တထောင်မြို့နယ်။

ဝယ်လိုသည်
- ကားအပ်ပြီးစလစ်၊
- ယာဉ်အို နှစ်(၂၀)အပ်ကား၊
ဖုန်း-၀၉-၄၄၈၀၀၇၃၇၇





ကန့်ကွက်နိုင်ကြောင်းကြေညာစာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်-၂၆/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆/ခ၊ တကောင်း(၂)လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်စိန်တင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်တင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရီ(CA-၀၆၇၀၈၂)က ပါမစ်မူရင်းပျောက်ဆုံးကြောင်း တရားနုံးကျမ်းကိုမိလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနုံးနှင့် ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂနရ)လျောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဦးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ (လယ်ယာရိပ်သာ)၊ မြေကွက်အမှတ်(၂၃၅/ခ)၊ ဧရိယာ(၀. ၃၈၀)ကေ၊ နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်မေကြည်စိန်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်စာချုပ်(၇၁၄၈/၂၀၁၅) တင်ပြ၍ ဦးကျော်ကျော်(ခ)တွင်ကျင်ချန်း[၉/မနမ(နိုင်)၀၇၂၉၄၆]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်နေ့မှ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ရွေ့၊ မြေကွက်အမှတ် ၄၂၁၊ မြေကွက်တည်နေရာအမှတ်-၄၂၁၊ ရွှေဥသာမြို့ပတ်(၃)လမ်း၊ ၇ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးကျော်(MMN-၅၅၉၀၀၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကျင်ရွှေ၁၂/သကတ(နိုင်)၁၁၃၉၂၄၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဦးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



သင့်သွေးဖြင့် အသက်ကယ်ပါ





ဂြိုဟ်မျှော် တနင်္ဂနွေ အလင်းရောင် SUNDAY SPECIAL

ဇန်နဝါရီ ၃ ရက်
၂၀၁၆ ခုနှစ်

ကြေးပြား

အမည်ပြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ အောင်စေတီလမ်းနေ မောင်အောင်သူရဉာဏ် [၁၂/အစန(နိုင်)၂၀၆၃၀၂]အား မောင်အောင်ကျော်ဇော(အဖ)ဦးသန်းထွန်းအောင် အဖ ဦးသန်းဝင်း[၁၂/ဒဂန(နိုင်)၀၁၁၈၇၁]အား ဦးသန်းထွန်းအောင်ဟုလည်းကောင်း၊ မြေင်းလဲခေါ်ဆိုပါရန် အသိပေးကြေညာအပ်ပါသည်။

မောင်အောင်ကျော်ဇော (အဖ)ဦးသန်းထွန်းအောင်

ခေတ်ရှေ့ဆောင်

ဖြန်မာပြည်မှာရှေ့နှလုံက်ကြသည်
နှင့်
ဒဂြားကဗျာများ
U KYAW ZEYA
ခုတိယအကြိမ်ပြန်လည်ထွက်ရှိပါပြီ။ ဝဝ၇၃၀၄၅၅၇၃၃၅

မှာင်းဆေးပညာပါရဂူတို့၏ ထင်မြင်ချက်
ဆိုင်ရာ စိစဉ်ထုံးပုံတော်စုများ
ဦးကျော်ကေယျ
ဆိုင်ရောက်ပါပြီ။ ဖုန်း ဝဝ၇၃၀၄၅၅၇၃၃၅

လမင်းအိမ်
ကမ္ဘာလှိပ်မကြီး
ထွက်ပါပြီ
မြန်မာ့ရိုးရာဓလေ့ပြင်
● သင့်ရင်သွေး လူလားမြောက်မည့်အရွယ်တွင် အရောက်၊ ဘီယာ၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ အနောက်တိုင်း ယဉ်ကျေးမှုစရိုက်ဆိုး များ ပျံ့နှံ့လျက်ရှိပြီး တားမရဆီးမနိုင်ရှိနေသည်။
(သင့်ရင်သွေးကို သင်ဘယ်လိုကာကွယ်မလဲ)
● သင့်ရင်သွေးကို သင့်ရင်ခွင်ထဲ၌ရှိစဉ်ကပင် ပုံပြင်များကို ပြောပြီး မလပါးတန်တည်ဆောက်ထားပါ။ သို့မှသာ တော်ကာကြမည်။
(သင့်ရင်သွေးကို စာပေနှင့် ရင်အုပ်မကွာ ထိန်းကျောင်းပါ။)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၄/ကံဘဲ့၊ မြေကွက်အမှတ်(၂၀)၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ ရွှေသစ်စွာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ် (မြန်မာပြည်သတ္တမဥပုသ်အသင်း) အမည်ပေါက် B-လ/နှ-၃(ခ) အိမ်ရာမြေအား မြန်မာယူနီယံမီရှင်အီးစီကော်မတီ သတ္တမနေ့ဥပုသ်သာသနာ ဗဟိုအဖွဲ့ချုပ်၏ ၁၆-၈-၂၀၁၂ရက် အစည်းအဝေးဆုံးဖြတ်ချက်၊ ကိုယ်စားလှယ်စေလွှတ်ကြောင်းစာ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးရှုခံနှုန်၏ ထောက်ခံချက် စာချုပ်အမှတ်-၄၃၈/၁၉၅၉ မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့် ရန်ကုန်မြောက်ပိုင်း ခရိုင် မြေစာရင်းဦးဌာန၏ စာချုပ်အမှတ်-၄၃၈/၁၉၅၉ (၃၀-၁၀-၁၉၅၉) မိတ္တူအမှန် စာချုပ်တို့ တင်ပြပြီး မြန်မာယူနီယံမီရှင်အီးစီကော်မတီ၊ သတ္တမနေ့ဥပုသ်သာသနာဗဟိုအဖွဲ့ချုပ်ကိုယ်စား အသင်းလူကြီး ဦးကျော်လင်းထူး[၇/ရတရ(နိုင်) ၀၀၁၈၁] မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးနှင့် မြေ၏နယ်နိမိတ်လေးရပ် တိုင်းတာသတ်မှတ်ပေးပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ် တောနဲ့ သစ် ပင် ချစ်ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး

» » စာမျက်နှာ ၈ မှ

တတ်မြောက်ကြရပြီး Pilot လိုင်စင်သည် တစ်သက်လုံးအတွက် ထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Balloon ပျံသန်းဝန်ဆောင်မှုပေးသည့် ခရီးသွားကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီးပွားရေး တစ်ခုတည်းအတွက်သာမဟုတ်ဘဲ ရရှိလာသည့် အကျိုးအမြတ်များထဲမှ ပရဟိတလုပ်ငန်းများ၌ ပါဝင်လှူဒါန်းခြင်း၊ ကျေးရွာလျှပ်စစ်မီး၊ ရေရရှိရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအတွက် ကူညီထောက်ပံ့ပေးခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အသိပညာပေးခြင်းစသည့် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြပြီး တစ်နှစ်တစ်နှစ်ကို ငွေကျပ်သိန်း တစ်ထောင်ခန့် လှူဒါန်းကြကြောင်း သိရသည်။

မီးပုံးပျံ ခရီးသွားလုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်အရ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ထုတ်ပေးလျက်ရှိပြီး လုပ်ငန်းသက်တမ်း(၁၅) နှစ်တာကာလအတွင်း အန္တရာယ်တစ်စုံတစ်ရာမရှိသော မှတ်တမ်းကောင်းများရှိပါသည်။ Balloon ပျံသန်းမှုများကို ဒေသခံပြည်သူအချို့က စိုးရိမ်မကင်းဖြစ်ကြသော်လည်း တကယ်တမ်း ထဲထဲဝင်ဝင်လေ့လာကြည့်မည်ဆိုပါက အန္တရာယ်တစ်စုံတစ်ရာမရှိကြောင်း သိရှိနိုင်ပါသည်။ မီးပုံးပျံတစ်လုံးတွင် အဓိကအားဖြင့် မီးပုံးပျံအလုံး၊ လောင်စာအိုးနှင့် လူလိုက်ပါရန် ခြင်းတို့ပါဝင်ပြီး မီးပုံးပျံကို ပေါ့ပြီးမပြလွယ်သော နိုင်လွန်စကို အသုံးပြုဆောင်ရွက်ပါသည်။ ၎င်းအစမှာ အသားသိပ်သည်းပြီး UV ရောင်ခြည်ကို ကာကွယ်ပေးနိုင်သောအစဖြစ်ပါသည်။ မီးပုံးပျံများမှာ အရွယ်အစားအနေဖြင့် ပျမ်းမျှအချင်း ပေ ၅၀ မှ ပေ ၆၀ အထိရှိပြီး ပျမ်းမျှအမြင့် ၆၅ ပေမှ ပေ ၈၀ ထိ မြင့်ပါသည်။

မီးပုံးပျံတွင် လူလိုက်ပါစီးရန် လူစီးသည့်ခြင်းကို အများအားဖြင့် လျှပ်စစ်မစီးနိုင်သည့် ကြိမ်ကဲ့သို့သော အရာများနှင့် ရက်လုပ်ပါသည်။ မည်သည့် အင်ဂျင်စက်မျှပါဝင်ခြင်းမရှိဘဲ အမြင့်ပေတိုင်းတာရန် Altimeter၊ အဆင်းအတက်တွင် အရှိန်ကိုတိုင်းတာရန် Variometer၊ မီးပုံးပျံ၏ အပူချိန်ကို တိုင်းတာရန် Pyrometer၊ Direction နှင့် Degree ပြသည့် GPS စနစ်များ၊ မြေပြင်နှင့်ဆက်သွယ်နိုင်ရန် ကြိုးမဲ့စကားပြောစက်များ၊ ဓာတ်ငွေ့အိုးအတွင်း ဖိအားနှင့် လက်ကျန်ဓာတ်ငွေ့ကိုတိုင်းတာသည့် မီတာများအသုံးပြုပါသည်။ လောင်စာဆီအနေဖြင့် ပရိုပိန်း (Propane)ခေါ် လောင်စာကောင်းသည့် ဓာတ်ငွေ့ရည်ကို အသုံးပြုပါသည်။ အဆိုပါဓာတ်ငွေ့ရည်ကို မီးရှို့၍ လေကို အပူပေးပြီး ပျံသန်းခြင်းဖြစ်ပြီး Balloon သည် တစ်နေရာတွင် ရပ်တန့်မနေဘဲ ရွှေ့လျားသွားလာနေသောကြောင့် ဓာတ်ငွေ့များသည်လည်း တစ်နေရာတည်းတွင် စုစည်းမှုမရှိနိုင်သည့်အပြင် ယင်းသည် သန့်စင်သော ဓာတ်ငွေ့ဖြစ်ပါသည်။

ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဒေသခံများစိုးရိမ်နေကြသော နံရံဆေးရေးပန်းချီများကို ထိခိုက်မှုမရှိနိုင်ပါကြောင်း၊ Balloon သည် တိမ်တိုက်များအတွင်းပျံသန်းနေခြင်းမဟုတ်ဘဲ မြင်ကွင်းရှင်းလင်းသည့်အချိန်တွင် ပျံသန်းခြင်းဖြစ်ပါကြောင်း၊ ပုဂံတွင် အမြင့်ဆုံးဘုရားဖြစ်သော သဗ္ဗညုဘုရားသည် ၂၀၄ ပေမြင့်ပြီး မီးပုံးပျံသည် ပျံသန်းနေစဉ် တစ်မိနစ်အတွင်း ပေ ၈၀၀ အထိ တက်နိုင်သောကြောင့် ဘုရားပုထိုးများနှင့် မတိုက်နိုင်ပါကြောင်း၊ ယခုပျံသန်းနေသည့်အမြင့်မှာ ပေ ၃၀၀ နှင့်အထက်ဖြစ်ပြီး ဘုရားပုထိုးများနှင့် ပေ ၃၀၀ အကွာအဝေးတွင် ဆင်းသက်ရပါကြောင်း ရွှေလေတံခွန် ခရီးသွားလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ဆက်လက်၍ မီးပုံးပျံလုပ်ငန်း ဆောင်ရွက်နေရသည့်လက်ရှိကြုံတွေ့နေရသော အခက်အခဲများကိုရှင်းပြရာ ယခုပျံသန်းနေရသည့်လမ်းကြောင်းသည် လုံခြုံမှုအားနည်းနေပါကြောင်း၊ လေယာဉ်အဆင်းအတက် လမ်းကြောင်းရှိသောနေရာ၊ လေယာဉ်ပတ်လမ်းနှင့်မလွတ်တာမျိုးဖြစ်နေပါကြောင်း၊ ဧည့်သည်များက ပုဂံရှုခင်းကို



ဗြိတိန်နိုင်ငံရှိ ရှေးဟောင်းမြို့ Bath တွင် မီးပုံးပျံများ ပျံသန်းနေစဉ်။

ကြည့်ရှုလိုရှု၍ စီးနင်းကြခြင်းဖြစ်ပြီး လက်ရှိ မီးပုံးပျံလမ်းကြောင်းများသည် ရှုခင်းများကို ကောင်းစွာကြည့်ရှုရှု၍မရကြောင်း ၎င်းကဆိုသည်။

ကမ္ဘာ့နိုင်ငံများ၏ ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ဒေသများ၊ ရှုခင်းရှုကွက်ကောင်းမွန်သည့် ဒေသများတွင် မီးပုံးပျံ ပျံသန်းမှုအစီအစဉ်များရှိပါသည်။ ဥပမာအနေဖြင့် ရှေးဟောင်းအမွေအနှစ်စာရင်းဝင်သည့် ဗြိတိန်နိုင်ငံရှိ Historic Town of Bath၊ အီတလီနိုင်ငံရှိ မြို့တော် Ferrara၊ တူရကီနိုင်ငံရှိ Rock Sites of Cappadocia၊ မက္ကဆီကိုနိုင်ငံရှိ Teotihuacan World Heritage Site စသည့် ဒေသများတွင် ခရီးသွားဧည့်သည်များအနေဖြင့် မီးပုံးပျံစီး၍ ဒေသ၏အလှအပ၊ ရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း မီးပုံးပျံဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများသည် ပျံသန်းရာတွင် ရှေးဟောင်းအဆောက်အအုံများ မထိခိုက်မပျက်စီးစေရန် ထိန်းသိမ်းလုပ်ကိုင်ကြရမည်ဖြစ်သည့်အပြင် စီးနင်းသည့် ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချမှုရှိရေးတို့ကို အမြဲမပြတ် အလေးထားဆောင်ရွက်ရန်လိုအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံသည် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကြောင့် ကမ္ဘာ့နိုင်ငံများကြားတွင် အသိအမှတ်ပြုခြင်း၊ စိတ်ဝင်တစား အလေးထားခြင်းများ ရရှိလာသကဲ့သို့ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လည်းနိုင်ငံခြားသားခရီးသည်များအတွက် လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအားကောင်းနေသည့် ခရီးစဉ်ဒေသအသစ်တစ်ခုအသွင်ဖြင့် ထင်ရှားလာလျက်ရှိပါသည်။ လတ်တလောအနေဖြင့် နမူနာတစ်ခုတင်ပြရမည်ဆိုလျှင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်ဝေခဲ့သော World Giving Index 2015 (WGI) တွင် ကမ္ဘာ့သဒ္ဓါတရားထက်သန်မှု အရှိဆုံးနိုင်ငံ ၁၀ နိုင်ငံ (The 10 most generous nations in the world) စာရင်း၌ မြန်မာနိုင်ငံသည် အဆင့် (၁)အဖြစ် ထိပ်ဆုံးမှဖော်ပြခြင်းခံရကာ အမေရိကန်က ဒုတိယ၊ နယူးဇီလန်နိုင်ငံက တတိယနေရာအသီးသီးရရှိခဲ့ကြပြီး ယင်းနောက် ကနေဒါ၊ ဩစတြေးလျ၊ ဗြိတိန်၊ နယ်သာလန်၊ သီရိလင်္ကာ၊ အိုင်ယာလန်နှင့် မလေးရှားနိုင်ငံတို့က အစဉ် လိုက်ရရှိခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ World Giving Index တွင် ၂၀၁၃ ခုနှစ်က အဆင့်(၂)ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်စစ်တမ်းများတွင် ပထမအဆင့်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

World Travel and Tourism Council မှ မြန်မာနိုင်ငံအတွက် ထုတ်ပြန်သည့် Travel & Tourism Economic Impact 2015 စာစောင်တွင် ၂၀၁၄ ခုနှစ်၌ ခရီးသွားလုပ်ငန်းမှ နိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)ထဲသို့ စုစုပေါင်းစီးဝင်မှုငွေပမာဏမှာ ၃၀၂၅ ဒသမ ၆ ဘီလီယံကျပ်၊ ရာခိုင်နှုန်း အားဖြင့် စုစုပေါင်း GDP ၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် ၃၂၂၉ ဒသမ ၁ ဘီလီယံကျပ်သို့ တိုးတက်ရောက်ရှိ နိုင်ကြောင်း၊ အလုပ်အကိုင်ရရှိမှုကဏ္ဍတွင်လည်း ၂၀၁၄ ခုနှစ်၌ ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှုမှာ ၅၀၅၀၀၀၊ စုစုပေါင်းအလုပ်သမားဦးရေ၏ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ်တွင် ၅၃၆၅၀၀ ဖြစ်လာနိုင်ကြောင်း ဖော်ပြပါရှိသည်။ အဆိုပါထုတ်ပြန်ချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို အထင်အရှားတွေ့မြင်နိုင်ပြီး ခရီးသွားလုပ်ငန်းမှ နိုင်ငံ၏ စီးပွားရေးကို တစ်နှစ်ထက်တစ်နှစ် ပိုမိုအထောက်အပံ့ပြုလာနိုင်ကြောင်း သိမြင်နိုင်ပါသည်။ ထို့ကဲ့သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်မှာ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တက်ညီလက်ညီဆောင်ရွက်ကြမှသာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း၊ တာဝန်ယူမှုရှိသော တာဝန်သိခရီးသွားလုပ်ငန်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ■

တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၂ မှ ➤

မြန်မာသမိုင်းတွင် နယ်ချဲ့များကို တော်လှန်ခဲ့ရာဝယ် ထင်ရှားခဲ့သည့် ချင်းမျိုးနွယ်သူရဲကောင်း ကြွမ်ဘိခ်သည် ဖလမ်းမြို့နယ် တာရွှန်းရွာသားဖြစ်ပါသည်။ ဖလမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတောင်ခြေမှာတည်ရှိသည့် တာရွှန်းရွာကိုရောက်လျှင် သူရဲကောင်းကြွမ်ဘိခ်၏ အောက်မေ့ဖွယ် ဂူပိမာန်ကို လေ့လာနိုင်ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တပ်မတော်မှ ချင်းတိုင်းရင်းသားသူရဲကောင်းတစ်ဦးဖြစ်သည့် အောင်ဆန်းသူရိယဗိုလ်တိုက်ခွန်းမွေးဖွားရာ လိုင်ဇိုးရွာကလေးသည် ဖလမ်းမြို့အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ တည်ရှိပါသည်။ ယခုအခါတွင် မြို့နယ်အတွင်း နေထိုင်သူဦးရေ တိုးလာသည်နှင့်အမျှ သဘာဝထင်ရှူးတောကြီးများနှင့် ဂေဟစနစ်များ တစ်စတစ်စ ပျက်စီးလာနေခြင်းကို တွေ့လာရပါသည်။ ဖလမ်းမြို့ကို သစ်တောစိမ်းစိမ်းနှင့် အရောင်လိမ်းခြယ်ဖို့ လိုအပ်လာနေပါပြီ။

ချင်းပြည်နယ်၌ ဇူလိုင်လအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်တွေပြိုပြီး ရေတိုက်စားကာ လမ်းများကွဲအက်ပဲ့ကျ ပျက်စီးကုန်သည်ဟု သိရသည်။ ဖလမ်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ လူနေအိမ်အချို့ တောင်ကျရေနှင့်အတူ တောင်အောက်သို့ မျောပါပြိုလဲကုန်သည်။

မြို့ချင်းဆက်သွယ်ထားသည့် အဝေးပြေးလမ်းများ သွားလာမရအောင် ပြတ်တောက်ပျက်စီးကုန်သည်။ ဖလမ်းမြို့အပါအဝင် ချင်းပြည်နယ်၏ သဘာဝအလှအပနှင့် လူနေမှုဘဝများကို ကိုမန်မုန်တိုင်း၏ ခက်ထန်မှုများက အရှုပ်ဆိုးအကျည်းတန်စေခဲ့သည်။ သဘာဝဘေးဒဏ်ကြောင့် ချင်းပြည်နယ်တစ်ခုလုံး ထိခိုက်ယိုယွင်းမှုကြီးစွာဖြင့် တောင်ပြို ကမ်းပြို ဖြစ်ရသည်။ ပြည်နယ်တစ်ခုလုံးရှိ ၄၀ ရာခိုင်နှုန်းသော တိုင်းရင်းသားညီအစ်ကို မောင်နှမ မိသားစုများ အိုးမဲ့အိမ်မဲ့ စားသောက်စရာမဲ့ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်။

နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားစေတနာရှင် မိဘပြည်သူအပေါင်းတို့၏ ကမ်းလက်များဖြင့် ရပ်တည်နေကြရသည်။ အများပြည်သူတို့၏ အားပေးကူညီထောက်ပံ့မှုတို့ကို အခြေခံ၍ ချင်းပြည်နယ် ပြန်လည်ထူမတ်နိုင်ရေးအတွက် အားယူရုန်းထနေကြရသည်။

သို့ပါ၍ ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့မှု၊ ပြည်နယ်အစိုးရ၏ အားပေးကူညီမှု၊ ပရဟိတအဖွဲ့များနှင့် ပြည်တွင်းပြည်ပ စေတနာရှင် မိဘပြည်သူများ နွေးထွေးသော လက်များနှင့် ခိုင်ခိုင်မြဲမြဲတွဲလျက် မြို့သူမြို့သားများကလည်း ပါဝင်အားစိုက်ပါမှ ဖလမ်းမြို့ကလေးသည် မကြာသော အနာဂတ်တွင် တစ်စတစ်စ ပြန်လည်နိုးထ တိုးတက်လာပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤစာဖြင့် ကျွန်တော့်ရင်ထဲဝယ် ထာဝရရှိနေသော တိမ်ပင်လယ်အထက်က ထင်ဿူးရန့်တွေသင်းနေတဲ့မြို့လေးကို အချိန်တိုအတွင်း ပြန်လည်ထူမတ်နိုင်စေရေး စိတ်ရင်းအမှန်ဖြင့် အလေးထားတိုက်တွန်းရင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

အထက်တန်းကျောင်း ရွှေရတုခန်းမဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ပဲခူး ဇန်နဝါရီ ၂

ပဲခူးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုခန်းမဆောင်သစ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဒေါ်မြင့်မြင့်သန်း၊ အလှူရှင် ဦးဝင်းစိန်နှင့် ဒေါ်ကြည်ကြည်စိန် (စစ်ကောင်းလက်ဖက်ခြောက်) တို့က ရွှေရတုခန်းမဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရွှေရတုခန်းမဆောင်အတွင်း၌ အခမ်းအနား ဆက်လက်ကျင်းပရာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးဝင်းစိန်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်မိသားစုတို့က ရွှေရတုခန်းမဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများနှင့် မှတ်တမ်းဓာတ်ပုံများအား ပညာရေး ဒုတိယညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

၁၉၆၆ ခုနှစ် မေ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် မြောက်ခြင်းကို ဂုဏ်ပြုကြိုဆိုသည့် အထိမ်းအမှတ်ဖြင့် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ (၇)လမ်းနေ အလှူရှင်မိသားစုတို့က အလှူးပေ ၈၀၊ အနံ ၄၃ ပေ၊ အမြင့် ၁၅ ပေရှိ RC သံကူကွန်ကရစ်(တစ်ထပ်) အဆောက် အအုံအား ၂၀၁၄ ခုနှစ် မေ ၂၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ် လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

(၅၈၇)

○○○

ခရီးသွားလုပ်ငန်းများ ပိုမိုနှစ်ခြိုက်လာကြသော မီးပုံးပျံခရီးသွားလုပ်ငန်း



သတင်းဆောင်းပါး- ကျော်ကျော်လွင် (ဟိုတယ်/ခရီး)

ပုဂံဒေသရှုခင်းများကို မီးပုံးပျံများဖြင့် လိုက်ပါကြည့်ရှုနေကြစဉ်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပြီး ကမ္ဘာနှင့်အဝှမ်း သွားလာလည်ပတ်နေကြသည့် ခရီးသွားများမှာလည်း ပိုမိုတိုးတက်များပြားလျက်ရှိပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nation World Tourism Organization - UNWTO) ၏ ထုတ်ပြန်ချက်များအရ ၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နိုင်ငံတကာခရီးသွားဧည့်သည် ၁၁ဝ၈ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်ကထက် ၄ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။ ၎င်းအပြင် မြန်မာနိုင်ငံ ပါဝင်သော အာရှနှင့် ပစိဖိတ်ဒေသ၏ ခရီးသည်ရောက်ရှိမှု အခြေအနေဖော်ပြချက်တွင် ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၄ ဒသမ ၇ ရာခိုင်နှုန်း နှစ်အလိုက်ပိုမိုတိုးတက်လာကြောင်း World Tourism Barometer, August ၂၀၁၅ တွင် ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်မှစ၍ နိုင်ငံခြားသား ခရီးသွားဧည့်သည်ရောက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် ၂၀၄၄၀၇ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၃၀၈၁၄၁၂ ဦးတို့ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ပေါကြွယ်လှသော သဘာဝအရင်းအမြစ်အလှအပများ၊ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးစံများနှင့် မြန်မာလူမျိုးတို့၏ ပျူဌာဖော်ရွေမှုများသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို လာရောက်လည်ပတ်စေရန် ဆွဲဆောင်လျက်ရှိပြီး ခရီးသွားဧည့်သည်များ လည်ပတ်သွားလာနိုင်သည့် ခရီးစဉ်ဒေသအများအပြား ရှိနေသကဲ့သို့ ခရီးသွားလုပ်ငန်း အမျိုးအစားများစွာကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အပန်းဖြေခရီးသွားလုပ်ငန်း၊ ရွေးကောက်ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာသည့် ခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီး ခရီးသွားလုပ်ငန်း၊ အပျော်စီး သင်္ဘောခရီးသွားလုပ်ငန်းနှင့် မီးပုံးပျံခရီးသွားလုပ်ငန်းများမှာ မြန်မာနိုင်ငံတွင် အဓိကဖွံ့ဖြိုးလျက်ရှိသော ခရီးသွားလုပ်ငန်းများဖြစ်သည်။

ၔင်းတို့အနက် မီးပုံးပျံ ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုပိုမိုများပြားလာသော ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားလာပြီး ယခုအချိန်တွင် မန္တလေး၊ ပုဂံနှင့် အင်းလေးဒေသများတွင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးမီးပုံးပျံ ပျံသန်းခြင်းကို ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့သည်။ ပြင်သစ်ရုပ်မြင်သံကြားအတွက် ပုဂံနှင့် အင်းလေးဒေသတွင် မီးပုံးပျံစီး၍ မှတ်တမ်းတင်သတင်းကားရိုက်ကူးလိုကြောင်း ကမ်းလှမ်းခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပုဂံရှေ့ဟောင်းယဉ်ကျေးမှုနယ်မြေနှင့် အင်းလေးဒေသတို့၏ သဘာဝအလှအပတို့ကို မီးပုံးပျံဖြင့် ပျံသန်းမှု အကြိမ်ကြိမ်ပြုလုပ်ကာ မှတ်တမ်းတင်ရုပ်သံရိုက်ကူး၍ ပီပြင်စွာ တင်ဆက်နိုင်ခဲ့သဖြင့် မြန်မာ့အလှကို သိရှိကာ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံသားခရီးသည်များ ပိုမိုလာရောက်ခဲ့သည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်တွင် မီးပုံးပျံလာရောက်စီးနင်းကြသော နိုင်ငံခြားသားဧည့်သည်များမှာ အများအားဖြင့် ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံသားများဖြစ်ကြပြီး အာရှတိုက်မှ ဂျပန်၊ တရုတ်၊ ကိုရီးယား နိုင်ငံသားများလည်း စီးနင်းကြကြောင်း တွေ့ရှိရသည်။ မီးပုံးပျံစီးနင်းသူများလည်း ၂၀၁၀ ခုနှစ်တွင် ၄၈၈၆ ဦးရှိပြီး ၎င်းလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ သုည ဒသမ ၉၇ သန်းရရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် စီးနင်းသူ ၁၃၃၆၂ ဦး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀ သန်းနှင့် ၂၀၁၄ ခုနှစ်တွင် စီးနင်းသူ ၁၇၈၀၂ ဦး ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ သန်းအထိ တိုးတက်လာခဲ့ပါသည်။ မီးပုံးပျံစီးနင်းခြင်းသည် တိမ်များအကြား ရွှက်လွှင့်နေသကဲ့သို့ ခံစားနိုင်ခြင်း၊ ရေပြင်/မြေပြင်တွင်ကဲ့သို့ တုန်ခါမှုလှိုင်းရှိမှုတို့ကို မခံစားရဘဲ ငြိမ်သက်၍ လေဟုန်စီးနိုင်ခြင်း၊ မြေပြင်ရှိ သဘာဝရှုခင်းများကို ကောင်းကင်မှထူးခြားသောခံစားမှုဖြင့် ကြည့်ရှုနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရသည်။

ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မီးပုံးပျံ (Balloons) ပျံသန်း၍ ကောင်းကင်ယံမှ ပုဂံ၏ မြင်ကွင်းအလှကို ခံစားကြည့်ရှုခြင်း အစီအစဉ်ကို ၁၉၉၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် Balloons Over Bagan (ရွှေလေတံခွန်ခရီးသွားလုပ်ငန်း)သည် မီးပုံးပျံ ၁၂ လုံးဖြင့်လည်းကောင်း၊ Myanmar Ballooning Co., Ltd. သည် မီးပုံးပျံ ခြောက်လုံးဖြင့်လည်းကောင်း၊ Golden Express Tour Co,. Ltd. သည် မီးပုံးပျံ သုံးလုံးဖြင့်လည်းကောင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားဧည့်သည်များအနေဖြင့် တည်းခိုနေထိုင်ရေး၌ ငွေကြေးအသင့်အတင့်သာပေးရသော နေရာထိုင်းခင်းများကို ရွေးချယ်ကောင်း ရွေးချယ်နိုင်သော်လည်း ပုဂံဒေသ၏ ရှုခင်းများကို မီးပုံးပျံစီး၍ ကောင်းကင်မှ ကြည့်ရှုခံစားနိုင်သည့် အတွေ့အကြုံရရှိရန်အတွက်မူ တစ်ဦးချင်းစီးနင်းခ ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၅၀ မှ ၃၈၀ ရှိသည့် တိုင်အောင် စီးနင်းသူအများအပြားရှိလာပြီး ကြိုတင်စာရင်းပေးသူများနှင့် ပြည့်နှက်နေသည်ကို တွေ့ရှိရသည်။

Balloon ပျံသန်းရာ၌ ယခုလက်ရှိအချိန်တွင် ခရီးသွားကုမ္ပဏီသုံးခု၏ အစီအစဉ်ဖြင့် ပွင့်လင်းရာသီတွင် တစ်ကြိမ်ပျံသန်းလျှင် ၂၁ လုံးထိ ပျံသန်းလျက်ရှိပါသည်။ မီးပုံးပျံခရီးစဉ်တစ်ခုအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းများအား အသေးစိတ်ရှင်းလင်းတင်ပြရမည်ဆိုလျှင် နေ့စဉ် နံနက် ၃ နာရီခွဲလောက်မှ စတင်၍ ရုံးတွင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရပြီး မီးပုံးပျံမောင်းနှင်မည့် Pilot များ ရောက်လျှင် ပျံသန်းမည့်ကွင်းကို ရွေးချယ်ကြရပါသည်။ မပျံသန်းခင် မီးပုံးပျံတက်ကွင်း၌ ရာသီဥတုအခြေအနေ၊ လေတိုက်နှုန်း၊ လေတိုက်သည့်အရပ်စသည့် အချက်အလက်များကို သိရှိနိုင်ရန် Helium Balloon လွှတ်တင်၍ ဦးစွာစမ်းသပ်ရပါသည်။ ရှေ့မြင်ကွင်း သုံးကီလိုမီတာခန့်ရှင်းလင်းနေမှသာ မီးပုံးပျံပျံသန်းနိုင်ကြောင်း သိရသည်။ ရာသီဥတုအခြေအနေစိတ်ချရသည့် အနေအထား ရောက်မှ Balloon များကိုချ၍ ပျံသန်းရန်အတွက် ပြင်ဆင်ပါသည်။ ထိုကဲ့သို့ Ground Handling အပိုင်း ဆောင်ရွက်သည့်အဖွဲ့က ပြင်ဆင်နေချိန်တွင် လိုက်ပါစီးနင်းမည့် ဧည့်သည်များကို သွားရောက်ကြိုဆိုသည့် အဖွဲ့က ဧည့်သည်များတည်းခိုနေထိုင်ရာ နေရာများသို့ သွားရောက်ကြိုဆိုကြပါသည်။ ယခု ဒီဇင်ဘာလဆိုလျှင် နံနက် ၅ နာရီမှစတင်၍ ကြိုဆိုကြပါသည်။ ပြင်ဆင်နေစဉ်ကာလအတွင်း စီးနင်းမည့် ခရီးသည်များအား နံနက်စာ ကျွေးမွေးခြင်း၊ လက်ဖက်ရည်၊ ကော်ဖီတို့ဖြင့် တည်ခင်းဧည့်ခံခြင်း စသည့် ဝန်ဆောင်မှုများပေးခြင်း၊ Balloon ပျံသန်းစဉ် လုံခြုံမှုအတွက် ဆောင်ရန်ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားခြင်းစသည့် အစီအစဉ်များကို ပြုလုပ်ပါသည်။ မီးပုံးပျံ ပျံတက်ရန် ပူဖောင်းကို ပထမဦးစွာ လေအေး စသွင်းပြီးနောက် ရုံးရိုးသာမန် လေအေးကို လေပူဖြစ်စေရန် မီးမှုတ်သွင်း အပူပေးရင်း ဘောလုံးမှာ တဖြည်းဖြည်း ကြွလာပါသည်။ ယင်းအချိန်တွင် Pilot များသည် ဘောလုံးကို စစ်ဆေးပြီး စိတ်ချသောအနေအထားဖြစ်လျှင် ဧည့်သည်များကို ခြင်းထဲသို့ ဝင်ရောက်စေပါသည်။ ခြင်းထဲတွင် နေရာချထားပြီးပါက ဆင်းသက်သည့်အခါတွင် နေထိုင်ရမည့် အနေအထား ပုံစံကို သရုပ်ပြခြင်းတို့လုပ်ဆောင်ပါသည်။ ၎င်းနောက် မီးပုံးပျံ မောင်းနှင်မည့် Pilot နှင့် မြေပြင်တွင် တာဝန်ယူဆောင်ရွက်ပေးမည့် တာဝန်ခံနှင့် ရေဒီယိုဆက်သွယ်မှု စနစ် စမ်းသပ်ပါသည်။ မီးပုံးပျံ ပျံသန်းနေစဉ်အတွင်း Pilot အနေဖြင့် လေဆိပ်နှင့် ဆက်သွယ်ရန်၊ Operator အချင်းချင်းဆက်သွယ်ရန်၊ မြေပြင်တွင်တာဝန်ယူဆောင်ရွက်ပေးမည့်အဖွဲ့နှင့် ဆက်သွယ်ရန်အတွက် ဆက်သွယ်ရေးစက် သုံးလုံး ယူဆောင်သွားကြရသည်။ မီးပုံးပျံစီးရာတွင် ပုဂံဒေသ၏ ရှုခင်းများကို ကောင်းကင်မှ ၄၅ မိနစ်ခန့်ခံစားကြည့်ရှုနိုင်ပြီး အများဆုံး တစ်နေ့လျှင် နှစ်ကြိမ် ပျံသန်းဝန်ဆောင်မှုပေးနေသည်။ မီးပုံးပျံပျံသန်းမှုပြီးဆုံး၍ မြေပြင်သို့ ပြန်လည်ဆင်းသက်ပြီးပါက မြေပြင်မှ အဖွဲ့က ဘောလုံးများသိမ်းဆည်းခြင်းအလုပ်ကို လုပ်ကိုင်ကြပြီး Pilot များက ဧည့်သည်များကို ဝိုင်အချိုရည်၊ အသီးအနှံများဖြင့် တည်ခင်းဧည့်ခံသည်။ ၎င်းနောက် ကြိုဆိုရေးအဖွဲ့က ဧည့်သည်များ တည်းခိုရာနေရာသို့ ပြန်လည်ပို့ဆောင်ပေးကြောင်း သိရသည်။

Balloons Over Bagan (ရွှေလေတံခွန်ခရီးသွားလုပ်ငန်း)သည် မီးပုံးပျံစီးနင်းမည့် ခရီးသည်များကို Premium Group နှင့် Standard Group ဟူ၍ အမျိုးအစားနှစ်ခု ခွဲထားကြောင်း သိရသည်။ Premium Group အတွက် မီးပုံးပျံ သုံးလုံးရှိပြီး တစ်လုံးလျှင် ခရီးသည် ရှစ်ဦးလိုက်ပါစီးနင်းနိုင်ကြောင်း၊ Standard Group အတွက် ခရီးသည် ၁၂ ဦး လိုက်ပါစီးနင်းနိုင်သော မီးပုံးပျံ တစ်လုံးနှင့် ခရီးသည် ၁၆ ဦး လိုက်ပါစီးနင်းနိုင်သော မီးပုံးပျံ ရှစ်လုံး စုစုပေါင်း ၁၂ လုံးဖြင့် နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ ယခုကာလကဲ့သို့ အေးသောရာသီဥတုတွင် မီးပုံးပျံ ၁၂ လုံးအတွက် လူအပြည့် ၁၆၄ ဦး တင်ဆောင်ပျံသန်းနိုင်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် လူ ၁၅၀ ခန့်သာ တင်ဆောင်နိုင်ကြောင်း သိရသည်။ Balloon တစ်လုံးချင်းစီနှင့် ဧည့်သည်တစ်ဦးချင်းစီအတွက် အာမခံများ ထားရှိပေးထားကြောင်း သိရသည်။ ရွှေလေတံခွန်ခရီးသွားလုပ်ငန်းသည် နှစ်စဉ် အောက်တိုဘာလမှ မတ်လအထိ ခြောက်လတာကာလအတွင်း မီးပုံးပျံ ပျံသန်းပြီး အခြားကုမ္ပဏီများမှာ ခုနစ်လ၊ ရှစ်လအထိ ပျံသန်းကြကြောင်း သိရသည်။

Balloon ရာသီစတင်သည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နှစ်စဉ်လာရောက်စစ်ဆေးမှုများ ပြုလုပ်ကြောင်း သိရသည်။ ၎င်းအပြင် မီးပုံးပျံ ပျံသန်းမှုဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစမ်းသပ်ပြီး Air Operator Certificate (AOC)၊ Advisory Circular (AC) စသည့် လက်မှတ်များကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ Balloon တစ်လုံးကို နာရီပေါင်း ၁၀၀ ပျံသန်းပြီးတိုင်း အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ပြီး ၎င်း၏ ခန့်မှန်းသက်တမ်းမှာ နာရီပေါင်း ၆၀၀ ဖြစ်သည်။ နာရီ ၆၀၀ ပြည့်ပါက အဆိုပါ Balloon အား အသုံးမပြုတော့ဘဲ စွန့်ပစ်ရကြောင်း သိရသည်။

ရွှေလေတံခွန်ခရီးသွားလုပ်ငန်းတွင် Pilot ၁၈ ဦး ရှိပြီး ပျံသန်းချိန် ၄၅ မိနစ်ပြီးတိုင်း အနားပေးကြောင်းနှင့် မောင်းနှင်ရက် ခုနစ်ရက်ပြည့်တိုင်း တစ်ရက် အနားပေးကြောင်း သိရသည်။ ပုဂံဒေသသို့ ရောက်ရှိလာသော Pilot များကို Training Captain များက ထပ်မံသင်တန်းပေးသည့်အပြင် ပျံသန်းချိန်နာရီပေါင်း ၅၀၀ နှင့်အထက် ရှိသော အတွေ့အကြုံရင့် Commercial Pilot များကိုသာ ခေါ်ယူအသုံးပြုပြီး နိုင်ငံတကာတွင် Commercial Pilot တစ်ဦးသည် နာရီ ၁၀၀ ရှိပါက ပျံသန်းခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။ ရွှေလေတံခွန် ခရီးသွားလုပ်ငန်း၏ Pilot များသည် နာရီပေါင်း ၂၀၀၀ မှ ၅၀၀၀ ထိရှိသူများဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါ Pilot များသည် စပိန်နှင့် ဗြိတိန်နိုင်ငံများမှ လိုင်စင်ရရှိထားသူများဖြစ်ကြပြီး Pilot အမျိုးအစားကို A၊ B၊ C၊ D ဟူ၍ လေးမျိုးခွဲခြားထားသည်။ A နှင့် B သည် လူ ရှစ်ဦးမှ ၁၂ ဦးထိ တင်ဆောင်ပျံသန်းနိုင်သည့် အသေးစား Balloon ကို မောင်းနှင်ရသည့် Pilot များဖြစ်သည်။ C နှင့် D သည် လူ ရှစ်ဦးမှ ၁၆ ဦးအထိ တင်ဆောင်ပျံသန်းနိုင်သည့် Balloon များကို မောင်းနှင်ရသည့် Pilot များဖြစ်သည်။ Pilot တစ်ဦးတွင် မီးသတ်၊ ကြက်ခြေနီ၊ ဘာသာစကား၊ ရေဒီယိုဆက်သွယ်ရေး စသည့် ပညာရပ်များကျွမ်းကျင်

စာမျက်နှာ ၃ သို့ » »